ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ စနေနေ့၊ (30-8-2003) (၃၉၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မာတာပိတု ဥပဋ္ဌာနံ တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အား အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးဌာန ဝန်ကြီး **Mr. Arun Shourie** နှင့်အဖွဲ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသိရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Arun Shourie နှင့်အဖွဲ့အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသိရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) **စာမျက်နှာ ၂ ကော်လံ ၆ သို့** ❀

ယနေ့ထုတ် စောင်ရေ ၂၁၀၃၆၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးဌာန ဝန်ကြီး **Mr. Arun Shourie** နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသိရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၃၀-၈-၂၀၀၃
(စနေနေ့)

အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မား တည်ဆောက်ရေးလုပ်ငန်းများတွင်ပါဝင်ကြိုးစား

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီတိုးတက်စေရန် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တည်ဆောက်လျက်ရှိရာတွင် အင်အားများပြားလှသော အမျိုးသမီးစွမ်းအားစုများ အင်တိုက်အားတိုက် ပါဝင်လာနိုင်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဦးဆောင်အကောင်အထည်ဖော်နိုင်စေရန် စနစ်တကျ ဖွဲ့စည်းဖြည့်ဆည်း ကူညီပေးလျက်ရှိသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို နိုင်ငံတော်ပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများကို ကိုယ်စားပြုသူများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲသူများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသည် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများကို တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး စွမ်းဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အမျိုးသားရေးလှုပ်ရှားမှုများတွင် သွက်လက်ထက်မြက်စွာ ပါဝင်စွမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေသည် အင်အားပမာဏကြီးမားသော စွမ်းအားစုကြီးအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်တွင် မျိုးချစ်စိတ်ပြင်းထန်ပြီး စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် အနုပညာရှင်များအဖြစ် ပေါ်ထွက်ခဲ့ကြောင်း တွေ့ရသည်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်က အမျိုးသမီးများအတွက် ထိရောက်သောမူဝါဒချမှတ်ပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။ နိုင်ငံတော်က တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ထွန်းအောင်မြင်လာစေရန် အားပေးချီးမြှောက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များတွင် ထူးချွန်ထက်မြက်သည့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များစွာ ပေါ်ထွက်လာသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

ဆောက်လုပ်ရေးကဏ္ဍတွင်လည်း အမျိုးသမီးအင်ဂျင်နီယာများ ပါဝင်ဆောင်ရွက်လျက်ရှိကြရာ စွမ်းဆောင်အောင်မြင်မှုများ ပိုမိုတိုးတက်ရရှိရေး ကြိုးပမ်းလျက်ရှိသည်။ ဖေဖော်ဝါရီလအတွင်းက ပဲခူးတိုင်းအတွင်း ဖွင့်လှစ်ခဲ့သည့် ရဲနွယ်တံတားကို အမျိုးသမီးအင်ဂျင်နီယာများက ဆောက်လုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း ပထမဆုံး အမျိုးသမီးအင်ဂျင်နီယာများ ဦးစီးဆောက်လုပ်နိုင်ခဲ့သည့် တံတားဖြစ်သည်။

ယခုတစ်ဖန် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းတွင် အမျိုးသမီးအင်ဂျင်နီယာများ ပါဝင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ပေါင်းလောင်း ဘက်စုံစီမံကိန်းသည် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ပေးနိုင်မည့်အပြင် စိုက်ပျိုးမြေဧက ၃၅၀၀၀ ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည့် စီမံကိန်းကြီးဖြစ်သည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများမှာ မြေအောက်ပေ ၄၀၀ ကျော် အနက်တွင် ရေလွှဲဥမင်လိုဏ်နှင့် ရေယူအဆောက်အအုံများ၊ ဆက်စပ်ဥမင်လိုဏ်များ၊ မြေအောက်ဓာတ်အားပေးစက်ရုံတို့ကို ဆက်စပ်ဖောက်လုပ်တည်ဆောက်နေသော လုပ်ငန်းများဖြစ်သည်။

ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းတွင် အမျိုးသမီး အင်ဂျင်နီယာအဖွဲ့က ဥမင်များဖောက်လုပ်ခြင်း၊ ရေလွှဲအဆောက်အအုံ၊ ရေဝင်အဆောက်အအုံ၊ ဖိအားမြင့်ပိုက်လိုင်းတစ်လျှောက် ကွန်ကရစ်လုပ်ငန်း၊ မြေအောက်ဓာတ်အားပေးစက်ရုံ စသည့်လုပ်ငန်းများကို မြို့ပြအင်ဂျင်နီယာများနှင့်ပူးတွဲ၍ စွန့်စွန့်စားစား ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြသည်။

သို့ဖြစ်ရာ ဘက်စုံ၊ ကဏ္ဍစုံရှိ အသိပညာရှင်၊ အတတ်ပညာရှင် အမျိုးသမီးများသည် မိမိတို့အမျိုးသမီးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားနေစေရေးအတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းအသီးသီးတွင် အားမာန်အပြည့်အဝဖြင့် ဆက်လက်ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ အလှူငွေများပေးအပ်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ Women's Federation for World Peace (WFWP) Japan Tokyo 7th District Federation နှင့် WFWP Japan Shizuoko District Federation တို့က အမေရိကန်ဒေါ်လာ ၂၅၀၀ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါ အသင်းအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသို့ Women's Federation for World Peace (WFWP) Japan Tokyo 7th District Federation မှ အမှုဆောင် အတွင်းရေးမှူး Mrs. Yamada Miyuki က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀ကိုပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ WFWP Japan Tokyo 7th District Federation မှ အမှုဆောင် အတွင်းရေးမှူး Mrs. Yamada Miyuki က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသို့ အမေရိကန်ဒေါ်လာ ၂၀၀၀ ကိုလည်းကောင်း၊ ကျောက်တန်းမြို့နယ်၌ ဆောင်ရွက်လျက်ရှိသော အာဟာရ ဖွံ့ဖြိုးမှုအစီအစဉ်အတွက် WFWP Japan Shizuoko District Federation မှ ဥက္ကဋ္ဌ Mrs. Katayama Fumi က အမေရိကန်ဒေါ်လာ ၅၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia လည်းတက်ရောက်သည်။

(သတင်းစဉ်)

ပါတီမောက်အစိပ္ပာယ် စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၉

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲဖြေဆိုကြမည့်ရဟန်းသာမဏေများ လက်စွဲပြုရမည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အရှင်စန္ဒာဓောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ် ရေးသားပြုစုသော အစိုးရပါဠိပထမပြန်စာမေးပွဲ တန်းပေါင်းစုံအတွက် အထူးထုတ် ပါတိမောက် အဓိပ္ပာယ် စာအုပ်ကို ရွှေတိဂုံဘုရား တောင်ဘက်မုခ် ဈေးတော်ရှံ အမှတ်(၁၉) ရွှေမီးအိမ်စာပေက တစ်ပြည်လုံးသို့ ဖြန့်ချိရာ ယင်းစာအုပ်၌ ဆရာလွတ် လေ့လာနိုင်မည့် ပါတိမောက် ကျမ်းရင်းအဓိပ္ပာယ်များ၊ အစိုးရပါဠိပထမပြန်စာမေးပွဲ နှစ်ပေါင်း ၄၀ကျော် ပုစ္ဆာအဖြေများ ပါရှိပြီး ရွှေတိဂုံဘုရားရှိ စာအုပ်ဆိုင်များ၊ မန္တလေးဈေးချိုတော်ရှိ စာအုပ်ဆိုင်များနှင့် ထွန်းဦးစာပေတို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်း နည်းပညာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ဩဂုတ် ၂၆ရက်က သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်း နည်းပညာဆွေးနွေးပွဲများ ကျင်းပရာ နံနက်ပိုင်းတွင် ပြည်ခရိုင်၌ ပြုလုပ်သည့် အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းက လည်းကောင်း၊ ညနေပိုင်းတွင် သာယာဝတီခရိုင်၌ ကျင်းပသော အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်က လည်းကောင်း တက်ရောက်ပြီး အဖွင့်အမှာစကား အသီးသီးပြောကြားကြသည်။

ဆွေးနွေး

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေအသုံးချရေးဌာနခွဲမှ လက်ထောက်မန်နေဂျာ ဒေါက်တာချိုချိုထွန်းနှင့် အထွေထွေမန်နေဂျာ ဒေါက်တာညီညီတို့က လယ်ယာထွက်ကောက်ရိုးများကို စနစ်တကျ မြေဆွေးပြုလုပ် သုံးစွဲခြင်းဖြင့် အထွက်နှုန်း တိုးစေနိုင်ကြောင်း၊ ထို့အပြင် သဘာဝမြေဩဇာများဖြစ်သည့် ပြည်တွင်းထွက် အဖိုလာရေကျောက်ခက်များကို ကျယ်ပြန့်စွာ တွဲဖက်သုံးစွဲခြင်းဖြင့် အထွက်နှုန်းတိုးစေနိုင်သဖြင့် အဖိုလာရေကျောက်ခက်ကို သုံးစွဲရန် တို့ကို ဆွေးနွေးကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် တက်ရောက်လာကြသော တောင်သူလယ်သမားများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာနှင့် ခရိုင်မန်နေဂျာများသည် ခင်းကျင်းပြသသည့် သဘာဝမြေဩဇာများနှင့် ဇီဝမြေဩဇာများ၊ ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးကြပ်ထုတ်လုပ်သည့် ခေတ္တရာ အသင့်သုံးမြေဩဇာများ၊ မိုးစပါးနှင့်ပတ်သက်၍ အသင့်တော်ဆုံး ထုတ်လုပ်မှုပမာဏဆီသို့ ရောက်ရှိရေး (RTOP)သို့ ဦးတည်သည့် နည်းစနစ်စမ်းသပ်ကွက်များကို လေ့လာကြည့်ရှုခဲ့သည်။ (သတင်းစဉ်)

လှိုင်မြို့နယ် အထက(၄)၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက်က ပြုလုပ်ရာ တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံ ဂုဏ်ထူးရရှိသော မောင်ငြိမ်းချမ်းကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်က ဆုချီးမြှင့်စဉ်။

(က-ပ)

ဒါတွေကို သိဖို့လိုတယ်

✻ မြှောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

အမေရိကန်က အီရတ်နိုင်ငံတွင် အမှားအယွင်းများစွာ လုပ်ခဲ့ အမေရိကန်စစ်ဌာနချုပ်၏ အကြံပေးပုဂ္ဂိုလ် ရစ်ချက်ပါလီကပြောကြား

နိုင်ငံခြား သတင်းများ

ပါရီ ဩဂုတ် ၂၈

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံတွင် အမှားအယွင်းများစွာ လုပ်ဆောင်ခဲ့ကြောင်း၊ သို့ဖြစ်၍ နိုင်ငံရေးအာဏာကို အီရတ်နိုင်ငံသားများထံသို့ အမြန်ဆုံး လွှဲပြောင်းပေးအပ်သင့်ကြောင်း ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန် အမေရိကန်စစ်ပွဲဖန်တီးသူနှင့် အမေရိကန်စစ်ဌာနချုပ်၏ အကြံပေးပုဂ္ဂိုလ် ရစ်ချတ်ပါလီက ပြောကြားလိုက်သည်။

မိမိသဘောထား ပြောရပါက အီရတ်စစ်ပွဲမဖြစ်ပွားမီက အီရတ်နိုင်ငံသားများနှင့် မိမိတို့ ထဲထဲဝင်ဝင် လုပ်ငန်းဆောင်ရွက်ရန် မစီစဉ်နိုင်ခဲ့သည်မှာ မိမိတို့ အဓိကအမှားကြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ အီရတ်နိုင်ငံသားတို့က ရုတ်တရက်ချောင်းမြောင်း တိုက်ခိုက်နိုင်စွမ်းရှိသည့် အတိုက်အခံပြုမှုများပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း ပါလီက ပြောကြားသည်။

ယနေ့အဖြေမှာ အီရတ်ပြည်သူများအား အမြန်ဆုံး အာဏာလွှဲအပ်ရေးပင်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ပါလီက အမေရိကန်စစ်ဌာနချုပ်၏ ကာကွယ်ရေးမူဝါဒဆိုင်ရာ ဘုတ်အဖွဲ့ဥက္ကဋ္ဌမှ အကျိုးစီးပွားနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပွားဖွယ်ရှိသည့် ကိစ္စကြောင့် ရာထူးမှ အနားယူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် လက်သစ် ကွန်ဆာဗေးတစ်ပါတီ အသိုက်အဝန်းတွင် ဩဇာတိက္ကမရှိသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဆက်လက်တည်ရှိနေသေးသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နှစ်ဦး သေဆုံးခဲ့ရသည့်ကိစ္စ ဒိန်းမတ် ကာကွယ်ရေးဝန်ကြီး ပြစ်တင်ခံရ

ကိုပင်ဟေဂင် ဩဂုတ် ၂၈

ဒိန်းမတ်စစ်သားများက သတ်ဖြတ်သည့် အီရတ်နှစ်ဦး၏ ကျန်ရစ်သောမိသားစုများအား လျော်ကြေးပေးမည်ဖြစ်ကြောင်း ဒိန်းမတ်စစ်တပ်က ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဆောင်ရွက်ပုံ ညံ့ဖျင်းသည်ဆိုကာ ဒိန်းမတ်ကာကွယ်ရေးဝန်ကြီးအား ရာထူးမှထွက်ပေးရန် အတိုက်အခံတို့က တောင်းဆိုစဉ် ဒိန်းမတ်စစ်တပ်က အထက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ဒေသဆိုင်ရာ အီရတ်ခေါင်းဆောင်များနှင့် ညှိနှိုင်းပြီး မလေ့ထုံးတမ်းအရ ၎င်းတို့အား ဒိန်းမတ်ကရောင်း ၈၀၀၀၀ ပေးရန် စီစဉ်ထားကြောင်း ဒိန်းမတ်စစ်တပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဩဂုတ် ၁၆ရက်က ဘာဆရာမြို့အနောက်ဘက်တွင် ဒိန်းမတ်စစ်သားများက ပုံမှန်ကင်းလှည့်စဉ် အီရတ်နှစ်ဦး အသတ်ခံလိုက်ရခြင်းဖြစ်သည်။ ပထမတွင် လုယက်သူများနှင့် တိုက်ပွဲဖြစ်ပွားသည်ဟု စောစောပိုင်းက ဖော်ပြသည်။

အသတ်ခံရသည့် အီရတ်များမှာ လုယက်သူများမဟုတ်၊ လက်နက်မဲ့တံငါသည်များဖြစ်ကြောင်း ဒိန်းမတ်မီဒီယာက တနင်္ဂနွေနေ့တွင် မကြေညာမီအထိ ဒိန်းမတ်အစိုးရက ဒိန်းမတ်စစ်သားများနှင့် အီရတ် လုယက်သူများ တိုက်ပွဲဖြစ်သည်ဟု အခိုင်အမာ ပြောနေဆဲဖြစ်သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပါလီမန်ကော်မတီက တနင်္လာနေ့တွင် မေးမြန်းသောအခါ ထိုနေ့နံနက်စောစောပိုင်းကမှ အီရတ်များမှာ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည်ကို မိမိ လေ့လာသိရှိရပါသည်ဟု ကာကွယ်ရေးဝန်ကြီး ဆဗင်အေဂျင်စဘီက ပြောကြားကြောင်း သိရသည်။ *အင်တာနက်။*



(ဩဂုတ် ၂၆ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာ ခါလစ်မြို့တွင် နေအိမ်များအား စီးနင်းဝင်ရောက်ရှာဖွေရာ ခြံဝင်းတစ်ခု၌ အီရတ်နိုင်ငံသားနှစ်ဦးအား မှောက်ခိုင်းပြီး အမေရိကန်တပ်သားနှစ်ဦးက စစ်ဆေး မေးမြန်းနေစဉ်။ (အဝေးမှ ထိုင်၍ လှမ်းကြည့်နေသူများမှာ မိသားစုဝင်များ ဖြစ်ကြသည်။)

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်စစ်သည်များ စိတ်မတည်မငြိမ်ဖြစ်နေ ပြောက်ကျားခုခံတိုက်ခိုက်မှု စုစည်းမှုရှိသည့် သဘောတွေ့ရ

ဘဂ္ဂဒက် ဩဂုတ် ၂၈

လွန်ခဲ့သော ဗုဒ္ဓဟူးနေ့က သီးခြားစီဖြစ်ပွားခဲ့သော တိုက်ခိုက်မှုနှစ်ခုတွင် အမေရိကန်စစ်သားနှစ်ဦး သေဆုံးသွားပြီး ငါးဦးဒဏ်ရာရရှိသွားသည်။ စစ်သည်သေဆုံးမှု များပြားလာသည့်အတွက် အမေရိကန်စစ်သားများမှာ သောကမအေးဘဲ ဖြစ်နေကြပြီး မတွေ့မမြင်ရသော ရန်သူကို လက်တုံ့ပြန်နိုင်ခြင်းမရှိသည့်အတွက် မချင့်မရဲ ဒေါသထွက်လျက်ရှိကြသည်ဟု ဆိုသည်။

ဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့ အနောက်ဘက်မိုင် ၄၀ ကွာဝေးသော ဖော်လူဂျာမြို့အနီးတွင် သွားနေစဉ် နံနက် ၇နာရီ ၁၀မိနစ်အချိန်က လမ်းမပေါ်၌ ထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲရာ စစ်ယာဉ်တန်းဖြင့် သွားနေသော အမှတ်(၃) သံချပ်ကာ ယန္တရားတပ်မှ စစ်သည်တစ်ဦးသေဆုံးသွားပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်သူက ပြောကြားသည်။ အထက်ပါဗုံးပေါက်ကွဲပြီးနောက် နာရီဝက်ခန့်အကြာတွင် ဘဂ္ဂဒက်မြို့၌ ဗုံးတစ်လုံးပေါက်ကွဲပြန်ရာ အမှတ်(၂၀၅)ထောက်လှမ်းရေးတပ်မှ စစ်သည်တစ်ဦး သေဆုံးသွားပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားသည်ဟု စစ်ဘက်သတင်းများက ဆိုသည်။

၂၈၁ဦး

မတ် ၂၀ ရက် အီရတ်စစ်ပွဲစတင်ချိန်မှ ရေတွက်လျှင် သေဆုံးခဲ့ရသော အမေရိကန်စစ်သား စုစုပေါင်းမှာ ၂၈၁ ဦးရှိသွားပြီဖြစ်သည်။ မေ ၁ ရက်တွင် အမေရိကန်သမ္မတဘုရှ်က အီရတ်၌ စစ်ပွဲကြီးများ ပြီးသွားပြီဟု ကြေညာခဲ့ပြီးချိန်မှစ၍ အမေရိကန်စစ်သားသေဆုံးမှုမှာ ၁၄၃ ဦး ရှိသွားပြီဖြစ်သည်။ ယင်းအနက် စစ်သား ၆၆ ဦးမှာ တိုက်ပွဲများအတွင်း သေဆုံးသွားခြင်းဖြစ်သည်။ စစ်သား ၇၇ဦးမှာ တိုက်ခိုက်မှုနှင့် မသက်ဆိုင်သော အကြောင်းများကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ စစ်ပွဲ စတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ ဒဏ်ရာရသွားသော အမေရိကန်စစ်သား စုစုပေါင်းမှာ ၁၀၀၀ ကျော်သွားပြီဟု သိရသည်။

အသက် ၃၀အရွယ်ရှိ စစ်သားဘော့ဟော့မင်၌ အမှတ်(၁) သံချပ်ကာတပ်မတွင် တာဝန်ထမ်းဆောင်နေသော တင်နက်ဆီပြည်နယ် မင်ဖစ်မှ စစ်သားတစ်ဦးဖြစ်ပြီး ၎င်းလိုက်ပါလာသော စစ်ယာဉ်တန်းမှာ ပြီးခဲ့သော သီတင်းပတ်က လက်လုပ်ဗုံးဖြင့် အတိုက်ခိုက်ခံခဲ့ရရာ စစ်သားသုံးဦး ဒဏ်ရာရသွားသည်။

စိတ်မငြိမ်မသက်

ဟော့မင်က ကျွန်တော်တို့ အတော်စိတ်မငြိမ်မသက် ဖြစ်နေကြတယ်။ ကျွန်တော်တို့ အီရတ်ကိုရောက်တော့ အခြား အမေရိကန်တပ်ဖွဲ့ဝင်တွေ အတိုက်ခိုက်ခံရလို့ ထိခိုက်တာ၊ သေကျေတာကို ရေဒီယိုက တစ်ဆင့်ကြားသိနေကြရတယ်။ အခုတော့ ဒီအဖြစ်အပျက်တွေဟာ ကျွန်တော်တို့ တပ်ဖွဲ့ဆီကို ရောက်လာပါပြီဟု ပြောပြသည်။

အီရတ် တိုက်ခိုက်ရေးသမားများသည် သိမ်းပိုက်ရေးတပ်များကို တိုက်ခိုက်ရာ၌ လက်လုပ်ဗုံးများကို အများဆုံး သုံးစွဲတိုက်ခိုက်သည်။ ထိုလက်လုပ်ဗုံးများမှာ သာမန်အားဖြင့် လက်ပစ်ဗုံးနှစ်လုံးတွဲ၍ ပြုလုပ်ထားသော ဗုံးအမျိုးအစားမှသည် ပိုမိုပြင်းထန်သည့် အမြောက်ဆန်များ၊ ဗုံးမော်တာ ဗုံးသီးများအထိ ဖြစ်နေနိုင်သည်။

ထိုဗုံးများကို နေရာတကာတွင် ဖုံးကွယ်သိုဝှက်ထားနိုင်သည်။ ယာဉ်အပျက်များ၊ ဆိုဒါဘူးခွံများ၊ အမှိုက်ပုံးများ၊တိရစ္ဆာန်အသေကောင်များစသည့် နေရာတကာတွင် ဝှက်၍ ထောင်ထားနိုင်သည်။ ပြီးခဲ့သော သီတင်းပတ်က ဗုံးများမှာပို၍ ခေတ်မီလာသည်ဟု ဆိုသည်။ ဝါယာကြိုးနှင့်ဆက်၍ ထောင်ရသော ဗုံးများအစား အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲရသောဗုံးများကို သုံးလာပြီး ပေါက်ကွဲအားမှာလည်း ပိုမိုပြင်းထန်လာသည်ကို တွေ့ရသည်ဟု စစ်သားများက ပြောကြသည်။

ယခုအခါ တိုက်ခိုက်ကြရာ၌ ပေါက်ကွဲစေသော ဗုံးများ၊ ဒုံးပစ်လောင်ချာများ၊ လက်နက်ငယ်များကို တွဲဖက်အသုံးပြုလာကြသည်ကို တွေ့ရသည်။ ထိုအချက်က အမိန့်ပေးစနစ်နှင့် ထိန်းချုပ်မှုများ စုစည်းမှုရှိနေသည်ကို ညွှန်ပြနေသည်။ သို့သော်လည်း အာဏာပိုင်များက တိုက်ခိုက်မှုများမှာ အစုငယ်များ၏ တိုက်ခိုက်မှုသာဖြစ်သည်ဟု ဆိုနေကြဆဲဖြစ်ကြောင်း စစ်ဘက်အရာရှိများက ပြောကြားသည်။

အင်တာနက်။

တပ်ဆင်ပေး

ဩဂုတ် ၂၆ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ယဉ်ကျေးမှုပြတိုက် မြက်ခင်းပြင်တွင် အင်္ဂါဂြိုဟ် နီးကပ်လာနေပုံကို ကြည့်ရှုလိုသူများအတွက် ကားတစ်စီးပေါ်တွင် အဝေးကြည့်မှန်ပြောင်း တပ်ဆင်ပေးထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်္ဂါဂြိုဟ်ဖြတ်သန်းမှု ဂျပန်တွင်မှတ်တမ်းတင်

တိုကျို ဩဂုတ် ၂၉

အင်္ဂါဂြိုဟ်သည် နှစ်ပေါင်းခြောက်သောင်းအတွင်း ကမ္ဘာနှင့် အနီးဆုံးအနေအထားမှ ဖြတ်သန်းသွားသည်ကို ဂျပန်နိုင်ငံတစ်ဝန်းမှ နက္ခတ်တာရာစိတ်ဝင်စားသူများ စုဝေးစောင့်ကြည့်ခဲ့ကြသည်။

အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့် ကီလိုမီတာ ၅၅ သန်းခန့်အကွာအဝေးမှနေ၍ ဗုဒ္ဓဟူးနေ့က ဖြတ်သန်းသွားခဲ့သည်ကို အဝေးကြည့်မှန်ပြောင်းများဖြင့် လည်းကောင်း၊ တီဗွီမော်နီတာများမှတစ်ဆင့်လည်းကောင်း သေချာစွာ လေ့လာကြည့်ရှုမှတ်တမ်းတင်ခဲ့ကြကြောင်း အင်န်အိပ်ချ်ကေ သတင်းဌာနက တင်ပြသွားသည်။

အင်န်အိပ်ချ်ကေ။

ကိုလံဘီယာ ပျက်ကျမှု နာဆာကို ဝေဖန်

ဝါရှင်တန် ဩဂုတ် ၂၉

အာကာသလွန်းပျံယာဉ် ကိုလံဘီယာ ပျက်ကျမှုသည် နာဆာအဖွဲ့အတွင်း ဆုံးဖြတ်ချက်များ ဆောင်ရွက်ရာတွင် အရိုးစွဲနေသည့် အပြုအမူများကြောင့် ဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားခဲ့သည်။

ကိုလံဘီယာ ပျက်ကျရမှုအပေါ် နည်းပညာပိုင်းအရ ဆုံးဖြတ်ချက်သည် လွန်းပျံယာဉ်၏ ပြင်ပလောင်စာကန်မှ ပြုတ်ထွက်လာသည့် ရေမြှုပ်အပိုင်းအစကြောင့်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

စုံစမ်းရေးအဖွဲ့က နာဆာ၏ လုံခြုံရေးဆိုင်ရာ စည်းမျဉ်းများ လျော့ပါးလာမှုအပေါ် ဝေဖန်ခဲ့ပြီး လုံခြုံရေးဆိုင်ရာ အကြံပေးအဖွဲ့တစ်ဖွဲ့ကို နာဆာအတွင်း သီးခြားလွတ်လပ်စွာ ဖွဲ့စည်းရန် တောင်းဆိုခဲ့သည်။ *စီအင်န်အင်န်။*

အမေရိကန်တို့ ကျူးကျော်ရန်သာသိပြီး အီရတ်အခြေအနေကို ကြိုတင်မတွက်ချက်ခဲ့

ဘဂ္ဂဒက် ဩဂုတ် ၂၉

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်သည့် စီးပွားရေး ဦးမော့လာစေရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ စီးပွားရေးဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ဂျက်ဖရီဆက်စ်အား မေးမြန်းရာတွင် အမေရိကန်တို့က ကျူးကျော်မှုကိုသာပြုတတ်ပြီး ဖြစ်ပေါ်လာမည့် အခြေအနေများကို ကြိုတင်မတွက်ချက်ခဲ့ပုံကို ယခုဖြစ်ပေါ်နေသည့် လုံခြုံရေးကင်းမဲ့မှုများက သက်သေပြနေကြောင်း ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့ရှိ သမ္မတ နန်းတော်ဟောင်းတစ်ခုတွင် ရုံးစိုက်ထားသည့် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များ၏ ယာယီအုပ်ချုပ်ရေး (စီပီအေ) အဖွဲ့ရုံးရှေ့တွင် ဩဂုတ် ၂၉ ရက်က ဘဂ္ဂဒက်မြို့မှ ရှီးယားမွတ်စလင်များက ဆန္ဒပြကြွေးကြော်နေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်အား အမေရိကန်တို့၏ ကျူးကျော်မှုသည် တရားမဝင်ကြောင်း၊ ထို့ကြောင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ရန် အခြေအနေမရှိသကဲ့သို့ အခြေခံ အဆောက်အအုံများပင် ပြန်လည်ပြုပြင်၍ မရနိုင်ကြောင်းထောက်ပြခဲ့သည်။

အမေရိကန်တို့ အီရတ်မှ ထွက်ခွာပေးမှသာ အခြေအနေများ ကောင်းမွန်လာနိုင်ကြောင်း၊ ကုလသမဂ္ဂသည် အီရတ်နိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များသာမက အခြားပြန်လည်ထူထောင်ရေးကိစ္စရပ်များ၌ပါ ဦးဆောင်ပါဝင်သင့်ကြောင်း၊ အမေရိကန်တို့အနေဖြင့် အကြီးအကျယ်ဆုံး အမှားတစ်ရပ်ကို ကျူးလွန်ပြီးသည့်နောက် ပြဿနာကိုဖြေရှင်းရန် လွယ်ကူသည့်ဖြေရှင်းနည်း လုံးဝမရှိကြောင်း၊ အမေရိကန်တို့သည် အီရတ်လူမျိုးများ၏ နှစ်သက်မှုကို မရရှိသည့်အပြင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအတွက် တစ်လလျှင် လေးဘီလျံဒေါ်လာနှုန်း ကုန်ကျမှုသည်လည်း အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးအပေါ် ကြီးမားသည့် အကျိုးသက်ရောက်မှု ဖြစ်ပေါ်နေကာ လူထု၏ ဆန္ဒသဘောထားအပေါ်တွင်လည်း အလားတူ သက်ရောက်နိုင်ကြောင်း ဂျက်ဖရီဆက်စ်က ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင်းမှ အမေရိကန်တပ်ဖွဲ့များဆုတ်ခွာပေးပြီး ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများကို အီရတ်တွင် ဦးဆောင်ခွင့်ပေးမှသာ အီရတ်ပြဿနာ ပြေလည်သွားနိုင်မည်ဖြစ်ပြီး အီရတ်တွင်ဦးဆောင်သည့် အစိုးရအဖွဲ့တစ်ရပ် အမြန်ဆုံး ဖွဲ့စည်းနိုင်ရေးသည်လည်း အရေးကြီးကြောင်း ထောက်ပြပြောဆိုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက တင်ပြသွားသည်။ ***စီအင်န်အင်န်။***

ရွှေကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

အီရတ်တွင် လုံခြုံရေးအခြေအနေ အမြင့်ဆုံးအဆင့်သို့ ရောက်နေ ပြည်သူလူထုမှာ စိုးရိမ်ပူပန်မှုနှင့်ယှဉ်ကာ နေထိုင်ကြရဆဲ

ဘဂ္ဂဒက် ဩဂုတ် ၂၈

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဟိုတယ်တစ်လုံးတွင် တည်းခိုလျက်ရှိသော အနောက်တိုင်းသားများသည် အင်္ဂါနေ့ညက ပျင်းရိငြီးငွေ့စွာဖြင့် ရှိနေကြစဉ် ဟိုတယ်ရေကူးကန်၏ တံတိုင်းများမှ မဝေးကွာသောနေရာတွင် ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အီရတ်လူမျိုးတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ရပြီး အခြားအီရတ်လူမျိုးတစ်ဦးမှာမူ ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။

ဤကဲ့သို့သော ဖြစ်ရပ်မျိုးမှာ အီရတ်နိုင်ငံတွင် ထူးဆန်းခြင်း မရှိတော့သည့်ဖြစ်ရပ်တစ်ခုပင် ဖြစ်သည်။ သို့ရာတွင် အီရတ်နိုင်ငံသို့ ရောက်ရှိနေသော အနောက်တိုင်းသားများမှာ လွန်ခဲ့သည့် ရက်သတ္တပတ်က မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးတွင် လူ ၂၃ ဦးထက်မနည်း သေဆုံးစေခဲ့သော တိုက်ခိုက်မှုအတွက် ပိုမို၍တုန်လှုပ်ချောက်ချားမှုဖြစ်ကြပုံရသည်။

အာမခံချက်မရှိ

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံတကာ အကူအညီပေးရေးလုပ်သားအချို့သည် ၎င်းတို့၏ အသက်ဘေးအန္တရာယ် လုံခြုံရေးအတွက် အာမခံချက်မရှိသည့် အခြေအနေကြောင့် အီရတ်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ရင်ဆိုင်နေကြရ

စစ်ပြီးခေတ်လွန်ကာလ အီရတ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှု ပျက်ပြားလျက်ရှိစဉ် အီရတ်လူမျိုး အများစုမှာမူ နိုင်ငံမှ ထွက်ခွာသွားရန် မဖြစ်နိုင်သည့် အခြေအနေတွင်ရှိနေပြီး ဗုံးဖောက်ခွဲမှုများ၊ လူပြန်ပေးဆွဲမှုများ၊ မော်တော်ကားပြန်ပေးဆွဲမှုများစသည့် အနိဋ္ဌာရုံများနှင့် ရင်ဆိုင်နေကြရသည်။ အီရတ်ပြည်သူလူထု အများစုမှာ စိုးရိမ်ထိတ်လန့်မှုနှင့် ယှဉ်ကာနေထိုင်ကြရပြီး အမေရိကန်တပ်ဖွဲ့သည် အသိမ်းပိုက်ခံ အီရတ်နိုင်ငံတွင် လုံခြုံရေးတိုးတက်အောင် လုပ်ဆောင်ပေးနိုင်မည်မဟုတ်ဟု ထင်မြင်ယူဆကြသည်။

တွေ့ကြုံနေရ

အီရတ်နိုင်ငံကို အုပ်ချုပ်နေသော အမေရိကန်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများကမူ အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရရှိလာပြီဟု ဆိုသော်လည်း အီရတ်လူမျိုးများမှာမူ လုံခြုံမှုကင်းမဲ့နေမှုကို ဖော်ပြသော ဖြစ်ရပ်များနှင့်သာလျှင် တွေ့ကြုံနေရသည်။အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန် အစိုးရလက်ထက်၌ လုံခြုံအေးချမ်းစွာ နေထိုင်ခဲ့ကြမှုကို ပြည်သူလူထုက တမ်းတနေကြရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံတွင် သတ်ဖြတ်နေမှုများကိုရပ်ပစ်ပါ ဟူသောစာတန်းကို ကိုင်ဆောင်ထားသည့် ပါကစ္စတန် ကလေးမလေးတစ်ဦး ဩဂုတ် ၂၆ ရက်တွင်ကာရာချိမြို့၌ ကျင်းပသည့် အမေရိကန် ဆန့်ကျင်ရေး လူထု အစည်းအဝေးတွင် ပါဝင်ဆင်နွှဲနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒေါ်လာခုနစ်သန်းခွဲဖိုးရှိ ဘိန်းဖြူ ၄၆၆ ကီလို ဗီယက်နမ်တွင်ဖမ်းမိ

ဟနွိုင် ဩဂုတ် ၂၈

ဗီယက်နမ်နိုင်ငံသည် ဘိန်းဖြူအများဆုံးကို သိမ်းဆည်းမိပြီး အမေရိကန်ဒေါ်လာ ခုနစ်သန်းခွဲ တန်ဖိုးရှိ ဘိန်းဖြူ ၄၆၆ ကီလို မှောင်ခို တင်သွင်းမှုဖြင့် စွပ်စွဲခံရသည့် လူရှစ်ဦးကို ဖမ်းဆီးလိုက်သည်။

လွန်ခဲ့သည့် သီတင်းပတ်နောက်ပိုင်းက ဖမ်းဆီးမိခဲ့သည့် အဆိုပါ လူရှစ်ဦးသည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံး မူးယစ်ဆေးဝါးဂိုဏ်းနှင့် ဆက်နွှယ်နေသည်ဟု ဟိုချီမင်းမြို့ မူးယစ်ဆေးဝါး နှိမ်နင်းရေးအရာရှိက ရိုက်တာသတင်းဌာနသို့ ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဘိန်းဖြူ ၄၆၆ ကီလိုကို အထုပ်ပေါင်း ၁၄၀၀ ထုပ်ကာ အရောင်းအဝယ်ပြုလုပ်ခဲ့ကြသည်ဟု ၎င်းတို့က အစစ်ခံခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်နေသေးသည့်အတွက် ၎င်းတို့အား ရုံးတင်စစ်ဆေးမည့်နေ့ရက်ကို မသတ်မှတ်ရသေးကြောင်း အဆိုပါ အရာရှိက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဒေါက်တာ ကယ်လီသေဆုံးမှု တိုနီဘလဲ သက်သေထွက်ဆို ဘီဘီစီသတင်းခိုင်လုံပါက ရာထူးမှနုတ်ထွက်မည်ဟုဆို

လန်ဒန် ဩဂုတ် ၂၈

သိပ္ပံပညာရှင် ဒေါက်တာဒေးဗစ်ကယ်လီသေဆုံးရမှုကို ဦးတည်သောဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းရေးကော်မရှင်၏ မေးမြန်းချက်များကို ဖြေကြားရန် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် ဩဂုတ် ၂၈ ရက်က မြို့တော်လန်ဒန်ရှိ တော်ဝင်တရားရုံးများ အဆောက်အအုံသို့ ရောက်ရှိလာသည်။

လူသိရှင်ကြား

မိမိသည် ဘီဘီစီသတင်းထောက် အင်ဒရူးဂီလီဂန်အား တွေ့ဆုံခဲ့သည်ဟု ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဒေါက်တာကယ်လီက ဝန်ခံစကားဆိုခဲ့ပြီးနောက် ၎င်း၏အမည်နာမကို အစိုးရအဖွဲ့က လူသိရှင်ကြားထုတ်ဖော်ပြောကြားမှု မည်သို့မည်ပုံပေါ်ပေါက်လာသည်ကို ဘလဲက ရှင်းလင်းပြောဆိုသည်။ ဒေါက်တာကယ်လီသည် အဓိကသတင်းပေါက်ကြားသူအဖြစ် အစိုးရအဖွဲ့က အတည်ပြုပြီး မကြာမီတွင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့သည်။

ဗြိတိသျှ အစိုးရအဖွဲ့သည် ယင်းကဲ့သို့ အတည်ပြုရန် တမင်တကာ ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းမရှိဟု ဗြိတိသျှကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်းက ဩဂုတ် ၂၇ ရက်တွင် ပြောဆိုခဲ့သည်။

ခိုင်လုံစွာပြသ

ဗြိတိသျှအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ အီရတ်ဆိုင်ရာ ဖျက်အားပြင်း လက်နက်အခြေအနေသုံးသပ်ချက် မှတ်တမ်းတွင် ချဲ့ကားမှုများ ပြုလုပ်ခဲ့သည်ဟု ဘီဘီစီသတင်းတွင် စွပ်စွဲခဲ့သည့်အတိုင်း အထောက်အထားများ ခိုင်လုံစွာ ပြသနိုင်မည်ဆိုပါက ယင်းမှာ မိမိရာထူးမှနုတ်ထွက်ရန် အကြောင်းတရား ဖြစ်စေလိမ့်မည်ဟု တိုနီဘလဲက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်တွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များ ထွက်ခွာနေ

ဘဂ္ဂဒက် ဩဂုတ် ၂၈

ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က တိုက်ခိုက်မှု ဖြစ်ပွားရာတွင် အမေရိကန်စစ်သားနှစ်ဦး ထပ်မံသေဆုံးသွားသည်။ အီရတ်နိုင်ငံတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ပေးနေသော အောက်ဖမ်းအဖွဲ့သည် ယင်း၏ ဝန်ထမ်းအချို့ သို့မဟုတ် နိုင်ငံခြားသားဝန်ထမ်းအားလုံးကို ပြန်လည်ရုပ်သိမ်းတော့မည်ဟုဆိုသည်။ ထိုသို့ ဆောင်ရွက်ခြင်းမှာ အီရတ်တွင် လုံခြုံရေးအခြေအနေများ တိုး၍ဆိုးရွားလာသောကြောင့်ဖြစ်သည်။ အောက်ဖမ်းကယ်ဆယ်ရေးအဖွဲ့ပါဆိုလျှင် ဝန်ထမ်းလျှော့ချရန်စီစဉ်သော ကယ်ဆယ်ရေးအဖွဲ့အစည်းပေါင်း လေးခုရှိသွားပြီဖြစ်သည်။

ရုပ်သိမ်းမည်

ဩဂုတ် ၁၉ ရက်က အီရတ်ရှိ ကုလသမဂ္ဂရုံးကို အသေခံဗုံးဖောက်ခွဲခဲ့ရာ အနည်းဆုံးလူ ၂၃ ဦး အသက်ဆုံးရှုံးရပြီးနောက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့သည် ၎င်းတို့၏ နိုင်ငံခြားသား ဝန်ထမ်းများကိုယာယီအားဖြင့်ရုပ်သိမ်းကြမည်ဟု ပြောကြားသည်။ ကုလသမဂ္ဂ၏ နိုင်ငံခြားသားဝန်ထမ်း အများအပြားမှာလည်း အီရတ်နိုင်ငံမှ ထွက်ခွာသွားကြပြီဖြစ်သည်။

အီရတ်နိုင်ငံတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းပေါင်း ဒါဇင်များစွာရှိနေသည်။ ထိုအဖွဲ့မျိုးတစ်ခုမှ အထက်တန်းအရာရှိတစ်ဦးက မိမိတို့အနေဖြင့် နိုင်ငံခြားသား ဝန်ထမ်းများကို လျှော့ချသွားရန် သင့်၊မသင့် စဉ်းစားနေသည်ဟုဆိုသည်။

ဝန်ထမ်းများလျှော့ချ

ကက်သလစ်ဘုရားကျောင်း ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဟင်နီရှဖာက ကယ်ဆယ်ရေးအဖွဲ့အစည်း အများစုသည် ဝန်ထမ်းများကို လျှော့ချနေကြကြောင်း ပြောကြားသွားသည်။

ဆင်မဆန်စပရင်ဂတ်သည် အောက်ဖမ်းအဖွဲ့မှ အီရတ်ဆိုင်ရာ အစီအစဉ်မန်နေဂျာဖြစ်ပြီး အီရတ်နိုင်ငံတွင်ရှိသော အပြည်ပြည်ဆိုင်ရာ ဝန်ထမ်း ၁၅ ဦးကို ၄၈ နာရီအတွင်း နိုင်ငံမှအပြီးထွက်ခွာသွားရန် စီစဉ်ထားကြောင်း အေပီသတင်းဌာနသို့ ပြောကြားသည်။ အောက်ဖမ်းသည် အင်္ဂလန်နိုင်ငံအခြေစိုက်ကယ်ဆယ်ရေး အဖွဲ့အစည်းဖြစ်ကာ ယူနီဆက်ဖ်အဖွဲ့နှင့် တွဲဖက်၍ အီရတ်နိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်နေသည်။

အီရတ်နိုင်ငံတွင် ကြုံတွေ့နေရသော ဘေးအန္တရာယ်မှာ လက်မခံနိုင်လောက်အောင် မြင့်မားလာကြောင်း၊ ဝန်ထမ်းများကို ရုပ်သိမ်းရန် စဉ်းစားရာတွင် ကုလသမဂ္ဂရုံး ဗုံးဖောက်ခွဲခံရမှုမှာလည်း အကြောင်းရင်းတစ်ခု ဖြစ်ကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို ပစ်မှတ်ထား၍ အန္တရာယ်ပြုမှုများ များပြားလာနေကြောင်းဖြင့် စပရင်ဂတ်က ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံခြားသား ဝန်ထမ်းများကို လျှော့ချသွားမည် ဖြစ်သော်လည်း အောက်ဖမ်းသည် ဌာနေဝန်ထမ်း ၅၀ ကို ဆက်လက်ထားရှိသွားမည်ဖြစ်သည်။

ယခုအခါ အီရတ်တွင် လူသားချင်းစာနာသော အကူအညီပေးရေးကိစ္စနှင့် စစ်ရေးကိစ္စများကို ခွဲခြားရှုမြင်ခြင်းမရှိဘဲ ရောထွေးရှုမြင်နေကြသည်ဟု ထင်ကြောင်း စပရင်ဂတ်က ဆိုသည်။

အင်တာနက်။

မွှေနှောက်ရှာဖွေ

ဩဂုတ် ၂၆ ရက်က အီရတ်နိုင်ငံ ခါလစ်မြို့ နေအိမ်တစ်အိမ်အတွင်း အမေရိကန်တပ်သားများ မွှေနှောက်ရှာဖွေနေကြစဉ်။

(ယင်းသို့ ရှာဖွေရာတွင် ၎င်းတို့ထင်ထားသလို လက်နက်များကို ရှာမတွေ့ခဲ့ချေ။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအတွင်း အမေရိကန် တပ်စွဲထားမှု ငွေကုန်ကြေးကျများ

ဝါရှင်တန် ဩဂုတ် ၂၈

ဘဂ္ဂဒက်မြို့တော် ကျပြီးနောက် ငါးလအကြာတွင် နိုင်ငံတကာ ထောက်ခံမှု ပိုမိုရရှိရေးအတွက် အချို့သော ပိုင်ခွင့်များကို ကုလသမဂ္ဂသို့ လွှဲပေးရေးကို စဉ်းစားလျက် အမေရိကန်အစိုးရက အီရတ်နိုင်ငံ၌ အမေရိကန်တပ်များ တပ်စွဲခြင်းမှာ အချိန်ရှည်ကြာပြီး အကုန်အကျများမည်ဟု ဝန်ခံလိုက်သည်။

အီရတ်နိုင်ငံ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အီရတ်၏ အနာဂတ်ရေးမှာ အလားအလာကောင်းကြောင်း ထုတ်ဖော်ပြောကြားသော်လည်း အီရတ်နိုင်ငံ၏ အခြေခံအဆောက်အအုံ ပြန်လည် တည်ဆောက်ရေးအတွက် ဒေါ်လာငွေများစွာ သုံးစွဲရမည်ဖြစ်ကြောင်း ထည့်သွင်းပြောဆိုသည်။

အမေရိကန်နိုင်ငံသည် အီရတ်နိုင်ငံ၌ အမေရိကန်တပ်များ တပ်စွဲထားခြင်းအတွက်တစ်လလျှင် ဒေါ်လာလေးဘီလျံခန့် သုံးစွဲနေရသည်ဆို၏။

အင်တာနက်။



အမေရိကန်စစ်သည်တစ်ဦး သေဆုံး ကင်းလှည့်နေစဉ် အတိုက်ခိုက်ခံရ

ဟာမာရီယာ ဩဂုတ် ၂၈

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်နိုင်ငံ ကိုလံဘီယာခရိုင်မှ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးသည် တိုက်ကင်းလှည့်နေစဉ် အတိုက်ခိုက်ခံခဲ့ရသဖြင့် သေဆုံးသွားသည်ဟု ဗုဒ္ဓဟူးနေ့တွင် စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

သေဆုံးသွားသူ စစ်သားမှာ အသက်(၂၁)နှစ်ရှိ ကျွမ်းကျင်သူ ဒါရယ်ဒါရယ်ဒင့်ဖြစ်သည်။ ၎င်းတို့၏ ယာဉ်တန်းမှာ ယာမာရီယာမြို့ အနီးတွင် သွားနေစဉ် ပြီးခဲ့သော အင်္ဂါနေ့က လက်လုပ်ဗုံးဖြင့် အတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ အတူလိုက်ပါလာသူ အခြားစစ်သားနှစ်ဦးမှာလည်း ဒဏ်ရာရသွားကြသည်။ ၎င်းတို့အားလုံးသည် အမှတ်(၅၄၇) သယ်ယူပို့ဆောင်ရေးတပ်ခွဲမှ ဖြစ်သည်။ ဒဏ်ရာရသွားသူများ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ကိုလံဘီယာခရိုင် အမျိုးသားကာကွယ်ရေးတပ်မှ ဒုတိယဦးစီးမှူး ဗိုလ်မှူးချုပ် အီရောအာရွတ်က ထိုတပ်ဖွဲ့ဝင်များသည် ၎င်းတို့သွားရမည့်နေရာကို တာဝန်ပေးလိုက်သည်နှင့် အန္တရာယ်လမ်းကို သွားကြရမည်ကို သိထားကြကြောင်း၊ ၎င်းတို့သွားရမည့်နေရာသည် တိုက်ခိုက်မှုများပြားသော ဇုန်အတွင်း ကျရောက်နေသဖြင့် အဆင်သင့် အနေအထားဖြင့် အစဉ်သတိရှိနေကြရကြောင်း ပြောပြသွားသည်။ ကိုလံဘီယာတပ်ဖွဲ့တွင် အရာရှိ ၁၅၀ နှင့် အဖွဲ့ဝင်များ ပါဝင်သည်။ ပထမ ပင်လယ်ကွေ့စစ်ပွဲကာလကလည်း ပါဝင်တိုက်ခိုက်ခဲ့ဖူးသည်ဟု ဆိုသည်။

အင်တာနက်။

ဘဂ္ဂဒက်နှင့် ဖော်လူဂျာတွင် တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်သားနှစ်ဦး သေဆုံးဟု ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၂၈

အမေရိကန် စစ်သားနှစ်ဦးသည် အီရတ်နိုင်ငံ၏ သီးခြားနှစ်နေရာစီဖြစ်သည့် ဘဂ္ဂဒက်မြို့နှင့် မငြိမ်မသက်ဖြစ်ရာ ဖော်လူဂျာမြို့တို့တွင် ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

အမှတ်(၃) သံချပ်ကာယန္တရားတပ်ရင်းမှ စစ်သားတစ်ဦးသည် ဖော်လူဂျာမြို့တွင် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ဗုံးဖြင့် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားပြီး စစ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ်က ပြောကြားသည်။ ဖော်လူဂျာမြို့သည် အီရတ်နိုင်ငံ၏ အနောက်ပိုင်းရှိ မြို့တစ်မြို့ဖြစ်ပြီး ပြောက်ကျားအကြမ်းဖက် တိုက်ခိုက်မှုများဖြစ်ပွားရာ မငြိမ်းချမ်းသည့်မြို့ဖြစ်သည်။

အမှတ်(၂၀၅) စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးတပ်မဟာမှ စစ်သားတစ်ဦးသည်လည်း ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ဘဂ္ဂဒက်ရှိ မော်တော်ယာဉ်တန်းတစ်ခုအား တိုက်ခိုက်ရာတွင် သေဆုံးသွားကြောင်း ဖော်ပြပါ အလယ်ပိုင်းစစ်ဌာနချုပ်က ပြောကြားသည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ပွဲများ အဆုံးသတ်ကြောင်း မေ ၁ ရက်က ကြေညာပြီးသည့်နောက် အမေရိကန် စစ်သားများအား တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေသည် ၆၄ ဦးထိရှိသွားပြီဖြစ်သည်။ မေ ၁ ရက် နောက်ပိုင်းတွင် ယခု တိုက်ခိုက်ခံရမှုတွင် ပါဝင်သူ စစ်သားဦးရေနှင့် မတော်တဆ ဖြစ်ပွားမှု၊ မိမိကိုယ်မိမိ အဆုံးစီရင်မှုနှင့် ဖျားနာ၍ သေဆုံးသူများ အပါအဝင် အီရတ်နိုင်ငံတွင် အမေရိကန် စစ်သားများ သေဆုံးသည့်ဦးရေသည် ၁၃၈ ဦးထိ ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ် ၂၆ ရက်က လန်ဒန်မြို့ စတမ်းဖို့ဘရစ်ချ် ကစားကွင်းတွင် အမ်အက်စလေဇီလီနာ အသင်းမှ ဗလာဒီမာစတက်စ်(ယာ)နှင့်ချယ်လ်ဆီးအသင်းသို့ ရောက်ခါစ ကစားသမားများအနက် တစ်ဦးဖြစ်သူ ဂလင်ဂျွန်ဆင်တို့ ဘောလုံးကိုယှဉ်လုနေစဉ်။ (ယင်းပွဲတွင် ချယ်လ်ဆီးက သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ဥရောပ ချန်ပီယံဖလားပြိုင်ပွဲသို့ ခြေစစ်ပွဲအောင်မြင်သွားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

နယူးယောက်၌ အင်အားပြင်းမုန်တိုင်း တိုက်ခတ် လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျပြီး ယာဉ်ကြောများ ပိတ်ဆို့

ဝါရှင်တန် ဩဂုတ် ၂၈

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် အင်အားပြင်းထန်သည့် မုန်တိုင်းတိုက်ခိုက်မှုဒဏ်ကြောင့် သစ်ပင်များ အမြစ်မှ ပြုတ်ထွက်ပြီး လျှပ်စစ်ဓာတ်အားပေးကြိုးများပြတ်ကျကာ ညနေပိုင်း လူသွားလူလာစည်ကားချိန် မော်တော်ယာဉ်ကြောများ ပိတ်ဆို့စေခဲ့ပြီးနောက် ပြည်သူ့အကျိုးပြုလုပ်ငန်းများမှ ကယ်ဆယ်ရေးလုပ်သားများ နယူးယောက်သို့ ဝိုင်းအုံရောက်ရှိလာကာ လျှပ်စစ်မီးသုံးစွဲသူ ၁၂၅၀၀၀ တို့အား လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြသည်။

မီးမှောင်ကျခဲ့

အင်္ဂါနေ့ ညနေ လေးနာရီက စတင်တိုက်ခိုက်ခဲ့သည့် လေမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ကုန်ပြီး ဝါရှင်တန်နှင့် အနီးအပါးရှိ မေရီလင်းပြည်နယ်တို့တွင် လျှပ်စစ်ဓာတ်အား အသုံးပြုသူ ၁၄၁၀၀၀ တို့ မီးမှောင်ကျခဲ့ရကြောင်း ဖော်ပြပါ ဒေသခံပြည်သူ့အကျိုးပြုလုပ်ငန်းဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်က အမေရိကန်ပြည်ထောင်စုမှ အရှေ့မြောက်ဖျားပိုင်းနှင့် ကနေဒါနိုင်ငံတို့၏ နေရာဒေသအနှံ့အပြားတွင် လျှပ်စစ်မီးပြတ်တောက်ခဲ့ရပြီး လျှပ်စစ်ဓာတ်အားပေးကြိုးများ ခိုင်ခံ့၊ မခိုင်ခံ့နှင့် ပတ်သက်၍ မေးခွန်းများ အစီအရီ ပေါ်ပေါက်ခဲ့သည်။ လူ ၁၁၉၀၀၀ ခန့် ဗုဒ္ဓဟူးနေ့က မီးမရှိဘဲ မှောင်နှင့်မည်းမည်းတွင် နေထိုင်ခဲ့ရကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

မုန်တိုင်းများ တိုက်ခတ်နိုင်

မိမိတို့အနေဖြင့် မနက်ဖြန်တွင် လျှပ်စစ်မီး ပြန်လည်ရရှိရန် မျှော်လင့်စောင့်စားနေကြောင်း၊ သို့ရာတွင် မီးမှောင်ကျမှုသည် သောကြာနေ့အထိ ဆက်လက်ပေါ်ပေါက်နိုင်ကြောင်း ဖော်ပြပါဌာနမှ ဒေးဗစ်မိုးဟက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ကျန်ရက်သတ္တပတ်တွင် နောက်ထပ်မုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းရပြီး ကြိုးပမ်းမှုများရှုပ်ထွေးစေနိုင်ကြောင်းကိုလည်း ၎င်းက ထပ်လောင်းပြောကြားသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လက်သစ် – မိတ္တဝိန္ဒက

ခြင်ကျား – မအူပင်

သုတ္တနိပါတ် ပါဠိတော်မှာ အဇိတရှင်ရသေ့က ပရမတ် ရုပ်၊ နာမ်၊ သင်္ခါရတွေနဲ့ မင်္ဂဖိုလ်မရအောင် ဟန့်တားနှောင့်ယှက်တဲ့အရာဟာ ဘယ်အရာပါလဲလို့ ဗုဒ္ဓကို မေးလျှောက်ခဲ့တယ်။ ဗုဒ္ဓဘုရားရှင်က **ဆေ ဝိဇ္ဇာ ပမာဒါ ဥာဏာပဘံ နကရောတိ** ရုပ်၊ နာမ်သင်္ခါရနဲ့ မင်္ဂဖိုလ်မရကြောင်း ဟန့်တားတဲ့ အရာနှစ်ခုဟာ ဣဿာနဲ့ မစ္ဆရိယနှစ်ပါး ဖြစ်တယ်လို့ ဟောကြားခဲ့ပါတယ်ဗျာ။ ဣဿာဆိုတာ တစ်ပါးသူရဲ့ စီးပွားဥစ္စာ လာဘ်လာဘကို ဝန်တိုကာ ပိတ်ပင်တားဆီးထားတာလို့ သဂြိုဟ်မှာ ဖွင့်ဆိုထားပါတယ်။

ဒေါ်စုကြည်နဲ့ NLD ပါတီဝင်အချို့ဟာ ပါတီစည်းရုံးရေးကို ဗန်းပြပြီး နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကို ဆန့်ကျင်တဲ့ ဟောပြောစည်းရုံးမှုတွေ လုပ်ခဲ့တယ်။ လူထုအုံကြွဆူပူမှုဖြစ်ပေါ်ပြီး ၁၉၈၈ ခုနှစ်က ပေါ်ပေါက်ခဲ့တဲ့ အရေးအခင်းမျိုး ပုံတူပွားကြဖို့ ကြိုးစားကြတာက အစပြုပြီး ဖြစ်ပေါ်လာတဲ့ ပဋိပက္ခတွေ ကြီးထွားမလာစေရန် နိုင်ငံတော်က လုံခြုံရေးအရ အခြေအနေကို ထိန်းသိမ်းထားခဲ့ပါတယ်ဗျာ။

ဒီအချိန်မှာ ပြည်ပအသံလွှင့်ဌာနတွေက ကုန်ကြမ်းတစ်ခုအဖြစ် အသုံးချပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံထားတဲ့ ပြည်ပစီးပွားရေးလုပ်ငန်းတွေ ရုပ်သိမ်းပစ်ဖို့၊ မြန်မာနိုင်ငံမှာ နိုင်ငံခြားသားခရီးသည်တွေ မသွားရောက်ကြဖို့ သံပြိုင်အော်ဟစ်ခဲ့တယ်ဗျာ။ ပြည်ပမှာရှိနေကြတဲ့ သောင်းကျန်းသူအဖွဲ့တွေ၊ ဘိန်းဓားပြတွေ၊ ပြည်ပြေးတွေကလည်း သံယောင်လိုက် ဖိအားပေးပြိုင်တူဟစ်ကြတယ်။ မကြာပါဘူး။ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံကို စီးပွားရေး ပိတ်ဆို့အရေးယူမှု လုပ်လိုက်ပြီလို့ ဆိုလာတယ်။

အမေရိကန်ကလည်း မက်ဆာချူးဆက်ပြည်နယ်ရောက်နေတဲ့ မြန်မာပြည်ပြေးတွေရဲ့ တောင်းဆိုချက်ကို အကြောင်းပြုပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြတဲ့ နိုင်ငံခြားလုပ်ငန်းရှင်တွေကို ဖိအားပေး ခြိမ်းခြောက်ခဲ့ပြန်ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတဲ့ ဘယ်နိုင်ငံက ကုမ္ပဏီဖြစ်ဖြစ် မြန်မာနိုင်ငံက ရုပ်သိမ်းရမယ်။ မရုပ်သိမ်းရင် ဒီကုမ္ပဏီတွေကို မက်ဆာချူးဆက်ပြည်နယ်အတွင်းမှာရှိတဲ့ လုပ်ငန်းတွေနဲ့ ကန်ထရိုက်လုပ်ငန်းတွေ လုပ်ကိုင်ခွင့်မပေးဘူးဆိုပြီး ယခင်ကလည်း အကျပ်ကိုင်ခဲ့ဖူးပါတယ်။

ဒဗလျူတီအိုဆိုတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးဟာ နိုင်ငံတကာ လွတ်လပ်စွာ ကုန်သွယ်ရေးမှုကို အခြေခံဖွဲ့ထားတယ်လို့ သိရပါတယ်။ ဒီအဖွဲ့ကြီးဖြစ်ပေါ်ဖို့အတွက် GATT လို့ခေါ်တဲ့ ကမ္ဘာ့အကောက်ခွန်နဲ့ ကုန်သွယ်ရေးအထွေထွေသဘောတူညီချက်နဲ့ အဖွဲ့ညီလာခံတွေ ကျင်းပညှိနှိုင်းခဲ့ရတယ်လို့ဆိုပါတယ်။

၁၉၉၂ ခုနှစ်က အမေရိကန်ဟာ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နဲ့ ဥရောပနိုင်ငံတွေမှာ အမေရိကန် ဆန်နဲ့ သီးနှံဈေးကွက်ဖွင့်ပေးဖို့ အဓမ္မဖိအားပေးတောင်းဆိုလာပြီး ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားလုနီးနီးအထိ တင်းမာခဲ့ကြဖူးတယ်ဗျာ။ နောက်ဆုံးမှာ WTO အဖွဲ့ကြီး ပေါ်ထွက်ဖို့အတွက် ဂျပန်၊ ပြင်သစ်၊ တောင်ကိုရီးယားစတဲ့ နိုင်ငံတွေက အမေရိကန်အလိုကို လိုက်လျောခဲ့တယ်ဗျာ။

ဒါပေမယ့် WTO မပေါ်ပေါက်ခင်နဲ့ ပေါ်ပေါက်ပြီးကာလတွေကနေ ဒီနေ့အထိ အနောက်အုပ်စုနဲ့ အမေရိကန်နိုင်ငံဟာ ကမ္ဘာ့လွတ်လပ်စွာ ကုန်သွယ်ရေးမှုကို ချိုးဖောက်တဲ့ လုပ်ရပ်ပေါင်းများစွာကို ဆောင်ရွက်ခဲ့တယ်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံပေါင်းများစွာကို ကုန်သွယ်ရေးပိတ်ဆို့မှုနဲ့ နိုင်ငံအတော်များများကို ဖိအားပေးခြိမ်းခြောက် လိုရာပုံစံသွင်းလာခဲ့ပါတယ်ဗျာ။

နိုင်ငံတော်အစိုးရဟာ ရရှိဖြစ်ထွန်းနေတဲ့ နိုင်ငံတော်ဖွံ့ဖြိုးမှု ရလဒ်ကောင်းများ မယိုယွင်းမပျက်စီးရအောင် နိုင်ငံတော်ရဲ့ အမျိုးသားရေး အကျိုးစီးပွား ဖြစ်ထွန်းရေးကို ရေရှည်အာမခံနိုင်တဲ့ အနာဂတ်ပေါ်ထွန်းစေရအောင် တိုင်းရင်းသားပြည်သူတွေနဲ့ ပူးပေါင်းပါဝင်မှု စွမ်းအားကို ရယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီကာလမှာ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေဟာ အနောက်နိုင်ငံကြီးအချို့ရဲ့ ပံ့ပိုးထောက်ပံ့မှုနဲ့ အချိတ်အဆက်ယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်ယှက် နေကြပါတယ်။

ယခုအခါမှာ WTO ရဲ့ နိုင်ငံတကာ လွတ်လပ်စွာကုန်သွယ်ရေးကို ချိုးဖောက်၊ နိုင်ငံတကာ ကျင့်ဝတ် စည်းကမ်းတွေ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမှုတွေကို ကျော်လွှန်ပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့တယ်ဆိုတာ တရားလက်လွတ် ဆောင်ရွက်တာပဲလို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဆိုပြီးတဲ့အတိုင်း ဣဿာဆိုတာ သူတစ်ပါးရဲ့ ဂုဏ်သတင်းကို မကြားလိုတာ၊ သူတစ်ပါး အောင်မြင်နေတာ၊ ချမ်းသာနေတာ၊ ငြိမ်းချမ်းနေတာကို မမြင်လိုတာ ဣဿာပါပဲဗျာ။ စီးပွားရေးပိတ်ဆို့ဖို့တောင်းဆိုတာ၊ အချိတ်အဆက်လုပ်တာ၊ စီးပွားရေးပိတ်ဆို့တာဟာ ဣဿာပဲ မဟုတ်ပါလားဗျာ။

မြန်မာနိုင်ငံဟာ ဗုဒ္ဓသာသနာ ထွန်းကားတဲ့နိုင်ငံဖြစ်လို့ ဗုဒ္ဓရဲ့အဆုံးအမအရ ဣဿာဆိုတာ မထားအပ် မပြုထိုက်တဲ့ တရားလို့ခံယူထားကြပါတယ်။ ဣဿာနဲ့ပတ်သက်လို့ ဗုဒ္ဓရှင်တော်ဘုရားက ဥပမာ၊ ဥပမေယျတွေပေးပြီး ဆုံးမသွန်သင်ခဲ့ပါတယ်။ ဣဿာနဲ့ပတ်သက်လို့ ဗုဒ္ဓရှင်တော်ဘုရားက ဓမ္မပဒ အဋ္ဌကထာမှာ ဣဿာမစ္ဆရိယကြောင့် ဆင်းရဲဒုက္ခရောက်ခဲ့ရတဲ့ **လောသက တိဿ မထေရ်** ရဲ့ဘဝကို ဆင်ခြင်နိုင်အောင် ဟောကြားတော်မူခဲ့ပါတယ်။

လောသကတိဿ မထေရ်အလောင်းဟာ ကဿပမြတ်စွာဘုရား သာသနာမှာ ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ဖြစ်ခဲ့ဖူးပါတယ်။ ကျောင်းကိုကြွလာတဲ့ အာဂန္တုရဟန်းတစ်ပါးကို အမှီပြုပြီး အာဂန္တုရဟန်းကျောင်းမှာပျော်ပြီး ကြီးပွားချမ်းသာမှာမလိုလားတဲ့ ဣဿာမစ္ဆရိယ ဝင်လာခဲ့တယ်။ ကျောင်းဒကာအလှူရှင်က အာဂန္တုရဟန်းကို ဆွမ်းကျွေးပင့်တာကို အာဂန္တုရဟန်းမသိအောင် ဆွမ်းစားကြွခဲ့ပါတယ်။ ဆွမ်းဒကာက အာဂန္တုအတွက် ဆွမ်းနဲ့ ဟင်းလျာကို သပိတ်ထဲထည့်ပေးလိုက်ပြန်တော့လည်း ဣဿာမစ္ဆရိယစိတ်နဲ့ တောမီးထဲ သွန်ပစ်လိုက်ပါတယ်။

ဒီအကုသိုလ်ကြောင့် ကျောင်းထိုင်ရဟန်းဟာ သေလွန်တဲ့အခါ ငရဲမှာ နှစ်ပေါင်းသိန်းချီ ခံခဲ့ရတယ်။ ငရဲမှလွတ်တဲ့အခါ ဣဿာမစ္ဆရိယကံကြွင်းနဲ့ ဘီလူးဘဝ ငါးရာဖြစ်ပြီး ဘီလူးဘဝ ၄၉၉ ဘဝလုံး ငတ်ပြတ်သေရပြီး တစ်ဘဝသာ စွန့်ပစ်ထားတဲ့ ကိုယ်ဝန်အညစ်အကြေးကို စားရလို့ ဝမ်းဝခဲ့ရတယ်။ နောက်တစ်ခါ ခွေးဘဝကို ငါးရာဖြစ်ပြန်တော့လည်း ခွေးဘဝ ၄၉၉ ဘဝလုံး ငတ်ပြတ်သေရပြီး တစ်ဘဝထည်းပဲ လူတစ်ယောက်ရဲ့ အန်ဖတ်ကို စားရလို့ ဝမ်းဝ ခဲ့ရပါတယ်။

ခွေးဘဝက သေတဲ့အခါ ကာသိတိုင်း ရွာတစ်ရွာမှာ လူဖြစ်ခဲ့ပြီး သူ့ပဋိသန္ဓေ နေစကစပြီး မိသားစုတစ်ခုလုံး ဘာမှရှာဖွေမရအောင် ဆင်းရဲခဲ့ပါတယ်။ သူ့ရဲ့အမည်ကို မိတ္တဝိန္ဒကလို့ အမည်ပေးပြီး မိဘတွေက မိတ္တဝိန္ဒကမွေးလို့ ဆင်းရဲတယ်ဆိုပြီး အိမ်က နှင်ထုတ်လိုက်ကြပါတယ်။

မိတ္တဝိန္ဒကဟာ ဗာရာဏသီပြည်ရောက်တဲ့အခါ ဘုရားအလောင်း ဒိသာပါမောက္ခဆရာကြီးက ကျွေးမွေးစောင့်ရှောက်ပြီး ပညာသင်ပေးခဲ့ပါတယ်။ ဆရာကြီးမှာလည်း မိတ္တဝိန္ဒကရဲ့ အကုသိုလ်ကြောင့် လာဘ်လာဘ ရှားပါးခဲ့ပါတယ်။ မိတ္တဝိန္ဒကဟာ ဆရာကြီးရဲ့ ဆုံးမသွန်သင်တာကို မနာခံဘဲ ပညာသင်ဖက်တွေနဲ့ ရန်ဖြစ်ပြီး ထွက်ပြေးတဲ့အခါမှာ ပစ္စန္တ ရစ်ရွာကို ရောက်သွားပါတယ်။

ပစ္စန္တရစ်ရွာမှာ အမျိုးသမီးတစ်ဦးနဲ့ အိမ်ထောင်ကျပြီး ရွာလူကြီးတွေက သနားတာနဲ့ ရွာတံခါးမှာ ကင်းစောင့်အလုပ်ကို ပေးခဲ့ပါတယ်။ မိတ္တဝိန္ဒကနဲ့ သူဆင်းရဲမ ကလေးနှစ်ယောက် မွေးဖွားပြီးတဲ့အခါမှာ သူ့အကုသိုလ်ကြောင့် ပစ္စန္တ ရစ်ရွာကြီးဟာ မီးခုနစ်ကြိမ်လောင်၊ ရေခုနစ်ကြိမ်မျော၊ မင်းဘေးမင်းဒဏ် ခုနစ်ကြိမ်သင့်ရပြန်တယ်။ ဒီအခါမှာ ရွာသားတွေက မိတ္တဝိန္ဒကတို့ မိသားစုကို ရိုက်ပုတ် နှင်ထုတ်လိုက်ကြပါတယ်တဲ့ဗျာ။

မိတ္တဝိန္ဒကတို့မိသားစု တောအုပ်တစ်ခုထဲ ရောက်ပြန်တော့ ဇနီးနဲ့ကလေးတွေ ဘီလူးအစားခံရတဲ့အတွက် မိတ္တဝိန္ဒကခမျာ ကိုယ်လွတ်ရုန်း ပြေးရပြန်တယ်။ ဒီလိုနဲ့ မိတ္တဝိန္ဒကဟာ ဂမ္ဘီရအမည်ရှိတဲ့ သင်္ဘောဆိပ်ကို ရောက်ရှိသွားပြီး မိတ္တဝိန္ဒကက သင်္ဘောမာလိန်မှူးကို အသနားခံပြီး သင်္ဘောနဲ့ သမုဒ္ဒရာကို ခရီးဆက်ပြန်ပါတယ်။ မိတ္တဝိန္ဒကရဲ့ အကုသိုလ်ကြောင့် ခုနစ်ရက်ခန့်မှာ သင်္ဘောရေလယ်မှာ ရပ်နေတာကြောင့် သင်္ဘောပေါ်မှာပါလာတဲ့ လူအားလုံးကို လူယုတ်မာ မဲစာရင်းချတဲ့အခါ မိတ္တဝိန္ဒကချည်း သုံးခါကျတဲ့အတွက် ဝါးတစ်စည်းပေါ်တင်ပြီး သမုဒ္ဒရာထဲကို ပစ်ချတာ ခံရပါတယ်တဲ့ဗျာ။

မိတ္တဝိန္ဒကဟာ လှိုင်းပုတ်ရာမျောပြီး ခုနစ်ရက်ခံ၊ ခုနစ်ရက်စံရတဲ့ ဝေမာနိက ပြိတ္တာမတွေရဲ့ ဖန်ဗိမာန်ကို ရောက်သွားခဲ့တယ်။ ဖန်ဗိမာန်မှာ ခုနစ်ရက်ခံပြီး ပြိတ္တာမတွေ ခုနစ်ရက်ခံဖို့ သွားတဲ့အခါ မိတ္တဝိန္ဒကဟာ ဖန်ဗိမာန်က ထွက်ခဲ့ပါတယ်။ သမုဒ္ဒရာထဲမှာရှိတဲ့ ဝေမာနိကပြိတ္တာမတွေ စံစားတဲ့ ငွေဗိမာန်၊ ပတ္တမြားဗိမာန်၊ ရွှေဗိမာန်တွေမှာ မိတ္တဝိန္ဒက အလှည့်ကျစည်းစိမ်ခံစားပြီး ရေမှာ မျောလာရင်း ဘီလူးမကြီးတစ်ဦးနေတဲ့ ကျွန်းကို ရောက်ရှိသွားပါတယ်။ ဘီလူးမက ဆိတ်ယောင်ဆောင်ပြီး လှည့်လည်နေတာကို မိတ္တဝိန္ဒကခမျာ တကယ့်ဆိတ်ထင်ပြီး စားလိုစိတ်နဲ့ ဆိတ်ရဲ့ခြေကိုဆွဲလိုက်ပါတယ်။ ဒီအခါမှာ ဘီလူးမက မိတ္တဝိန္ဒကရဲ့ ခြေထောက်နှစ်ချောင်းကိုကိုင်ကာ ပစ်လွှတ်လိုက်တာ ဗာရာဏသီမြို့ မင်းဥယျာဉ်ထဲမှ ချုံပုတ်ကြီးတစ်ခုရဲ့ အပေါ်သွားတင်ခဲ့ပါတယ်။ မိတ္တဝိန္ဒက ဗာရာဏသီမင်းပိုင်တဲ့ ဆိတ်ကိုတွေ့ပြီး ဆိတ်ခြေထောက်ကို ဖမ်းကိုင်ပြန်ရာ ဆိတ်ခိုးမှုနဲ့ မင်းဘေးမင်းဒဏ်သင့်ပြီး ဒိသာပါမောက္ခဆရာကြီးကယ်လို့ မင်းဒဏ်က လွတ်မြောက်ခဲ့ပါသတဲ့ဗျာ။

မိတ္တဝိန္ဒက ဘဝသေပြီး ဂေါတမမြတ်စွာဘုရားသာသနာမှာ ကောသလတိုင်းအနီး အိမ်ခြေတစ်ထောင်ရှိတဲ့ ရွာကြီးမှာ ပဋိသန္ဓေတည်ခဲ့ပါတယ်။ သူ့ပဋိသန္ဓေ တည်ကတည်းက ဒီရွာကြီးဟာ ဘာမှလုပ်ကိုင် စားသောက်လို့မရတော့ဘဲ မီးခုနစ်ကြိမ်လောင်ကာ မင်းဒဏ်ခုနစ်ကြိမ် သင့်ပြန်ပါတော့တယ်။

ရွာကလူတွေက လူယုတ်မာရှိလို့ဖြစ်ရတာဆိုပြီး အချိုးကျထက်ဝက်ခွဲကြတဲ့အခါ နောက်ဆုံး လောသကတိဿမထေရ်အလောင်း ဝမ်းမှာလွယ်ထားတဲ့ မိသားစုသာ ကျန်ပါတယ်။ သူ့ရဲ့အကုသိုလ်ကို ကြောက်လန့်ပြီး ဖခင်က မယားကိုပစ်၊ မိခင်က ဆင်းရဲပင်ပန်းစွာ မွေးဖွားပြန်တော့ လောသကတိဿရဲ့ အကုသိုလ်ကံကြောင့် မိခင်ရော ကလေးပါ ငတ်ပြတ်လာခဲ့တဲ့အခါ နောက်ဆုံး မိခင်ခမျာ လောသကတိဿလက်ထဲကို အိုးခြမ်းပဲ့ကလေးထည့်ပြီး စွန့်ပစ်သွားပါတော့တယ်ဗျာ။

လောသကတိဿဟာ အိုးခြမ်းပဲ့ကလေးကိုင်ပြီး တောင်းရမ်းစားသောက်လို့မရတာကြောင့် အိမ်နောက် ဖေးလမ်းကြားက အိမ်ရှင်မတွေ စွန့်ပစ်တဲ့လက်ဆေးရေ၊ ထမင်းအိုး၊ ဟင်းအိုးဆေးရေမှာ ကပ်ရပ်ပါလာတဲ့ ထမင်းစေ့နဲ့ ဟင်းဖတ်ကို မသေရုံစားရင်း ခုနစ်နှစ်သားအရွယ် ရောက်ရှိလာပါတယ်။

တစ်နေ့မှာ အရှင်သာရိပုတ္တရာနဲ့တွေ့ပြီး သာမဏေဝတ်ခွင့် ရသွားခဲ့တယ်။ ရဟန်းဘဝကိုရောက်ပြီး ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ရာ ကိလေသာအာသဝေါကုန်ခန်းပြီး ရဟန္တာဘဝကို ရောက်ရှိသွားခဲ့ပါတယ်။

ဒါပေမယ့်လောသကတိဿမထေရ်ဟာ ရဟန္တာဖြစ်တဲ့အထိ ဆွမ်းတစ်နပ်မျှ ဝအောင်မဘုဉ်းပေးခဲ့ရရှာဘူး လို့ဆိုပါတယ်။ ရှေးကပြုခဲ့တဲ့ ဣဿာမစ္ဆရိယ တရားဆိုးနှစ်ပါးဟာ လောသကတိဿ ရဟန္တာဘဝရောက်တာတောင်မထေရ် ဆွမ်းရယ်လို့ လောင်းဖို့ထားတဲ့ဆွမ်းဟာ အလိုအလျောက် ပျောက်သွားပါတယ်။ တစ်ခါတစ်ခါကျတော့ လောသကတိဿမထေရ်ရဲ့သပိတ်မှာ ဆွမ်းတစ်စေ့မှ မရှိပါဘဲ ဆွမ်းနဲ့ဟင်း ပြည့်မောက်နေတာကို မြင်ရလို့ လောင်းဖို့မြင်တဲ့သူက မလောင်းတာလည်း ကြုံရပါတယ်။

ဒီလိုနဲ့ ဆွမ်းဝအောင်မဘုဉ်းပေးရရှာတဲ့ လောသကတိဿမထေရ်ဟာ အသက်ငယ်ငယ်အရွယ်နဲ့ ပရိနိဗ္ဗာန်စံဖို့ နီးလာပါတော့တယ်။ ဆရာအရှင်သာရိပုတ္တရာက ပရိနိဗ္ဗာန်မစံမီ တစ်ရက်လောက် ဆွမ်းဝစေဖို့အတွက် ကိုယ်တော်တိုင် ဆွမ်းခံထွက်ခဲ့တယ်။ ဆွမ်းဘောဇဉ် ပြည့်နေတဲ့သပိတ်ကို လောသကတိဿမထေရ်ဘုဉ်းပေးရန် ဒကာတွေကို ကျောင်းပို့ခိုင်းပြန်တော့ ဒကာတွေက မေ့လျော့ပြီး စားပစ်လိုက်ကြပြန်တယ်။

အရှင်သာရိပုတ္တရာ ကျောင်းရောက်တဲ့အခါ လောသကတိဿမထေရ်ထံ ဆွမ်းမရောက်တာ သိလိုက်တဲ့အတွက် အရှင်သာရိပုတ္တရာ ကိုယ်တော်ဟာ ကောသလဘုရင်ကြီးထံမှာ သပိတ်ပိုက်ပြီး ဆွမ်းခံရပါတယ်။ ကောသလဘုရင်လောင်းလှူတဲ့ စတုမဓုဆွမ်းကို အရှင်သာရိပုတ္တရာက လက်ထဲမှာပိုက်ပြီးတပည့်ဖြစ်သူ လောသကတိဿမထေရ်ကို ဘုဉ်းပေးစေခဲ့ပါတယ်။ လောသကတိဿမထေရ်ဟာ မွေးဖွားချိန်ကနေ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတဲ့အချိန်အထိ ပြုခဲ့ဖူးတဲ့ ဣဿာမစ္ဆရိယကြောင့် ဆွမ်းတစ်နပ်သာဝလင်အောင်ဘုဉ်းပေးရပါတယ်ဗျာ။

မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ဖို့ အကြံပေးတဲ့သူ၊ တောင်းဆိုတဲ့သူ၊ ပြုကျင့်တဲ့သူ၊ ဖန်တီးတဲ့သူဟာ ဣဿာသမားပဲဖြစ်ပါတယ်။ဣဿာရဲ့အကုသိုလ်အကျိုးကိုသိပြီး ဣဿာဟာမီးဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက်ကို ဣဿာမီးလောင်ကျွမ်းခံရပုံကို ဗုဒ္ဓဘုရားရှင်က **မနောပဒေါသိက** နတ်သားဇာတ်ဝတ္ထုနဲ့ ဥပမာပေးဆုံးမခဲ့ဖူးပါတယ်။စတုမဟာရာဇ်အနွယ်ဝင် မနောပဒေါသိက နတ်သားနှစ်ပါး တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ဣဿာပွားရာက ဒေါသထားမိလို့ နှစ်ဦးစလုံး ခန္ဓာကိုယ်မီးလောင်ပြီး စုတေသေလွန်ကြရဖူးပါတယ်ဗျာ။

ဘယ်သူတွေ ဣဿာစိတ်နဲ့ ပိတ်ဆို့တားဆီးကြပါစေ ၁၉၈၈ ခုနှစ်မတိုင်မီ အချိန်ကတောင် နှစ်ပေါင်း ၂၆ နှစ်လုံးလုံး ကိုယ့်တံခါးကိုယ်ပိတ်ပြီးနေဖူးကြတဲ့ မြန်မာနိုင်ငံသားတွေဟာ ခြိုးခြံချွေတာတဲ့အလေ့အထ ခိုင်မာနေကြပါတယ်။ အခုအချိန်ကာလမှာ နိုင်ငံတော်၏ ဦးဆောင်မှုကိုခံယူပြီး နိုင်ငံရဲ့သယံဇာတနဲ့ လူသားအရင်းအမြစ်ကို အုတ်မြစ်ပြုတဲ့ စီးပွားရေးအခြေခံကောင်းတွေ တည်ဆောက်ပြီး မိတ်ကောင်းဆွေကောင်းတွေဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ အာရှနဲ့ ဥရောပနိုင်ငံအချို့ရဲ့ ဖော်ရွေပျူငှာတဲ့ အကူအညီလည်း ရှိနေပြီးဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဖို့ တောင်းဆိုဖန်တီးကျင့်ကြံတဲ့ ဣဿာသမားလက်သစ် မိတ္တဝိန္ဒကတွေအပေါ် ဣဿာကို မေတ္တာနဲ့တုံ့ပြန်ကြဖို့ နှိုးဆော်လိုက်ရပါတယ်ဗျာ။ ။

အရည်အသွေးကောင်း ဂုန်လျှော်/ချည်ပေါင်လျှော်ထွက်ရှိရေးနှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်/ချည်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်း လျှော်များ ရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စအချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ (၃–၄) ရက်အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက်အနည်းဆုံး(၄)ပေရှိပြီး ဖြည်းညင်းစွာစီးဆင်းနေသော ရေတွင် တစ်လွှာချင်းဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင်ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သော တုံးများမသုံးစွဲဘဲ သစ်သား၊ တုံး၊ ဝါး စသည်တို့ဖြင့်ဖိထားပါ။

၄။ ရေစိမ်ရက်မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တ(၁)ပတ်ကြာမှ စ၍ နေ့စဉ်လျှော်ဖောင်အား နူး/မနူး စမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့်အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀–၈–၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် ဒါရုခန္ဓောပမသုတ်**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ် ချိုနှာဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ပထမနှစ် (စိတ်ပညာ)
(ခ) ပထမနှစ် (ရသစာပေအရေးအသား)
၅:၃၀ ၁၀။ **English Premier League ဘောလုံးပွဲ Everton Vs Liverpool**
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း–၁၃)**
၁၅။ သင့်အတွက်မနက်ဖြန်
၁၆။ အပိတ်နှုတ်ဆက်စကား
၁၇။ ပြီးပါပြီ။

ပုသိမ်ကန်ကြီးဒေါင့် ဝါတွင်းမိုးကုတ်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

ဧရာဝတီတိုင်း ပုသိမ်မြို့ ကန်ကြီးဒေါင့် ဝါတွင်းတရားစခန်းပွဲကို စက်တင်ဘာ ၆ ရက်မှ ၁၀ရက် (တော်သလင်းလဆန်း ၁၁ ရက်မှ ၁၅ ရက်)ထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယအရန်နာယကဖြစ်သော ဘဒ္ဒန္တ တေဇိန္ဒ (B.Sc. Phy) အရှင်မြတ်က ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

လည်ဆစ်ရိုး ကျီးပေါင်းတက်ရောဂါနှင့် မြန်မာ့တိုင်းရင်းဆေးပညာ

တင်ထွန်း
(အစိုးရတိုင်းရင်းဆေး)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အဓိကကျသည့် ကျန်းမာကြံ့ခိုင်သော မြန်မာနိုင်ငံသား လူသားအရင်းအမြစ်များ၏ အင်အားကို အပြည့်အဝအသုံးချနိုင်စေရန် ကျန်းမာရေးကဏ္ဍမှ ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ လမ်းညွှန်မှု၊ အမျိုးသား ကျန်းမာရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် လူထုကျန်းမာရေး လုပ်ငန်းများကို ကျေးလက်ဒေသ အောက်ခြေအထိ **ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါတားဆီးကာကွယ်ခြင်းနှင့် ရောဂါဖြစ်ပွားလာပါက ထိရောက်စွာ ကုသပေးခြင်း** စသည့် နည်းဗျူဟာသုံးရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ချမှတ်ပေးထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များတွင် **ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်လုံလောက်စွာပေးရေး** ဟူသော လုပ်ငန်းစဉ်တစ်ရပ် ပါဝင်ပေရာ အဆိုပါ လုပ်ငန်းစဉ်နှင့် လူထုကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဗျူဟာသုံးရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ယနေ့ပြည်သူများအတွင်း ဖြစ်ပွားလေ့ရှိသော **လည်ဆစ်ရိုးကျီးပေါင်းတက်ရောဂါ**နှင့် စပ်လျဉ်း၍ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရောဂါတားဆီးကာကွယ် ကုသမှုအပိုင်းတို့ကို တစ်ဆင့်စီရှင်းလင်းတင်ပြသွားမည်ဖြစ်သည်။

လည်ဆစ်ရိုး ကျီးပေါင်းတက်ရောဂါ (လည်ပင်းအရိုးအဆစ်ရောဂါ) (Cervical Spondylosis)ဟူသည်ကျား၊မ မရွေး (အထူးသဖြင့် အသက်လေးဆယ်အထက် အဖြစ်များတတ်ပါသည်။) ဖြစ်ပွားတတ်ပြီး အာရုံတစ်ခုတည်း စူးစိုက်အလုပ်လုပ်ကိုင်ရသူ (ဥပမာအားဖြင့် ရုံး၊ ဌာနများတွင် အလုပ်လုပ်ရသော စာရေးစာချီ ဉာဏလုပ်သားများ၊ စက်ချုပ်သူ၊ ဦးခေါင်းကို အမြဲတမ်းနိမ့်ပါး ငုံ့၍အလုပ်လုပ်ရသူများ) ဦးခေါင်းပေါ်တွင် အလေးအပင် အတင်အမများသူများ၊ ဇက် ပခုံးတို့ဖြင့် အလေးအပင် အမများသူများတွင် ဖြစ်ပွားလေ့ရှိပါသည်။

ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်း

မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ရှုထောင့်မှ၊ ဒေသနာနယ ဆေးပညာအရ ခန္ဓာကိုယ်ကို ဖွဲ့စည်းတည်ဆောက်ထားသော ဓာတ်ကြီးငါးပါးတွင် တေဇောဓာတ်နှင့် ပထဝီဓာတ်တို့ လျော့နည်းပြီး အာပေါဓာတ်နှင့် ဝါယောဓာတ်တို့ လွန်ကဲကာ အာကာသဓာတ် ပိတ်ဆို့ဖွဲ့စည်းထားခြင်းကြောင့် လည်းကောင်း၊ အာယုဗ္ဗေဒဆေးပညာအရ လေဒေါသများ များပြီး သည်းခြေဒေါသနှင့် သလိပ်ဒေါသ အားနည်းခြင်းကြောင့်လည်းကောင်း ဖြစ်ပွားရသည်ဟု လေ့လာမှတ်သားရသကဲ့သို့ အနောက်တိုင်း ဆေးပညာဆိုင်ရာ ရှုထောင့်မှ လည်းပင်းရိုးဆစ်များ၏ အထက်၊ အောက် နှုတ်ခမ်းများ၌ အိုးပိုကလေးများ (Bone Spurs)ထွက်ပေါ်လာခြင်း၊ လည်ပင်းရိုးဆစ်များအကြားရှိ အရွတ်တုံး (Intervertebral Disc)များတွင် ထုံးဓာတ်များ (Calcium) အနည် ထိုင်လာခြင်း၊ လည်ပင်းရိုးဆစ်မှ နံရိုးအတိုလေး (Cervical Rib) ထွက်လာခြင်း၊ ယခင်က လည်ပင်းပိုင်း၊ ဦးခေါင်းပိုင်းတို့၌ ထိခိုက်ခြင်းဖြစ်ခဲ့ဖူးသဖြင့် ဒဏ်အဖြစ် နောက်ဆက်တွဲ ဖြစ်ပေါ်လာရခြင်းကြောင့် ဖြစ်ပွားရသည်ဟု လေ့လာသိရှိရပါသည်။

ရောဂါလက္ခဏာများ

ဇက်ကြောတက်ခြင်း၊ ခေါင်းထိုးခြင်း၊ လည်ပင်းလှုပ်ရှားမှုပြုတိုင်း လည်ပင်းအရင်းမှ နာကျင်ခြင်း၊ လက်ပြင်အောင့်ခြင်း၊ စူးခြင်း၊ လက်မောင်းတစ်လျှောက် ထုံကျဉ်ကိုက်ခဲခြင်း၊ စူးခြင်း၊ (Burning sensation)၊ ဇက်ခိုင်ခြင်း (အုံးလွဲခြင်း၊ ခေါင်းငုံ့၊ ခေါင်းလှည့်မရခြင်း)၊ (အချို့ဝေဒနာရှင်များအနေဖြင့်) ခေါင်းမူးခြင်း၊ ခေါင်းကျဉ်ခြင်း၊ လက်ချောင်းကလေးများ ထုံကျဉ်ခြင်း၊ (အချို့တွင်) လက်မောင်းကြွက်သားများ သေးသိမ်ခြင်း၊ လက်မောင်းအား၊ လက်သီးဆုပ်အား မကောင်းသဖြင့် လက်ထဲတွင်ကိုင်ထားသော ပစ္စည်းများ မကြာခဏ လွတ်ကျခြင်း (လက်မမြဲခြင်း)စသည်တို့ဖြစ်ပါသည်။

ဤ **လည်ဆစ်ရိုးကျီးပေါင်းတက်ရောဂါ** သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အသက်အရွယ်အရလည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပြုမှုနှင့် ခန္ဓာကိုယ်၏ လည်ပင်းပိုင်းနှင့် ဦးခေါင်းပိုင်းတို့အပေါ် ထိခိုက်ဒဏ်ရာရမှုများကြောင့် ဖြစ်ပွားတတ်သဖြင့် အောက်ပါဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိထားပါက အဆိုပါ ရောဂါ မဖြစ်ပွားရန်နှင့် ဖြစ်ပွားလာပါကလည်း အမြန်ဆုံးသက်သာပျောက်ကင်းရန်အတွက် ကျင့်ကြံလုပ်ဆောင် နိုင်မည်ဖြစ်ပါသည်။

ဆောင်ရန်/ရှောင်ရန်အချက်များ

၁။ အိပ်လျှင် ခေါင်းအုံးထူထူမာမာကို မအုံးဘဲ ပါးပါးလျားလျား (အမြင့်အားဖြင့် နှစ်လက်မှ လေးလက်မရှိ ခေါင်းအုံး)ဖြင့် အိပ်ပါ။
၂။ ခန္ဓာကိုယ်၏ အနေအထားကို ကွေ့ကောက်စေသည့် ကုလားထိုင်တွင် မထိုင်ရ။
၃။ ထိုင်ခုံတွင် ထိုင်မည်ဆိုပါက ထိုင်လျက်အနေအထားတွင် မတ်မတ်နေပါ။
၄။ ပက်လက်အိပ်လျက် အနေအထားတွင်လည်း ခါးကို ဆန့်ဆန့်ထားပါ။
၅။ ခေါင်းငုံ့၍ အမြဲအားစိုက်ရသော အလုပ်များကို ဆင်ခြင်သင့်ပါသည်။
၆။ အကယ်၍ စာဖတ်ခြင်း၊ စာရေးခြင်းပြုလုပ်ရန် လိုအပ်ပါက ခေါင်းကိုမငုံ့စေဘဲ စာအုပ်ကို မိမိမျက်နှာရှိရာ နေရာအထိ မြှင့်တင်လျက် စာဖတ်ခြင်း၊ စာရေးခြင်း ပြုလုပ်သင့်ပါသည်။
၇။ အအေးကို လွန်ကဲစွာမခံရ။
၈။ ဦးခေါင်းကို တတ်နိုင်သရွေ့ မော့ခြင်း၊ ငုံ့ခြင်း၊ စောင်းခြင်းမပြုဘဲ ရှေ့သို့တည့်တည့်ကြည့်လျက် အနေအထားဖြင့်နေပါ။
၉။ နင်းနှိပ်ခြင်း၊ ဦးခေါင်းကို ချိုးဖဲ့ခြင်း(တစ်နည်း လည်ပင်းချိုးခြင်း) မပြုလုပ်မိရန် လိုအပ်ပါသည်။
၁၀။ အနားယူခြင်း၊ မှန်ကန်စနစ်ကျသော လေ့ကျင့်ခန်း ပြုလုပ်ခြင်းတို့ကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။
၁၁။ လက်မောင်းအားစိုက်ရသော အလုပ်များကို မလုပ်မိစေရန် ဂရုပြုပါ။

ရောဂါဖြစ်ပွားသူများအပေါ် ကုသပုံ၊ ကုသနည်း။

(၁) အနားယူစေခြင်းဖြင့် ကုသခြင်း

လည်ပင်းလှုပ်ရှားမှုပြုလုပ်တိုင်း (အထူးသဖြင့် ခေါင်းငုံ့ခြင်း) နာကျင်မှု ဝေဒနာကို ပိုမိုခံစားတတ်သဖြင့် လည်ပင်းကို အနားပေးရန် အနေအထားအဖြစ် ထိုင်လျက်ဖြစ်စေ၊ မတ်တတ်ရပ်လျက်ဖြစ်စေ လည်ပင်းကိုငုံ့ခြင်း၊ မော့ခြင်း၊ စောင်းခြင်း မရှိစေဘဲ ရှေ့သို့ တူရူကြည့်သကဲ့သို့ တည့်မတ်သော အနေအထားတွင် ရှိနေစေရမည်။

အနားယူစေသည်ဆိုရာ၌ ခေါင်းငုံ့၍ လုပ်ရသောအလုပ်များ၊ စာဖတ်ခြင်း၊ စာရေးခြင်းစသည်တို့ကို မပြုလုပ်ဘဲ နေရမည်ဖြစ်ပြီး ညအိပ်ရာတွင် ခေါင်းအုံးပျော့ပျော့ ပါးပါးဖြင့် အိပ်၍လည်းကောင်း၊ ခေါင်းအုံးမအုံးဘဲ ကျစ်နေအောင် လိပ်ထားသော လုံချည်(သို့) မျက်နှာသုတ်ပဝါကို ၈ လက်မ (သို့) ၁၀ လက်မခန့် လုံးပတ်ရှိ အဝတ်လုံးလေး (Roll) ပြုလုပ်ပြီး လည်ပင်းအောက်၌ထား၍ အိပ်ခြင်းဖြင့် လည်းကောင်း၊ ညအိပ်ပျော်နေစဉ် လည်ပင်းအနေအထား ငုံ့ခြင်း၊ စောင်းခြင်းဖြစ်ပေါ်မနေစေရန် လည်ပင်းတွင် ကျစ်နေအောင်လိပ်ထားသော လုံချည်(သို့) မျက်နှာသုတ်ပဝါကို ခပ်ရွရွပတ်လျက် အိပ်ခြင်းဖြင့်လည်းကောင်း၊ ခံစားရသော ရောဂါဝေဒနာကို သက်သာစေမည်ဖြစ်သည်။

(၂) အပူပေး၍ ကုသခြင်း

ရောဂါဝေဒနာ စတင်ခံစားရသည့်အချိန်မှစ၍ အပူပေး၍ ကုသမှုပြုလုပ်နိုင်ပါသည်။ ရေနွေးအိတ်၊ ရေနွေးပုလင်းကပ်ခြင်း၊ ကျပ်ထုပ်ထိုးခြင်း စသည်တို့ကိုလည်းကောင်း၊ ဆေးစည်း၊ ဆေးကပ်ခြင်းဖြင့်လည်းကောင်း၊ လည်ပင်းအနောက်ပိုင်း လက်ပြင်နှင့် လက်မောင်းတို့တွင် ဝေဒနာဖြစ်မှုပေါ် မူတည်လျက် မိမိသက်သောင့်သက်သာဖြစ်မည့်အနေအထား မှောက်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ အပူပေးခြင်းပြုလုပ်နိုင်ပါသည်။

အပူပေးခြင်းပြုရာတွင် **လိမ်းဆေးအနေဖြင့် အကင်းဆယ်ပါး** (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၄၃)ကိုဖြစ်စေ၊ သဗ္ဗဇေယျဆေးစပ်ပြီး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၂၉)ကိုဖြစ်စေ၊ သနပ်ခါးနှင့် (သို့) ရေနွေးနှင့် ဖျော်၍လည်းကောင်း၊ အကြောလိမ်းဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၄၅)ကိုလည်းကောင်း လိမ်းနိုင်ပါသည်။ ကျပ်ထုပ်ဆေးအနေဖြင့် သက်ရင်းကြီးရွက်၊ ကြောင်ပန်းရွက်၊ ဖုံးမသိန်ရွက်၊ ရှောက်ရွက်၊ မိတ်သလင်၊ ချင်းတို့ကို စုစည်း၍ ကျပ်ထုပ်ထိုး၍လည်းကောင်း၊ **စည်းဆေး၊ ကပ်ဆေးအနေဖြင့်** ခုနစ်ပါးဆေးဝါကလေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၄၇)ကို လက်ဖြင့် အပူခံနိုင်လောက်သည့် အပူချိန်ရှိရေနွေးဖြင့် **မွှေကောင်း၍ဖျော်ကာ**၊ ပတ်တီးပိတ်စတို့ပေါ် ဆေးကိုတင်လျက် ကပ်ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ အပူပေးခြင်းဖြင့် ကုသပေးရာတွင် အနောက်တိုင်း အကြောအဆစ်ရောဂါ ကုထုံးများတွင် အကျုံးဝင်သော အနီအောက်ရောင်ခြည်ဖြင့် ကုသခြင်း (Infra Red Radiation)၊ လျှပ်စစ်ဓာတ်ဖြင့် ကုသခြင်း၊ (Electric Stimulation)တို့သည်လည်း တိုင်းရင်းဆေး ပညာဖြင့် ကုသရာတွင် ပါဝင်အသုံးပြုလျက်ရှိပါသည်။

အပူပေးကုသခြင်းကြောင့် နာကျင်မှုကိုသက်သာစေခြင်း၊ တင်းလာသော ကြွက်သားများကို ပျော့ပျောင်းလာစေခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် မကုသမီ နာကျင်မှုနှင့် ကြွက်သားတင်းမာမှုတို့ကို ကြိုတင်လျှော့ချပေးခြင်းဖြင့် လေ့ကျင့်ခန်းပြုလုပ် လှုပ်ရှားရန် အဆင်သင့် အနေအထားကိုဖြစ်စေခြင်းစသည့် အကျိုးကျေးဇူးများ ဖြစ်စေပါသည်။ အပူပေးကုသရာတွင်လိုအပ်သည်ထက်အပူဓာတ်ကို လွန်ကဲစွာ မသုံးမိစေရန်နှင့် တေဇောဘမ်း၊ ပရုတ်ဆီ၊ လင်နမင်တို့ကဲ့သို့သော ဆေးပူများလိမ်းပြီး ရေနွေးအိတ်ကပ်ပါက အရေပြားလောင်တတ်ပြီး ကြွက်သားများ ပိုမိုတင်းမာလာ၍ ဆေးလိမ်းမီးထိုးခံရသကဲ့သို့ အပူဒဏ်ကို ကြိတ်မှိတ်ခံရ၍ ဝေဒနာသက်သာသယောင်ရှိသော်လည်း မူလနာကျင်သည့်ဝေဒနာအပြင် အပူလောင်သည့် ဝေဒနာပါထပ်တိုးတတ်သဖြင့် သတိပြု ဆင်ခြင်သင့်ပါသည်။

(၃) အကြောပြင်၍ ကုသပေးခြင်း

လက်ဖြင့် အကြောပြုပြင်ရာတွင် လည်ပင်း၏အနောက်ဘက်ပိုင်း လက်ပြင်နှင့် လက်မောင်းတို့၏ အရှေ့/အနောက်၊ အပေါ်အောက်၊ ချိုင်းအောက်ဘက်၊ လက်ဖျံ၊ လက်ဖမိုး၊ လက်ချောင်းကလေးများကို အသာအယာ ခြေပေးခြင်းဖြင့် ကုသပါသည်။ ယင်းသို့ အကြောပြုပြင်ရာတွင် အင်အားစိုက်၍ ခန္ဓာကိုယ်ကို နှိပ်/နင်းခြင်း၊ လှည့်ခြင်း၊ ချိုးခြင်းများ မပြုမိရန် ဂရုပြုရပါမည်။

(၄) လေ့ကျင့်ခန်းပြုလုပ်၍ ကုသပေးခြင်း

ဝေဒနာ ပြင်းထန်ပါက ပထမတစ်ရက် နှစ်ရက်တွင် လေ့ကျင့်ခန်း မပြုလုပ်သေးဘဲ အနားယူစေခြင်း၊ အပူပေးခြင်း၊ အကြောပြင်ခြင်းစသည့် ကုသနည်းများဖြင့်သာ ကုသသင့်ပါသည်။ အပူပေးကုသပြီးတိုင်း လည်ပင်းကို ဘယ်/ညာ တဖြည်းဖြည်းလှည့်ပေးရပါမည်။ (ခေါင်းငုံ့ခြင်းအားဖြင့် ဆောင့်လှည့်ခြင်းများ မပြုမိရန် ဂရုပြုပါ။) ဘယ်/ညာတစ်ဖက်လျှင် လေး၊ ငါးကြိမ်ဖြင့် တစ်နေ့ သုံးကြိမ် ပြုလုပ်ပေးရန်ဖြစ်သည်။ ပထမနေ့တွင် မနာခင် ခံနိုင်ရည်ရှိသည်အထိ တဖြည်းဖြည်း လှည့်ပေးရာမှ အတော်အတန် လှည့်နိုင်သောအခါ နားရွက်နှင့် ပခုံးထိခြင်းကို တဖြည်းဖြည်းပြုလုပ်လျက် နာကျင်မှုများစွာ သက်သာလာပါက ခေါင်းငုံ့ခြင်းကို တဖြည်းဖြည်း ပြုလုပ်ရမည်။ (အလွန်နာသည်အထိ မပြုလုပ်သင့်ပါ။) လည်ပင်းလေ့ကျင့်ခန်းကို တစ်နေ့ ၁၀ ခါစီ သုံးကြိမ်နှင့် အထက် ပြုလုပ်ပေးရန်ဖြစ်သည်။

(၅) အလေးဆွဲ၊ လည်ပင်းဆွဲ ကုသခြင်း

ဝေဒနာရှင်ကိုအိပ်လျက်(သို့) ထိုင်လျက်အနေအထားဖြင့်ရှိစေပြီး လည်ပင်းကို သားရေကြိုးဖြင့် သိုင်းကာ တခြားတစ်ဖက်မှ အလေးချိန်ဆွဲ၍ ကုသခြင်းဖြစ်သည်။ ဤကုသခြင်းသည် လည်ပင်းရိုးဆစ်၊ အရိုးပိုကလေးများနှင့် ဖိညပ်နေသော အရိုး/အကြောများကို လွတ်သွားစေပြီး တင်းနေသော ကြွက်သားများလည်း လျော့နည်းစေပါသည်။ ခန္ဓာကိုယ်အရွယ်အစားအလိုက် ငါးပေါင်မှ ၁၅ ပေါင်၊ ၂၀ ပေါင်ထိ ၁၅ မိနစ်မှ ၂၀ မိနစ်ခန့် တစ်နေ့ တစ်ကြိမ်သာ အလေးဆွဲရန်ဖြစ်ပါသည်။ အလေးဆွဲ၊ လည်ပင်းဆွဲ၍ ကုသခြင်း မပြုသင့်သော အခြေအနေများမှာ အရိုးပွရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ အားနည်းခြင်း၊ နှလုံးတုန်ခြင်း၊ တီဘီကျိတ်ရှိသူများ၊ နှလုံးပတ် သွေးကြောရောဂါရှိသူများဖြစ်ကြောင်း သတိပြုရပါမည်။

ဤ **လည်ဆစ်ရိုးကျီးပေါင်းတက်ရောဂါ** လျင်မြန်စွာ ပျောက်ရန်နှင့် နောင်မဖြစ်ပေါ်စေရန် လိုက်နာရမည့် အချက်များမှာ အနားယူရာတွင် စနစ်တကျ ဖြစ်ရန်လိုအပ်ခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ ဖော်ပြခဲ့ပြီးသော ဆောင်ရန်/ရှောင်ရန် အချက်များကို တိတိကျကျ လိုက်နာခြင်းနှင့် ရောဂါပျောက်ကင်းရေးအတွက် လိုအပ်သော အချိန်ကာလ ကြာရှည်မှုအပေါ် စိတ်ရှည်သည်းခံသင့်ပါသည်။ (ရောဂါပျောက်လိုသည့် ဆန္ဒစောပြီး အပူပေး၍ ကုသရာတွင် လိုအပ်သည့် သင့်တင့်လျောက်ပတ်သော အပူချိန်ထက်ပိုမိုဆောင်ရွက်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်၍ ကုသရာတွင် မိမိလုပ်နိုင်စွမ်းအားထက် ပိုမိုဆောင်ရွက်ခြင်း၊ အလေးဆွဲ၊ လည်ပင်းဆွဲ ကုသခြင်းပြုရာတွင် မိမိကိုယ်ခန္ဓာ ခံနိုင်ရည်ထက်ပိုပြီး အလေးများ ပိုမိုဆွဲကုသခြင်းတို့ကို မပြုလုပ်မိစေရန် ဂရုပြုရပါမည်။) ဤရောဂါ၏ နာကျင်မှုဝေဒနာ သက်သာစေရန် သောက်ရမည့်ဆေးမှာ ဝေသာရဇ္ဇ(သို့) ဆေးပုလဲကလာပ်ဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၃)ကိုဖြစ်စေ၊ သက်ရင်းကလာပ်ဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၂၈)ကို ဖြစ်စေ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်သောက်ရန်ဖြစ်သည်။ ထို့ပြင် သဘော်သီးအစိမ်းမှ ထွက်သောအစေးကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏဖြင့် ရေဖန်ခွက် တစ်ခွက်တွင်ထည့်မွှေ၍ ရသောရေကြည်ကို တစ်ရက်ခြားဖြစ်စေ၊ တစ်ပတ်တစ်ခါဖြစ်စေ မကြာမကြာ သောက်ပေးပါက **လည်ဆစ်ရိုး ကျီးပေါင်းတက်ရောဂါ** ကို ကာကွယ်စေပါသည်။

ရေးသားတင်ပြခဲ့ရသော ရောဂါဖြစ်ပွားရခြင်း အကြောင်း၊ ရောဂါတားဆီးကာကွယ်ခြင်း (ဆောင်ရန်/ရှောင်ရန်)များ ထိရောက်စွာ ကုသမှုစသည်တို့သည် အကြော အဆစ်ရောဂါနှင့်စပ်လျဉ်း၍ တိုင်းရင်းဆေးပညာဆိုင်ရာနှင့် အနောက်တိုင်းဆေးပညာဆိုင်ရာ ကုထုံးများအပေါ် အနောက်တိုင်းနှင့် တိုင်းရင်းဆေးပညာရှင်များ ရေးသားထားသော စာအုပ်စာတမ်းများကို လေ့လာခြင်း၊ အဆိုပါ ပညာရှင်များ လက်တွေ့ကုသလျက်ရှိသည့် အခြေအနေများကို မှတ်သားနာယူခြင်းတို့ဖြင့် ရရှိလာသော အတွေ့အကြုံများအပေါ် အခြေခံမှီငြမ်းပြုစုထားခြင်းဖြစ်ပါသည်။ ကုသသည့် ကုထုံးများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်တစ်ရပ်ဖြစ်သည့် **အနောက်တိုင်းဆေးပညာနှင့် တိုင်းရင်းပေါင်းစပ်ကုသရေး** ဆိုသည့်အချက်အကျုံးဝင်ပြီး ကုသရာတွင် အသုံးပြုသော ဆေးဖက်ဝင်ပစ္စည်းများ၊ အပင်များရှာဖွေရရှိရန် လွယ်ကူခြင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးများအနေဖြင့် မိမိကိုယ်တိုင် ပရဆေးဆိုင်များမှ ဖော်စပ်၍လည်းကောင်း၊ တိုင်း/ပြည်နယ်အသီးသီး၊ မြို့နယ်အသီးသီးရှိ တိုင်းရင်းဆေးခန်းများမှလည်းကောင်း ရယူနိုင်ခြင်းတို့ကြောင့် ကျေးလက်နေ ပြည်သူများအထိ ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

ပြည်သူအများရောဂါဘယကင်းဝေးကြပါစေ။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပျဉ်းမပင် စက်မှုနယ်မြေရှိ ဖက်စပ်စက်ရုံများ စုပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသို့ SARS ရောဂါရှာဖွေရေး အဖျားတိုင်းတာ စစ်ဆေးသည့် ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ၊ အလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

(သတင်းစဉ်)

ဖိဖိ နိုင်ငံတော်မှ

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ Myanmar Brewery Ltd. စက်ရုံမှ အထွေထွေမန်နေဂျာ Mr. David Teng က အမေရိကန်ဒေါ်လာ ၅၀၀၀၀ ခန့် တန်ဖိုးရှိသော SARS ရောဂါရှာဖွေရေး အဖျားတိုင်းတာစစ်ဆေးသည့် ကင်မရာ (Infrared Fever Screening System) နှင့် အမေရိကန်ဒေါ်လာ နှစ်သောင်းကိုလည်းကောင်း၊ Rothmans of Pall Mall Myanmar Private Limited. စက်ရုံ၏ Finance Director Mr. Foo Chek Kiang ကငွေကျပ်သိန်း ၁၀၀ကိုလည်းကောင်း၊ Myanmar Posco Steel Company Limited. မှ မန်နေဂျင်းဒါရိုက်တာ Mr. Jong Hyung Cho နှင့် The First Automotive Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးချို့တို့က Myanmar Posco Steel Company Limited.၏ လှူဒါန်းငွေ ကျပ်သိန်း ၅၀၊ The first Automotive Co,. Ltd. ၏ လှူဒါန်းငွေ ကျပ်ငါးသိန်း၊ မြန်မာဒေဝူး အထည်ချုပ်စက်ရုံ၏ လှူဒါန်းငွေ ကျပ်နှစ်သိန်း၊ မြန်မာဆေးဂဲလ် အထည်ချုပ်စက်ရုံ၏ လှူဒါန်းငွေ ကျပ်နှစ်သိန်း၊ မြန်မာဟွာဖူး အထည်ချုပ်စက်ရုံ၏ လှူဒါန်းငွေ ကျပ်နှစ်သိန်း၊ မြန်မာတိုကီဝါ ကော်ပိုရေးရှင်း၏ လှူဒါန်းငွေ ကျပ်ငါးသိန်း၊ မြန်မာ မာမီးဒါဘယ်လ်ဒက်ကာ ကုမ္ပဏီလီမိတက်၏ ငွေကျပ်တစ်သိန်း တန်ဖိုးရှိ ခေါက်ဆွဲထုပ်များနှင့် ဘာဂျာပိန့်မင်နျူဖက်ချားရင်း ကုမ္ပဏီလီမိတက်၏ ငွေကျပ်သုံးသိန်း တန်ဖိုးရှိ သုတ်ဆေးများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျန်းမာရေးဝန်ကြီးဌာနအတွက် SARS ရောဂါရှာဖွေရေး အဖျားတိုင်းတာ စစ်ဆေးသည့် ကင်မရာနှင့် အမေရိကန်ဒေါ်လာ တစ်သောင်းကို ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများ၌ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများ ဝယ်ယူဖြည့်တင်းရေးအတွက် ငွေကျပ်သိန်း ၁၀၀ကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အားလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အမေရိကန်ဒေါ်လာတစ်သောင်းကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအားလည်းကောင်း၊ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)အတွက် ငွေကျပ်သိန်း ၇၀နှင့် သုတ်ဆေးများ၊ ခေါက်ဆွဲထုပ်များကို ကာကွယ်ရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပျဉ်းမပင် စက်မှုနယ်မြေရှိ ဖက်စပ်စက်ရုံများ စုပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသို့ SARS ရောဂါရှာဖွေရေး အဖျားတိုင်းတာ စစ်ဆေးသည့် ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ၊ အလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များလှူဒါန်းသည့် ပစ္စည်းများနှင့် အလှူငွေများကို လက်ခံယူစဉ်။

(သတင်းစဉ်)

ဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သန်းအောင်အားလည်းကောင်း အသီးသီး လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယနေ့လှူဒါန်းကြသော စေတနာရှင် ပုဂ္ဂလိကကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများအား နိုင်ငံတော်ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း၊ အလှူရှင်များလှူဒါန်းသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူများ အကျိုးစီးပွားအတွက် ကဏ္ဍအလိုက် တာဝန်ယူဖော်ဆောင်သွားမည့် အဖွဲ့အစည်းများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ ယခုကဲ့သို့ ပုဂ္ဂလိကများ၏ ပူးပေါင်းပါဝင် ကူညီမှုသည် အလွန်ထိရောက်မှုရှိကြောင်း၊ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးစသည့် လူမှုရေးဒါနများသည် ပြည်သူများ၏ လိုအပ်ချက်ကို အထောက်အကူပြု ဖြည့်ဆည်းပေးသော မွန်မြတ်သည့် ဒါနများလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ဘက်စုံတည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ယခုကဲ့သို့ ပူးပေါင်းပါဝင်မှုသည် အမှန်လိုအပ်ကြောင်း၊ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများကြောင့် နိုင်ငံတော်၌ ပိုလီယိုရောဂါနှင့် အနာကြီးရောဂါတို့ ကင်းရှင်းပပျောက်သည်အထိ ကျန်းမာရေးဆိုင်ရာ အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ ပညာရေးကဏ္ဍ၌လည်း ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနိုင်ရေးနှင့် စာမတတ်သူ ပပျောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ အခြေခံပညာကျောင်းများ၌ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကိုလည်း တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်းဖြင့် ပြောကြားပြီး အလှူရှင်များ လှူဒါန်းထားသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ အလှူရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

၂၀၀၃ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် ဝတ်ပြုဆုတောင်းရေး ရှင်းလင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၃ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဘာသာအသီးသီးမှ ဝတ်ပြုဆုတောင်းရေး ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီရုံး အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေနှင့် တာဝန်ရှိသူများ၊ ဘာသာအသီးသီးမှ ဘာသာရေးခေါင်းဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကား ပြောကြားရာ၌ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က အတည်ပြုသတ်မှတ်ခဲ့သည့် ၂၀၀၃ခုနှစ် စက်တင်ဘာ ၂၁ရက် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကလေး၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီးများမကျန် ပြည်သူများအားလုံး မိမိတို့ ကိုးကွယ်သည့် ဘာသာတရားအလိုက် တစ်နေ့တာ ၂၄နာရီပတ်လုံး မိမိတို့ဘာသာရေးဗိမာန်များ၊ ဘာသာရေးရိပ်သာများ၊ ဝတ်ပြုဆုတောင်းသည့် နေရာများတွင် ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်း၊ တရားထိုင်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း ဆိုသည့် ဘာသာရေးကျင့်စဉ်များ ပြုလုပ်လေ့ရှိကြကြောင်း။

ဝတ်ပြုဆုတောင်း

မြန်မာနိုင်ငံရှိ ဘာသာဝင်အသီးသီး အနေဖြင့် ယခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ဝတ်ပြုဆုတောင်းပွဲများ ကျင်းပရန်ဖြစ်ကြောင်း၊ အထူးသဖြင့် အစ္စလာမ်ဘာသာဝင်များက စက်တင်ဘာ ၁၉ရက် (သောကြာနေ့)တွင်လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များက စက်တင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း၊ဟိန္ဒူဘာသာဝင်များက စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်အတွင်း မိမိတို့ကြိုက်နှစ်သက်ရာ နေ့တစ်နေ့တွင် လည်းကောင်း အသီးသီး ဝတ်ပြုဆုတောင်းကြနိုင်ကြောင်း၊ ဘာသာဝင်များအနေဖြင့် အဆိုပါကမ္ဘာ့ငြိမ်းချမ်းရေးနေ့တွင် နွား၊ ငါး၊ ငှက်စသည့် သက်ရှိသတ္တဝါများ ဘေးမဲ့လွှတ်ပြီး ကုသိုလ်ကောင်းမှုပြုပါက လျော်ကန်သင့်မြတ်မည်ဟု တိုက်တွန်းကြောင်း၊ ဟိန္ဒူဘာသာဝင်များက မိမိတို့ အထွတ်အမြတ်ထားသည့် နွားများကို ဘေးမဲ့လွှတ်ပါက မိမိတို့ သာသနာရေးဝန်ကြီးဌာနမှ အလှူခံပြီး လှော်ကားဘေးမဲ့ဥယျာဉ်သို့ တာဝန်ယူ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဘာသာဝင်အသီးသီးတို့မှ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ ဆုတောင်းပွဲများ ပြုလုပ်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခ အကြမ်းဖက်မှုများကိုလည်း တားဆီးကာကွယ်နိုင်မည် ဖြစ်သည့်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို မွန်မြတ်သော ရည်ရွယ်ချက် အောင်မြင်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဖြည့်စွက်ရှင်းလင်း အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များက လည်းကောင်း၊ အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များကလည်းကောင်း၊ ဟိန္ဒူဘာသာရေး ခေါင်းဆောင်များက လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ၂၀၀၃ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဘာသာအသီးသီးမှ ဝတ်ပြုဆုတောင်းရေး ရှင်းလင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်သူများစားသုံးရန်သာမက ပိုလျှံက ပြည်ပသို့ တင်ပို့နိုင်ရေးရည်ရွယ် တိုင်းရင်းသားလုပ်ငန်းရှင်များက အင်တိုက်အားတိုက် မွေးမြူရန်လို

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကာ အထူးဇုန်များအတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ အထူးဇုန် (၁)တာဝန်ခံ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်း၊ အထူးဇုန်(၂)တာဝန်ခံ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် အထူးဇုန်(၃)တာဝန်ခံ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးနိုင်ဝင်းတို့က အထူးဇုန်များအလိုက် မြေပြုပြင်ပြီးစီးမှု၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှု၊ ဥစားကြက်နှင့် အသားစားကြက်မွေးမြူထားရှိမှုနှင့် ငါးမွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက အထူးဇုန်များအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် ကြက်၊ ငါးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှု အခြေအနေများ၊ အထူးဇုန်များ အတွင်းရှိ ဂဝံလမ်းများ ရေရှည်အသုံးပြုနိုင်ရေး၊ ပြုပြင်ထိန်းသိမ်းရေး အစီအမံများ ဆောင်ရွက် ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ဆောင်းရာသီနှင့် နွေရာသီတို့တွင် အထူးဇုန်ရှိ စိုက်ခင်းများ၌ စိုက်ပျိုးရေ ပေးဝေနိုင်ရေး၊ ကလီထော်ရေလှောင်တမံ၌ ရေဝင်ရောက်မှုအခြေအနေ၊ ပင်မရေမြောင်းမကြီး ဖောက်လုပ်ပြီးစီးနေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးက ဆတ်သွားတော–ညောင်နှစ်ပင်အဝင် ကတ္တရာလမ်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်း အင်ဂျင်နီယာ ဦးစောမူးဒေလူးက အထူးဇုန်များအတွင်း အော်တိုတယ်လီဖုန်းလိုင်း တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်တပ်ဆင်နိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် ကြက်၊ငါး မွေးမြူရေးအထူးဇုန်၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် မိရိုးဖလာစိုက်ပျိုးနည်းများအပြင် ခေတ်မီနည်းစနစ်များပါ အသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းပန်း ဆက်သွယ်ရေး၊ အော်တိုတယ်လီဖုန်းလိုင်း၊ လျှပ်စစ်မီးနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို ဖြည့်ဆည်းပေးထားကြောင်း၊ အထူးဇုန်မှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များနှင့် သား၊ငါး၊ ကြက်ဥများကို ရန်ကုန်မြို့နေ ပြည်သူများစားသုံးရန်သာမက ပိုလျှံပါက ပြည်ပသို့ တင်ပို့နိုင်ရေးအထိ ရည်ရွယ်ပြီး တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် တိုင်းရင်းသားစိုက်ပျိုးရေး လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးကြရန်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး အတွက် အင်တိုက်အားတိုက်စိုက်ပျိုးမွေးမြူကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်း ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရှုရပ်မျှော်စင်မှ အထူးဇုန်(၁) အခြေအနေများကို ကြည့်ရှုကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် အထူးဇုန်(၁)ရှိ မျိုးမြင့်ကျော် ဥစားကြက် မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဥစားကြက်များ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်များအတွင်း ဝန်ကြီးဌာနများ၊ တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက ယခုနှစ် မိုးရာသီကာလအတွင်း ဟင်းသီးဟင်းရွက် ၃၂၂၃ဧက စိုက်ပျိုးထားရှိပြီး ကွက်လပ်မကျန် စိုက်ပျိုးနိုင်ရေးအတွက် မြေပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးလုပ်ငန်းများ အနေဖြင့် ဥစားကြက်နှင့် အသားစားကြက် မွေးမြူလျက်ရှိရာ ယနေ့အထိ ကြက်ကောင်ရေ ကိုးသိန်း ငါးသောင်းကျော် မွေးမြူနိုင်ခဲ့ပြီး အသားစားကြက်ကောင်ရေ ခုနစ်သိန်းကျော်ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။ ငါး မွေးမြူရေးလုပ်ငန်းများအနေဖြင့် ယနေ့အထိ ငါးကောင်ရေ ၁၁သိန်းကျော်မွေးမြူနိုင်ခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အနီးရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြို့နယ်ပေါင်းစုံ ကျေးလက်အနံ့ ဖြန့်ချိသော စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်၊ အတုယူဖွယ်၊ ကျင့်ကြံပွားများဖွယ် တရားစာများနှင့် ဓမ္မရသစုံ ဆောင်းပါးများ ပါဝင်သည့် စက်တင်ဘာလထုတ် မြတ်မင်္ဂလာစာစောင် မျက်နှာဖုံး။

(က–ပ)

အိန္ဒိယဝန်ကြီးနှင့်အဖွဲ့ မန္တလေးနှင့် ပုဂံညောင်ဦးမြို့များသို့ သွားရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ဧည့်သည်တော်အဖြစ် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Arun Shourie **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး** Mr. Rajiv Kumar Bhatia**နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် ၇နာရီခွဲတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။**

ကြိုဆို

ဧည့်သည်တော်ဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်အုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်း မန်နေဂျာ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဧည့်သည်တော်ဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံဈေး တတိယထပ်ရှိ မန္တလေး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) သို့ သွားရောက်လေ့လာကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ MICT Park အစည်းအဝေးခန်းမ၌ Mandalay ICTDC ဒါရိုက်တာအဖွဲ့ဝင်များက မန္တလေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက်မှ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များက မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် မန္တလေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဗိုလ်မှူးသန်းအောင်က ဧည့်သည်တော်ဝန်ကြီး Mr. Arun Shourieအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးသည် MICT Park ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး MICT Park အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်အား မန္တလေးနန်းမြို့ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်ကြသည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းလှိုင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်အုန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia၊ ကောင်စစ်ဝန်ချုပ် Mr. P. K. Bhutianiနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရွှေနန်းတော်လေ့လာ

ထို့နောက် ဧည့်သည်တော်ဝန်ကြီး Mr. Arun Shourieခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂နာရီ မိနစ် ၄၀တွင် နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်က ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတောင်တော်သို့ သွားရောက်ကြကာ တောင်တော်ပေါ်ရှိ ဆုတောင်းပြည့် ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းများ ဆက်ကပ်ပူဇော်ကြည်ညိုကြပြီး မန္တလေးမြို့၏ ညနေဆည်းဆာအလှကို ကြည့်ရှုကြသည်။

ညပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဧည့်သည်တော်ဝန်ကြီး Mr. Arun Shourie **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၈–၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ နဂါးရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၅ ၆။ Weekly International Sports.
၁၂:၂၀ ၇။ **မြတ်မျိုးမြင့်မှန် [ပြေတီဦး၊မေစန္ဒာစိုး၊ညွန့်၊ ဦးကျော်နိုင်၊ဦးစောနိုင်(ရှမ်းပြည်)]**
၁:၀၀ ၈။ မြန်မာ့ရိုးရာတူရိယာပစ္စည်းများ ပြပွဲ(အပိုင်း–၅)
၁:၁၀ ၉။ တေးဂီတအစီအစဉ်
၁:၂၅ ၁၀။ အဆင်းမလှအချင်းလှသည့် မြေအောက်မှုယံဇာတ
၁:၃၅ ၁၁။ တေးဂီတအစီအစဉ်
၁:၅၀ ၁၂။ စည်ကားဖွံ့ဖြိုးတိုးတက်ဝေဆာ မန်းမန္တလာ
၂:၂၀ ၁၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၃၀ ၁၄။ ဗိုက္ကရဲရေထိန်းတံခါး
၂:၄၅ ၁၅။ International News.
၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရက္ခဗေဒ) (အထူးပြုများ) (သတ္တဗေဒ)
၅:၁၅ ၆။ **စမ်းချောင်းထဲကရေ နေရောင်အောက်ကမီး (အပိုင်း–၂) (ခန့်စည်သူ၊ပြေတီဦး၊ ခိုင်နှင်းဝေ၊မြင့်မြင့်ခိုင်၊ ခင်သန်းနွယ်) (ဒါရိုက်တာ–သက်တင်) (မွန်ဘာသာစကားဖြင့်)**
၅:၃၀ ၇။ တေးဂီတအစီအစဉ်
၅:၄၅ ၈။ ချစ်စရာအရွယ်ကစားကြမယ်
၆:၁၀ ၉။ ၂၀၀၃ခုနှစ် ဇေကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၆:၂၀ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Discovery.
၇:၂၀ ၁၄။ မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံ၊ကျောက်ဆည်(အင်းကုန်း)
၇:၃၀ ၁၅။ တေးဂီတအစီအစဉ်
၇:၄၀ ၁၆။ အာဟာရဖွံ့ဖြိုးရေးအကြောင်း သိကောင်းစရာ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာရုပ်ရှင်**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

❍ **အဆင့်မြင့်တန်းမှ**

တဒိုင်းဒိုင်းမသွင်းနိုင်ဘဲ ဂိုးရနည်းခဲ့ခြင်းဖြစ်သည်။

အတွေ့အကြုံနည်း

အုပ်စုကျပ်၍အားအနည်းဆုံးအသင်းဖြစ်သော သတ္တုတွင်းအသင်းမှာ ဂိုးများများ မရှုံးစေရေးကို ဦးတည်လာ၍ ခံစစ်ကို အထူးလုံအောင် ကာကွယ်ခဲ့ရာ ပွဲမှာ တစ်ဖက်သတ်နီးပါး ဖြစ်ခဲ့ပြီး ဆွဲဆောင်မှုအားနည်းခဲ့သည်။ ကစားသမားအချို့မှာလည်း အတွေ့အကြုံနည်းသော ကစားသမားများ ပါဝင်၍ အချို့နေရာများတွင် စိုးရိမ်စိတ်များနေခြင်း၊အဝင်အထွက်မမှန်ခြင်းတို့ကြောင့် ကစားကွက် ဖော်ဆောင်မှု အပိုင်း၌ အားနည်းခဲ့ရသည်။

သတ္တုတွင်းအသင်းမှာ အတန်းသစ်တက်ရောက်လာသော အသင်းဖြစ်၍ အဆင့်မြင့်တန်း၏ ထိပ်သီး ဘဏ္ဍာ/အခွန်အသင်းနှင့် နှစ်အနည်းငယ်အတွင်း တွေ့ဆုံယှဉ်ပြိုင်မှုမရှိခဲ့ဘဲ ယခုအကြိမ်မှ ပြန်လည်တွေ့ဆုံကြခြင်းဖြစ်သည်။ ယနေ့ပွဲတွင်ဘဏ္ဍာ/အခွန်အသင်းသည် လူဟောင်းကြီး မျိုးလှိုင်ဝင်းနှင့် လက်ရွေးစင်ကစားသမားများကိုတွဲ၍ ပွဲထုတ်ခဲ့သည်။ အောင်အောင်ဦးနှင့် ဟိန်းဇေယျာကျော်တို့ မပါဝင်နိုင်၍ဘဏ္ဍာ/အခွန်အသင်း၏ဂိုးပေါက်ကို ဇော်မျိုးလတ်က တာဝန်ယူခဲ့သည်။ ယနေ့ကစားသွားသော ဘဏ္ဍာ/အခွန်အသင်းကစားပုံမှာ ကစားကွက်ကို အပီအပြင်မဖော်နိုင်ခဲ့သည်ကို တွေ့ရသည်။ တောင်ပံနှစ်ဖက်မှ ဂိုးရရှိရေး ဖန်တီးပေးမှုမှာလည်း လိုရာခရီးမရောက်ခဲ့ပေ။ အလယ်တန်းနှင့် ရှေ့တန်းမှာလည်း အချိတ်အဆက် လူနေရာယူမှု အပိုင်းတို့မှာ ဟာကွက် ရှိနေခဲ့သေးသည်။ သတ္တုတွင်းကလည်း ခံစစ်ကို စုပြုံခံခဲ့သောကြောင့် ဘဏ္ဍာ/အခွန်မှာ မျှော်မှန်းသလောက် ဂိုးများမရခဲ့ခြင်းဖြစ်သည်။ လူဟောင်းကြီးနှစ်ဦးဖြစ်သော ဝင်းအောင်နှင့်သန်းဝေတို့မှာ ၁၈ယောက်စာရင်း၌ ပင်မတွေ့ခဲ့ရပေ။

အားရစရာကောင်း

သတ္တုတွင်းအသင်းအနေဖြင့် အဆင့်မြင့်တန်းတွင် ရပ်တည်နိုင်ရေးအတွက် လူအင်အား ဖြည့်တင်းခဲ့ရာ ပတ္တမြားနဂါးမှ ဝင်းဇော်အောင်၊ သစ်တောရေးရာမှ သီဟ၊ လယ်/ဆည်မှ ဝဏ္ဏ၊ မလိခမှ မင်းဇော်အောင်နှင့်ရန်ကုန်တိုင်းမှ ကစားသမားနှစ်ဦးတို့ကို ထပ်မံအားဖြည့်ခဲ့သည်။ သတ္တုတွင်းအသင်းမှာ နာမည်ကြီးဘဏ္ဍာ/အခွန်အသင်းကို ယခုလောက်ခံကစားနိုင်ခဲ့သည်မှာ အားရစရာကောင်းသော်လည်းအလယ်တန်းနှင့် ရှေ့တန်းတို့မှာ ဂိုးရရှိအောင် စွမ်းဆောင်နိုင်မှု၌ အတော်ပင်အားနည်းနေခဲ့ကြသည်။ အဆင့်မြင့်တန်းမှ အသင်းများကို သူတင်ကိုယ်တင် ယှဉ်ပြိုင်မည်ဆိုပါက ယခုထက်အသင်းကို ပိုမိုတောင့်တင်း ကောင်းမွန်လာအောင် ပြုလုပ်သင့်ပေသည်။

ပွဲစသည်ဆိုသည်နှင့် အသင်းကြီး ဘဏ္ဍာ/အခွန်အသင်းက တိုက်စစ်တရစပ်ဆင်ခဲ့ရာ သတ္တုတွင်းအသင်းကလည်းခံစစ်ကိုလုံအောင်အထူးကာကွယ်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းကလည်း ရာသီသစ်၏အဖွင့်ပွဲတွင် ဂိုးစောစောစီးစီး ရရှိရေးအတွက် နေရာစုံ၊ ထောင့်စုံ တိုက်ကွက်မျိုးစုံဖြင့် မနားတမ်း တိုက်စစ်ဆင်သည်။ သတ္တုတွင်းအသင်းကလည်း ဂိုးမပေးရရေးအတွက် ခံစစ်ကို ဆင့်ကဲဆင့်ကဲ ကာကွယ်ဖျက်ထုတ်ခဲ့ရာ ခံစစ်၌ ကိုးယောက်အထိပင် စုပြုံတိုက်ဆိုခဲ့ကြရာ ဘဏ္ဍာ/အခွန်အသင်းအနေဖြင့် အဖွင့်ဂိုးကို မိနစ် ၃၀ကျော်မှ ရရှိခဲ့သည်။

၃၆မိနစ်တွင် အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်း သတ္တုတွင်းနောက်ခံလူ နှစ်ဦးကို လိမ်ခေါက်ထွက်ပြီး အသာချပေးရာ ကျော်သူရက ပိုင်နယ်တီစည်းထိပ်မှ မနားတမ်း ကန်သွင်းလိုက်၍ ဘဏ္ဍာ/အခွန် ဖွင့်ဆော်ဦး ဂိုးစရသည်။ ဂိုးရရှိသွား၍ ဘဏ္ဍာ/အခွန် တိုက်စစ်ပို၍ အသက်ဝင်လာပြီး ဆက်တိုက်ဆိုသလို ဖိကစားလာနိုင်ခဲ့သည်။ ပထမပိုင်းပြီးရန် တစ်မိနစ်အလိုတွင် ပိုင်နယ်တီစည်းနား၌ ရရှိသော ပြစ်ဒဏ်ဘောလုံးကို သမ္ဘာရင့် လူဟောင်းကြီးမျိုးလှိုင်ဝင်းက ဂိုးရှေ့ အသာကန်တင်ပေးရာ နောက်ခံလူ စိုးမြတ်မင်းက ခေါင်းတိုက်သွင်းယူလိုက်၍ ပထမပိုင်းအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်း၌ ရန်ပိုင်အစား နိုင်ငံ့ဂုဏ်ဆောင်ကစားသမား မြန်မာလူငယ် (ယူ–၁၈)အသင်းမှ ကွင်းလယ်ဖန်တီးရှင် ထွန်းထွန်းဝင်း ဝင်ရောက်ကစားသွားသည်။ ထွန်းထွန်းဝင်းအနေဖြင့် ဘဏ္ဍာ/အခွန်အသင်းအတွက် ကစားသော ပထမဦးဆုံးပွဲလည်းဖြစ်သည်။ ထွန်းထွန်းဝင်းသည် ဘဏ္ဍာ/အခွန်အသင်း၌ ကစားကွက်နှင့် အံဝင်အောင်ကစားသွားနိုင်ပြီး ဖန်တီးပေးမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတစ်ချိန်လုံး ဘဏ္ဍာ/အခွန်အသင်းက ပွဲကိုဦးဆောင်ပြီး ကစားသွားနိုင်သည်။ သတ္တုတွင်းအသင်းမှာ တန်ပြန်တိုက်စစ်ကိုသာ အားကိုးခဲ့သော်လည်း အတွေ့အကြုံရှိသော ဘဏ္ဍာ/အခွန်နောက်တန်းက ကောင်းစွာထိန်းချုပ်နိုင်ခဲ့သည်။

ခေါင်းတိုက်သွင်း

ပွဲအစနှစ်မိနစ်မှာပင် ကျော်သူရက ဘယ်ကြောမှ ဂိုးရှေ့သို့ ဆွဲပြေးပြီး ကန်သွင်းယူ၍ ဘဏ္ဍာ/အခွန်အသင်း တတိယဂိုး ထပ်မံရရှိသွားသည်။ ထို့နောက်ပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက တရစပ်ထိုးဖောက်ကြရာ သတ္တုတွင်းဂိုးပိုက်နားတွင်တလည်လည်ဖြစ်ခဲ့သော်လည်း စတုတ္ထဂိုးကို ချေမလိုနှင့်ပေးခဲ့ရသည်။ဘဏ္ဍာ/အခွန်အသင်းအတွက် စတုတ္ထဂိုးနှင့် (ပွဲသိမ်းဂိုး)ကို ပွဲပြီးခါနီး ငါးမိနစ်အလိုတွင် ညာကြောမှ အောင်ဟိန်းလတ် ကန်တင်ပေးသောဘောလုံးကို လက်ရွေးစင်ဟောင်း မျိုးလှိုင်ဝင်းက လှလှပပ ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်း အနေဖြင့် အုပ်စုကျပ်ကိုကျော်လွှန်နိုင်ရန်အတွက် နောက်နှစ်ပွဲအဖြစ် အသင်းကြီးနှစ်သင်းနှင့် အရေးကြီးသောပွဲအဖြစ် ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ နိုင်ပွဲဆက်နိုင်ရန်အတွက် ယခုထက် ပိုမိုကောင်းမွန်သော မြိုင်ဆိုင်ပြီးအတွဲမိလှသော ကစားကွက်အကောင်းဆုံးအနေအထားသို့ရောက်ရှိရန် လိုပေလိမ့်မည်။

ပါဝင်ကစား

ဘဏ္ဍာ/အခွန်အသင်းတွင် ဂိုး–ဇော်မျိုးလတ်၊ နောက်တန်း–အောင်ဟိန်းလတ်၊ စိုးမြတ်မင်း(မင်းမင်းအောင်)၊ မိုးကျော်သူ၊ အောင်ကျော်မြင့်၊ စိုးလင်းထွန်း၊ အလယ်တန်း–လွင်ဦး၊ ကျော်သူရ၊ အောင်ကျော်မိုး၊ (ကိုကိုနိုင်)၊ ရှေ့တန်းတွင် မျိုးလှိုင်ဝင်းနှင့် ရန်ပိုင် (ထွန်းထွန်းဝင်း)တို့ ပါဝင်ကစားသွားကြပြီး၊ သတ္တုတွင်းအသင်းတွင် ဂိုး–ထွန်းဇော်ဝင်း၊ နောက်တန်း–အောင်ကျော်ခိုင်(သိန်းလွင်)၊ မျိုးလွင်၊ သီဟ၊ အုန်းစိန်၊ အလယ်တန်း–မင်းဇော်အောင်၊ ကျော်စိုးလင်း၊ သူရအောင်၊ ဝဏ္ဏ(ဝင်းမြင့်)၊ ရှေ့တန်းတွင် ဝင်းဇော်အောင်နှင့် ကိုကိုနိုင်(မျိုးမင်းထိုက်)တို့ ပါဝင်ကစားသွားကြသည်။

ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်အား အသင်းအခြေအနေကို မေးမြန်းကြည့်ရာ “ယနေ့ပွဲ မိမိတို့အသင်း ကောင်းကောင်းမကစားနိုင်ခဲ့ကြောင်း၊ ကလေးတွေ ကစားကွက်နှင့် အံဝင်မှုတွေ လွဲချော်နေကြကြောင်း၊ မိမိတို့အသင်း ကစားသမား စုံစုံညီညီ လေ့ကျင့်မှုမလုပ်ရ၍ Line-up ထုတ်ဖို့ပင်အခက်အခဲရှိခဲ့ကြောင်း၊ ယနေ့ပွဲပေါ်မူတည်ပြီး နောက်ပွဲများတွင် လူအပြောင်းအလဲများ လုပ်သွားမည်ဖြစ်ကြောင်း၊မိမိတို့အသင်းအောင်မြင်မှုရရေးအတွက် ဌာနဆိုင်ရာ အကြီးအကဲများက ပံ့ပိုးအားပေးကြသလို Bagan Cybertech နှင့် Maykha တို့မှ စပွန်ဆာလုပ်ထားကြောင်း၊ ကျန်းမာရေးအခြေအနေကြောင့် နားနေရသည့် အောင်အောင်ဦး၊ ခြေသန်းဒဏ်ရာကြောင့်နားနေသည့် ဟိန်းဇေယျာကျော်တို့ နောက်အပတ်တွင် ထရိန်နင်စတင်လုပ်နိုင်မည်ဖြစ်ကြောင်း၊ နောက်တွေ့ရမည့် စီးပွား/ကူးသန်းရော မြို့တော်စည်ပင်ပါ အသင်းကောင်းများဖြစ်၍ ပေါ့ဆ၍မရကြောင်း၊ တစ်ချက်မှားသည်နှင့် ရှုံးသွားနိုင်ကြောင်း၊ သို့ဖြစ်ရာ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပြီး လက်ရှိချန်ပီယံဘွဲ့ ထိန်းသိမ်းနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း” ကြေးမုံသို့ ပြောကြားသည်။

အားဖြည့်ထား

ထို့နောက် ကြေးမုံက သတ္တုတွင်းအသင်းအား ဆက်လက်မေးမြန်းခဲ့ရာ အသင်းနည်းပြ ဦးမျိုးသန့်က “ယမန်နှစ် ဘောလုံးရာသီ အပြီးမှစ၍ ဆက်တိုက်လေ့ကျင့်ခဲ့ကြောင်း၊ ယခင်လူဟောင်းများနှင့် အားဖြည့်ထားသော ခြောက်ယောက်တို့ တွဲဖက်၍ ပွဲထုတ်သွားမှာဖြစ်ကြောင်း၊ မိမိတို့အသင်းက အသင်းကြီးများနှင့် တစ်အုပ်စုတည်းကျနေ၍ အုပ်စုတက်ရေး အခွင့်အလမ်းမှာ အလွန်မှေးမှိန်ကြောင်း၊ သို့သော် ဂိုးပြတ်မရှုံးရရေးနှင့် အကောင်းဆုံးဖြစ်အောင်ကစားသွားမည်ဖြစ်ကြောင်း” ပြောကြားသွားခဲ့သည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
တပ်မတော်ကြည်း(က)နှင့်
ပတ္တမြားနဂါး။

(ကြေးမုံ)

ပွဲစဉ်အလိုက် အကောင်းဆုံးဆုရ ကျော်သူရ(ဘဏ္ဍာ/အခွန်)။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

သစ်သီးအလှ ပြုပြင်မှုသင်တန်း

ရန်ကုန် ဩဂုတ် ၂၉

အခြေခံ သစ်သီးအလှပြုပြင်မှု သင်တန်းကို စက်တင်ဘာ ၇ရက်တွင် အမှတ် (၄၅၁) သုမင်္ဂလာလမ်း (၇) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်တွင် ဖွင့်လှစ် သင်ကြားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်သင်ကြားလိုသူများသည် ဖုန်း– ၅၇၉၉၇၃သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ပရီမီယာလိဂ်ပွဲစဉ်(၄) ပြိုင်ပွဲများ

အားကစားသတင်းထောက်

ရန်ကုန် ဩဂုတ် ၂၉

ပရီမီယာလိဂ်ပွဲစဉ်(၄)ပြိုင်ပွဲများကို ဩဂုတ် ၃၀(ယနေ့)နှင့်မနက်ဖြန်(ဩဂုတ် ၃၁ရက်)တို့တွင် ကစားကြမည်။ ယနေ့ ပွဲစဉ်များမှာအက်စတန်ဗီလာ–လက်စတာ၊ ဘော်လ်တန်–ချာလ်တန်၊ ချယ်လ်ဆီး–ဘလက်ဘန်း၊ အဲဗာတန်–လီဗာပူး၊ မစ်ဒယ်လ်ဘာရိုး–လိဒ်စ်၊ နယူးကာဆယ်–ဘာမင်ဂမ်၊ စပါး(စ်)–ဖူလ်ဟမ်း၊ ဝုတ်ဗာဟမ်ပ်တန် ပို့စ်မောက် အသင်းတို့ဖြစ်သည်။

မနက်ဖြန် (တနင်္ဂနွေနေ့)ပွဲစဉ်များအဖြစ် အာဆင်နယ်–မန်စီးတီး၊ မန်ယူ–ဆောက်သမ်တန် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်။

အာစင်နယ်ဦးဆောင်

လောလောဆယ်အနေအထားအရ ပရီမီယာလိဂ်ပြိုင်ပွဲတွင် အာစင်နယ်က ရှေ့မှဦးဆောင်လျက်ရှိသည်။ အာစင်နယ်နှင့်မန်ယူတို့သည် သုံးပွဲဆက်တိုက် အနိုင်ရကြသော်လည်း ဂိုးကွာခြားချက်ကြောင့် အာစင်နယ်ရှေ့သို့ ရောက်သွားခြင်းဖြစ်သည်။

ချန်ပီယံလိဂ် ခြေစစ်ပွဲကစားရမည်ဖြစ်သောကြောင့် ချယ်လ်ဆီး–ဘာမင်ဂမ်ပွဲစဉ်ကို ရွှေ့ထားရသည်။အကယ်၍ ချယ်လ်ဆီးကစားခဲ့ရပါက သုံးမှတ်ရနိုင်သည်။ နိုင်ပွဲသုံးပွဲဖြင့် ထိပ်တန်းသုံးသင်းတွင် ပါဝင်ဖွယ်ရှိသည်။

ပို့စ်မောက်–ဝုတ်ဗာဟမ်ပ်တန်

နှစ်သင်းစလုံးသည် ပထမတန်းမှ တက်လာသောအသင်းများဖြစ်သည်။ ယခုဘောလုံးရာသီတွင် ပို့စ်မောက်သည် ခြေစွာနေသောအသင်းဖြစ်သည်။ အဆင့်မြင့်တန်းအသင်းများဖြစ်သည့် ဗီလာ၊ ဘော်လတန်တို့ကိုနိုင်ပြီး မန်စီးတီးကို သရေကျသည်။

ဝုတ်ဗာဟမ်ပ်တန်သည် ပွဲတိုင်းရှုံးထားသောအသင်းဖြစ်သည်။

ပို့စ်မောက်သည် ခုနစ်ဂိုးသွင်းပြီး နှစ်ဂိုးပေးရသည်။ ဝုတ်ဗာဟမ်ပ်တန်မှာ ၁၀ဂိုး သွင်းခံရပြီး တစ်ဂိုးသာပြန်သွင်းနိုင်သည်။ မည်သို့ပင်ဖြစ်စေ ကြည့်ကောင်းမည့်ပွဲဖြစ်သည်။ အိမ်ကွင်းကစားရမည်ဖြစ်သောကြောင့် ဝုတ်ဗာဟမ်ပ်တန်ပရိသတ်အားရှိသည်။ သို့သော်အိမ်ကွင်းမှာလည်း ဝုတ်ရှုံးသည်။ စပါး(စ်)မှပြောင်းလာသော ရှုရင်ဂမ်၊ လီဗာပူးမှပြောင်းလာသော ဘာဂါတို့သည် ပို့စ်မောက်တွင် ခြေစွမ်းပြလျက်ရှိသည်။ ရှုရင်ဂမ်သည် ဘော်လ်တန်နှင့်ပွဲတွင် သုံးဂိုးဆက်တိုက်သွင်းပြီး ဟက်ထရစ်ယူခဲ့သည်။ မည်သို့ပင်ဖြစ်စေ အောက်တန်းမှ တက်လာသောအသင်းချင်းအတူ ဝုတ်ဗာဟမ်ပ်တန် ခံကစားလိမ့်မည်။ ပို့စ်မောက်ယခုပွဲ ခြေမပေါ်လျှင် သရေနှင့်အရှုံးဖြစ်နိုင်သည်။ ပို့စ်မောက်နိုင်ခြေရှိသည်။

ချယ်လ်ဆီး–ဘလက်ဘန်း

ချယ်လ်ဆီးသည် လီဗာပူးနှင့် လက်စတာတို့ကို နိုင်သည်။ ချန်ပီယံလိဂ်ခြေစစ်ပွဲကြောင့် တစ်ပွဲမကစားရသေးဘဲရှိသည်။ ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ဇီလီနာကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်သည်။ ချယ်လ်ဆီးသည် တစ်ပွဲထက်တစ်ပွဲ ကောင်းလာသည်။

ဘလက်ဘန်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။

ဘလက်ဘန်း ကစားကွက်ကျဲသည်။ ကွင်းလယ်အားနည်းသည်။ တောင်ပံများမှ ထိုးဖောက်ကစားတတ်သည်။ ကိုးလ်နှင့် ဒွိုက်ယော့ခ်တို့ ခြေစွမ်းမပြနိုင်သေးဘဲရှိသည်။ အင်နှင့်အားနှင့်ကစားနိုင်သော်လည်း အပေးအယူ၊ နားလည်မှုလွဲနေသည်။

တစ်ပွဲထက်တစ်ပွဲ ချယ်လ်ဆီးခြေစွမ်းပြလာသည်။ လက်စတာ၊ ဇီလီနာတို့နှင့် ကစားသောပွဲတွင် တစ်ချက်ထိကစားကွက်လုပ်ပြီး ထိုးဖောက်ကစားသည်။ နားလည်မှုပိုရှိလာသည်။ လက်ရှိအနေအထားကို ချိန်ကြည့်လျှင် ချယ်လ်ဆီးသာသည်။ နောက်ကြောင်းသမိုင်းများ အရဆိုလျှင် ဘလက်ဘန်းနိုင်ပွဲများသည်။ နောက်ပိုင်းနှစ်များတွင် သရေများသည်။ အနိုင်အရှုံးမှာ တစ်ဂိုးလောက်သာကွာသည်။ ယခုပွဲတွင် ချယ်လ်ဆီးနိုင်ရန်အလေးသာသည်။

လီဗာပူး–အဲဗာတန်

လီဗာပူးသည် နှစ်ပွဲသရေ၊တစ်ပွဲရှုံးသည်။ ပွဲဦးထွက် ခြေအနေဆိုလျှင် စပါး(စ်)၊ ဗီလာတို့ကိုနိုင်သင့်သည်။ သို့သော် လီဗာပူးခြေခါက်နေသည်။

အဲဗာတန်က တစ်ပွဲရှုံး၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျသည်။

လီဗာပူးသည် မြေပြင်မှကစားကွက်ဆင်ကစားသည်။ ကွင်းလယ်မှ ဖန်တီးမပေးနိုင်သောကြောင့် ဟက်စကီးနှင့် အိုဝင်တို့ ဂိုးရအောင်မသွင်းနိုင်ဘဲ ဖြစ်နေသည်။

ပွဲကြီးပွဲကောင်း

ပွဲစဉ်(၃)တွင် အဲဗာန်တန်သည် ချာလ်တန်ကို သူတစ်ပြန်ကိုယ်တစ်ပြန် ကစားနိုင်သည်။ ၎င်းပွဲအရဆိုလျှင် လီဗာပူးနှင့်ပွဲသည် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်လိမ့်မည်။ သို့သော် အလယ်တန်းတွင် ဒဏ်ရာရနေသူများနေသောကြောင့် အားပျော့နေသည်။ ကင်းဘဲလ်နာနေသည်။ ရှေ့တန်းတွင် ရွှန်နေတစ်ယောက်သာရှိသည်။

အနေအထားအရ လီဗာပူးသာသည်။ အားထည့်ကစားလျှင် လီဗာပူးနိုင်နိုင်သည်။ သို့သော်နှစ်သင်းစလုံးသည် တစ်မြို့တည်းမှဖြစ်သည်။ အရှုံးမပေးတမ်း ကစားမည်ဆိုလျှင် သရေကျမည့်ပွဲဖြစ်သည်။

တနင်္ဂနွေနေ့ပွဲစဉ်များ
အာစင်နယ်–မန်စီးတီး

အာစင်နယ်သည် သုံးပွဲဆက်တိုက်နိုင်ပြီး ရှေ့မှဦးဆောင်ထားသည်။ မန်စီးတီးကလည်း ဘလက်ဘန်း၊ ချာလ်တန်ကိုနိုင်ပြီး ပို့စ်မောက်နှင့်သရေကျသည်။

ယခုပွဲမှာ ပရိသတ်စိတ်ဝင်စားသော ပွဲဖြစ်သည်။ အာစင်နယ်မှထွက်လာသော အနယ်လ်ကာနှင့် ဆီးမင်းတို့က ဝင်းဂါးကို ပြန်တွယ်မည့်ပွဲဖြစ်သည်။ အနယ်လ်ကာသည် မန်စီးတီးရောက်မှ ခြေစွမ်းထက်နေသည်။ ကစားအားကောင်းသည့်အသင်းဖြစ်သည်။ ဘလက်ဘန်းနှင့်ပွဲတွင် မန်စီးတီးကောင်းသည်။ အာစင်နယ်ကိုယှဉ်ရန် ခြေသွေးသလား ထင်ရအောင်ကစားသွားသည်။ နှစ်သင်းစလုံး ကွင်းလယ်ကစားကွက်ကောင်းသည်။ မန်စီးတီးက အာစင်နယ်ကစားကွက်ကို အင်နှင့်အားနှင့်ဖျက်မည်ဆိုလျှင် အာစင်နယ် အကျပ်တွေ့နိုင်သည်။ တစ်ခုပြောစရာရှိသည်မှာ မန်စီးတီးနောက်တန်း အနည်းငယ်ပျာယာခတ်သည်။ တစ်ချက်တစ်ချက် နားလည်မှုလွဲသည်။ အာစင်နယ်က ရေရှည်တွင် ကစားအားကျသည်။ သမိုင်းကြောင်းနှင့်ပြန်ပြောရလျှင် အာစင်နယ်ကသာနိုင်ခဲ့သည်။ သို့သော် ယမန်နှစ်က သရေတစ်ပွဲကျသည်။ ပထမအကျော့ကဲ့သို့ ငါး–တစ်ဖြစ်စ်ရန်ခဲယဉ်းသည်။ ဟင်နရီ၊ဘားကမ့်၊ ဗီအယ်ရာ၊ ပီးလ်တော့၊ ယွန်းဘတ်တို့ မည်မျှဂိုးသွင်းနိုင်မည်နည်း ဆိုသည်ကို ကြည့်ရမည်။ အာစင်နယ်က ခြေသာ၊ ကစားကွက်သာသည်။ ရှုံးစရာမရှိသော်လည်း သရေနှင့်အနိုင် တစ်ခုဖြစ်နိုင်သည်။

မန်ယူ–ဆောက်သမ်တန်

ဆောက်သမ်တန်သည် သုံးပွဲစလုံးသရေကျသည်။ မန်ယူက သုံးပွဲဆက်တိုက်နိုင်သည်။ ဇယားအရ ဒုတိယနေရာမှ လိုက်နေသောအသင်းဖြစ်သည်။

မန်ယူသည် ဝုတ်နှင့်ပွဲတွင် ပုံစံတစ်မျိုးဖြင့် ပွဲထွက်လာသည်။ ကစားသမားအသစ်များဖြင့် ကစားသည်။ ကစားသမားအသစ်များ အတွဲမမိသေးဘဲဖြစ်နေကြသည်။ ဆောက်သမ်တန်နှင့်ပွဲတွင် ယခုကဲ့သို့သွားလုပ်လျှင် မန်ယူ ဒုက္ခရောက်သွားလိမ့်မည်ဖြစ်သည်။ ပွဲထွက်ကတည်းက ခြေစမ်းနေသောမန်ယူသည် ယခုအထိ စမ်းကောင်းတုန်းဖြစ်သည်။ မနှစ်က ပွဲအစပိုင်း အရှုံးမျိုးနှင့်မကြုံရသော်လည်း ခြေမငြိမ်သေးချေ။

ဆောက်သမ်တန်ကို မန်ယူက ငယ်နိုင်အသင်းလိုဖြစ်နေသည်။ ယမန်နှစ်က မန်ယူက နှစ်ဂိုး–တစ်ဂိုး၊ နှစ်ဂိုး–ဂိုးမရှိနိုင်ခဲ့သည်။ ယခုပွဲတွင် မန်ယူနိုင်ဖို့များသည်။ ဆောက်သမ်တန်၏ ကစားအားကို အနည်းငယ် တင်ပေးလျှင် ဂိုးပြတ်ဖြစ်နိုင်ဖွယ် မရှိချေ။ **(ကြေးမုံ)**

မဟာသရဏဂုံသင်တန်း ပို့ချမည်

ရန်ကုန် ဩဂုတ် ၂၉

ဗဟန်းမြို့နယ် အာဇာနည်လမ်း(ရွှေတိဂုံဘုရားအရှေ့ဘက်) ရှင်သာမဏေ ဓမ္မဗိမာန်တော်ကြီးတွင် စက်တင်ဘာ ၆ရက် (စနေနေ့)မှစ၍ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁၂နာရီခွဲမှ ၂နာရီခွဲအထိ မဟာသရဏဂုံ သင်တန်းကို သင်ကြားပို့ချမည်ဖြစ်ရာ မည်သူမဆို စာရင်းသွင်းတက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

❒ **စာမျက်နှာ ၉ မှ**

ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မန္တလေးနန်းမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ညှိရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေးနည်းပညာ ဝန်ကြီးဌာနဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှထွက်ခွာကြရာ နံနက် ၁၀နာရီတွင် ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဦး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မကွေးတိုင်း တိုင်းမန်နေဂျာဦးသွင်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယွန်းပညာကောလိပ်

ရှေးဦးစွာ ဧည့်သည်တော်ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀နာရီတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ယွန်းပညာကောလိပ်သို့သွားရောက်ကြပြီး ကောလိပ်ကျောင်းသား၊ ကျောင်းသူများက ယွန်းထည်ပစ္စည်းအမျိုးမျိုး ပြုလုပ်မှုအဆင့်ဆင့်ကို သရုပ်ပြ ပြုလုပ်နေကြသော ယွန်းနည်းစဉ်ပြခန်း၊ ယွန်းပြတိုက်နှင့် လက်မှုပစ္စည်းအရောင်းခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော်ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း ပြသထားသော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် လက်ရာများကို ကြည့်ရှုလေ့လာကြရာ ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂နာရီတွင် အာနန္ဒာဘုရားသို့ သွားရောက်ကြပြီး ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းများဆက်ကပ်ပူဇော်၍ ကြည်ညိုကြသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးသည် ဘုရားဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ဂေါပကအဖွဲ့မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဖူးမြော်

ဆက်လက်၍ ဧည့်သည်တော်ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေစည်းခုံစေတီတော်သို့ရောက်ရှိကြပြီး စေတီတော်အရှေ့ဘက်မုခ်အာရုံခံတန်ဆောင်း၌ သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းများဆက်ကပ်ပူဇော်ကြည်ညိုကြကာ စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြသည်။

ညပိုင်းတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ဧည့်သည်တော်ဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ သီရိပစ္စယာ ဆာကူရာဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော်ဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၉ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တည်ခင်းဧည့်ခံ

မြန်မာ-အိန္ဒိယ စီးပွားရေးအသင်း (MIBC)က အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးဌာနဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဒူးဆစ်အင်းလျားလိတ်ဟိုတယ် (Dusit Inya Lake) ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ နေ့လယ်စာစားပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး၊ မြန်မာ-အိန္ဒိယစီးပွားရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ-အိန္ဒိယစီးပွားရေးအသင်းဥက္ကဋ္ဌကိုယ်စား အသင်းဝင် Mr. Rajul Goenka က ဧည့်သည်တော်ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးက ဧည့်သည်တော်ဝန်ကြီးအား မြန်မာ-အိန္ဒိယစီးပွားရေးအသင်းဝင်များနှင့် မိတ်ဆက်ပေးရာ ဧည့်သည်တော်ဝန်ကြီးက ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာ-အိန္ဒိယစီးပွားရေးအသင်း-အသင်းဝင်Mr. C. Murli က ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးများနှင့်ဧည့်သည်တော်များသည် နေ့လယ်စာအတူ သုံးဆောင်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်အား အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့်သတင်း ပြန်ကြားရေးနည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Arun Shourie ခေါင်းဆောင်သောအဖွဲ့ မန္တလေးနန်းမြို့ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းတွင် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်အပ်နှင်း

ရန်ကုန် ဩဂုတ် ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့နံနက်၁၀နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာအစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများအား ဘွဲ့တံဆိပ်အပ်နှင်းခြင်းနှင့် ၂၀၀၂-၂၀၀၃ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်အသီးသီးရရှိသော စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအား ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်တို့က ဘွဲ့တံဆိပ်များအပ်နှင်းကြသည်။ ဆက်လက်၍ ၂၀၀၂-၂၀၀၃ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ၊ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသော စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းသားသမီး ၂၈ဦးတို့အား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဂုဏ်ပြုဆုချီးမြှင့်သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခံရသည့် ဝန်ထမ်းများအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ငွေသားနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်စဉ်။ (စွမ်းအင်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲစာမူများ သတ်မှတ်ရက်အမီပေးပို့ရေးထပ်မံနှိုးဆော်

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၃ ခုနှစ်(၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ဖြစ်သည်။ပြိုင်ပွဲဝင်စာမူများနောက်ဆုံး ပေးပို့ရမည့်ရက်မှာ ဩဂုတ် ၃၁ရက်ဖြစ်၍ အချိန်မီပေးပို့ကြရန် ထပ်မံနှိုးဆော်ထားသည်။ စာပေပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များမှာ ယခင်ထုတ်ပြန်ထားသည့်အတိုင်းဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး၊ အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ကုမ္ပဏီလမ်းညွှန် စီးပွားရေးပညာ ပို့ချမည်

ရန်ကုန် ဩဂုတ် ၂၉

နိုင်ငံတော်က ချမှတ်ကျင့်သုံးလျက်ရှိသော စီးပွားရေးဦးတည်ချက်လေးရပ် အကောင်အထည် ဖော်ရာတွင် အထောက်အကူပြုနိုင်စေရေး၊ စီးပွားရေး အသိပညာများ တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ဈေးကွက်ထိုးဖောက်နိုင်စေရေး၊ ပြည်တွင်းစွမ်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်စေရေး ရည်ရွယ်ချက်များဖြင့် ကုမ္ပဏီလမ်းညွှန် စီးပွားရေး ပညာပေး သုံးလသင်တန်းကို စက်တင်ဘာ ၅ရက်မှ စတင်၍ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်) ကိုယ်တိုင် တတ်သိနားလည်အောင် ထိထိရောက်ရောက် သင်ကြားပေးမည်ဟု သိရသည်။

ဆက်သွယ်နိုင်

အထူးအစီအစဉ်အဖြစ် အရည်အသွေးပြည့် စီမံခန့်ခွဲမှု (Total Quality Management) (TQM) ဘာသာရပ်ကို Free e-mail Course အဖြစ်ပေးပို့ပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ကုမ္ပဏီလမ်းညွှန် အမှတ် (၂၇၆)၊ ၃၉ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ဖုန်း-၂၄၂၅၈၃ e-mail: cgml @ yangon.net.mm သို့ ကြိုတင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

ကွန်ပျူတာအသင်းချုပ်နှင့်အသင်းများ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးရက်ရွှေ့

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCSA)၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)၊ မြန်မာနိုင်ငံကွန်ပျူတာ ဝါသနာရှင်အသင်း (MCEA)၊ ကွန်ပျူတာအသင်းများ၏ ၂၀၀၂-၂၀၀၃ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၃၀ရက် (စနေနေ့)တွင် ကျင်းပရန်ဖိတ်ကြားထားသော်လည်း အကြောင်းမညီညွတ်ပါသဖြင့် ရက်ရွှေ့ဆိုင်းကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အနုပညာသင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၂၉

ဂီတပညာကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် တတ်ကျွမ်းလိုသူများအတွက် ဂစ်တာတီးသင်တန်းများကို နတ်သမီးအနုပညာလုပ်ငန်းစုတွင် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ ဂစ်တာတီးသင်တန်းအပြင် ပန်းချီသင်တန်း၊ ဝတ္ထုဇာတ်ညွှန်းရေးနည်းသင်တန်းများနှင့် Attractive Art Course သင်တန်းများ အနုပညာလုပ်ငန်းစုတွင် ဖွင့်လှစ်လျက်ရှိရာ စက်တင်ဘာလတွင် ဖွင့်လှစ်မည့်တန်းခွဲများအတွက် သင်တန်းသားများ လက်ခံလျက်ရှိပြီး စိတ်ဝင်စားသူများ နတ်သမီးအနုပညာလုပ်ငန်းစု အမှတ် (၂၉၁) မြေညီထပ်၊ လမ်း၄၀ အထက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၂၈၁၁၇၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အတွေးသစ်ဂျာနယ် အတွဲ(၃) အမှတ်စဉ်(၁၄၈) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၉

မထေရ်မြတ်တို့စကားဝိုင်း၊ နေနှင့်လ၊ စာရေးဆရာ ကဗျာဆရာ ဘယ်လိုဖြစ်လာသလဲ၊ သမိုင်းထဲက ဘုရင်များ၊ မရှိဝမ်းစာရှိတန်ဆာ၊ ခွင့်လွှတ်တတ်မှုအနုပညာ၊ နာကျင်မှုဝေဒနာ၊ သင်သိထားသင့်သည့် မြန်မာနိုင်ငံကျူးလက်မှတ်အကြောင်းနှင့် ဖတ်ဖို့လက်တို့လိုက်ပါတယ် အပါအဝင် စာကောင်းကောင်း ဖတ်လိုသူများအတွက် အတွေးသစ်ဂျာနယ်ကို ဖြန့်ချိထားကြောင်းသိရသည်။ **(ယာပုံ)**

(က-ပ)

ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်သို့ ကြည်ညို ညွှတ်တွား ပူဇော်ကြရာဝယ်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးသည် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူတို့၏ အံ့မခန်း ကြည်ညိုညွှတ်တွား ပူဇော်ကြသည့် ထင်ရှားသည့် စေတီတော်ကြီး တစ်ဆူဖြစ်ပြီး ဘက်စုံမွမ်းမံလျက်ရှိသည်။ (ဝဲပုံ)

ယခင်ကာလများက ခြေကျင်ခရီးဖြင့်သာ တက်ရောက် ဖူးမြော်နိုင်ခဲ့ကြသော်လည်း ယခုအခါ မော်တော်ယာဉ်ဖြင့် မပင်မပန်းဘဲ အချိန်တိုတိုဖြင့် တက်ရောက် ပူဇော်နိုင်ကြရန် မော်တော်ယာဉ်ခရီး စီစဉ်ထားသည်။ (အောက်ဆုံးယာပုံ)

ကင်ပွန်းစခန်းမှနေ၍ ရသေ့တောင်အထိ မော်တော်ယာဉ်ဖြင့်တက်၍ ရသေ့တောင်မှ ရင်ပြင်တော်ပေါ်သို့ ခြေကျင်တက်ရောက်ရာတွင် ကလေးငယ်အချို့ကို အထမ်းငှား၍ တက်ရောက်ကြသည်ကို တွေ့ရသည်။ (အောက်ဆုံးဝဲပုံ)

ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးလာ ရဟန်းပြည်သူများဖြင့် ဤသို့ စည်ကားလျက်ရှိပေသည်။ (အောက်ပုံ)

သတင်းမှတ်စု – ကျော်စိန်
ဓာတ်ပုံ – သွင်အေး (ကြေးမုံ)

❀ မန္တလေးမှ

မြို့သာနှင့် တံတားဦးသည် မိုင် ၂၀ ကွာဝေးပြီး တံတားဦးမှ မန္တလေးထိ ၁၅ မိုင် ကွာဝေးသည်။ မြင်းခြံ–နဘူးအိုင်–မြို့သာ–တံတားဦး လမ်းသည် မန္တလေးသို့ ၆၇ မိုင် ခြောက်ဖာလုံ ကွာဝေးသည်။

မန္တလေး–မြင်းခြံ လမ်းဟောင်းက မန္တလေးမှ စဉ့်ကိုင် ၁၉မိုင်၊ စဉ့်ကိုင်မှ ကျောက်ဆည် ၁၂ မိုင်၊ ကျောက်ဆည်မှ ရေဝန်း ၁၁ မိုင်၊ ရေဝန်းမှ မြစ်သာ ငါးမိုင်၊ မြစ်သာမှ နွားထိုးကြီး ၃၀မိုင်၊ နွားထိုးကြီးမှ မြင်းခြံ မိုင် ၂၀ ရှိရာ စုစုပေါင်း ၉၈မိုင်ကွာဝေးသည်။ ပြုပြင်နေသော မန္တလေး–တံတားဦး–မြို့သာ–နဘူးအိုင်–မြင်းခြံ လမ်းသစ်က ၆၇ မိုင် ခြောက်ဖာလုံသာ ကွာဝေးရာ မိုင် ၃၀ကျော် တိုတောင်းသက်သာသွားသည်။

တိုတောင်းသက်သာ

မြင်းခြံမှ ပုဂံ–ညောင်ဦးသို့ မြင်းခြံ–ပုဂံရထားလမ်းနှင့်အပြိုင် ဖောက်လုပ်နေသော မြစ်ရိုးလမ်း၊ မြင်းခြံ–မာလာ–ကျောဇီ–လက်ပံခြေပေါ်–ပုဂံ–ညောင်ဦးသို့ ဆက်သွယ်ဖောက်လုပ်ရာ မိုင် ၄၀ နှင့် နှစ်ဖာလုံကွာဝေးသည်။ မူလလမ်းဟောင်းဖြစ်သော မြင်းခြံ–တောင်သာ–ပုပ္ပား–ပုဂံ–ညောင်ဦးလမ်းသည် ၇၉မိုင် ကွာဝေးသဖြင့် မြစ်ရိုးလမ်းသစ်က ၃၈ မိုင် ခြောက်ဖာလုံ တိုတောင်းသက်သာသည်။

မန္တလေး – မြင်းခြံ – ပုဂံ – ညောင်ဦး ယခင်လမ်းဟောင်းက ၁၇၇ မိုင် ကွာဝေးပြီး မန္တလေး–မြင်းခြံ–ပုဂံ–ညောင်ဦးလမ်းသစ်က ၁၀၈ မိုင်သာ ကွာဝေးရာ မိုင်ပေါင်း ၇၀ နီးပါး တိုတောင်း သက်သာသွားသည်။

မန္တလေး–မြင်းခြံ–ပုဂံ–ညောင်ဦး မော်တော်ကားလမ်းသစ် ကတ္တရာလမ်းတိုးမြှင့်ဆောင်ရွက်ရေးကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ လမ်းမပေါ်ရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေးရွာများအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာစေရုံသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေသည်။

စိုက်ပျိုးရေးတစ်ခေတ်ထွန်းသစ်

မြင်းခြံ–ပုဂံ–ညောင်ဦး လမ်းပေါ်ရှိ ကျေးရွာ ၁၉ ရွာသည် ကျေးရွာချင်းဆက်လမ်းများ ဖြစ်ပေါ်လာကာ အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည့်အပြင် ပတ်ဝန်းကျင် ကျေးလက်ဒေသများ သွားရေးသာ၍ လာရေးဖြောင့်ကာ ဖွံ့ဖြိုးတိုးတက် စည်ပင်လာသည်။ ယခင်က ညောင်ဦးမှတစ်ဆင့် ပခုက္ကူသို့ ကျွန်းချောင်းဇက်ဆိပ်မှ ကူးရသဖြင့် ၂၇မိုင်ကွာဝေးရာ ယခု လက်ပံခြေပေါ် ဇက်ဆိပ်မှတစ်ဆင့် ကူးနိုင်သဖြင့် ၁၄ မိုင်သာ ကွာဝေး၍ ၁၃ မိုင် တိုတောင်း သက်သာသွားသည်။ လက်ပံခြေပေါ် ကျေးရွာသည် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်သာမက မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေးတစ်ခေတ် ထွန်းသစ်လာလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်

မန္တလေး–တံတားဦး–မြို့သာ–မြင်းခြံ–ပုဂံညောင်ဦး လမ်းသစ်သည် အချိန်တိုတိုနှင့် လိုရာခရီးကို လျင်မြန်စွာ ရောက်ရှိနိုင်သကဲ့သို့ မြင်းခြံ မြောက်ဘက်နှင့် ငါန်းဇွန်အရှေ့ခြမ်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်သော အခြေအနေကောင်းများကို ရရှိစေသည်။ မြင်းခြံမြောက်ဘက်မှ လယ်သစ်၊ ကျောက်ပြွတ်၊ တူးရင်းဗိုလ်၊ ကျောက်ကန်၊ ဇီးပင်ကန်၊ ကုက္ကဲ၊ လေတန်း၊ ရွှေပေါ်ကျွန်း၊ ငွေပေါ်ကျွန်း၊ သက္ကယ်ချင်း စသည့် ကျေးရွာများ၊ ငါန်းဇွန်အရှေ့ခြမ်း ညောင်ပင်တန်း၊ ကျွဲစိန်၊ ဖောင်ကတော၊ ရေကမိုး၊ မြင်းသည် စသည့် ကျေးရွာများသည် ခရိုင်မြို့ကြီးဖြစ်သည့် မြင်းခြံ၊တိုင်းမြို့ကြီးဖြစ်သည့် မန္တလေးသို့ လွယ်လင့်တကူ သွားလာနိုင်သည့်ပြင် ဒေသထွက်ကုန်များ မြန်မြန်ဆန်ဆန် ရောင်းဝယ်ဖောက်ကား သယ်ယူပို့ဆောင်နိုင်သည်။ အချိန်တိုတိုဖြင့် လိုရာခရီးကို ရောက်နိုင်သဖြင့်လည်း သွားလာဆက်သွယ်ရေး ဖြောင့်တန်းကာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာသည်။

ကမ္ဘာလှည့်ခရီးသည်

မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးသည် ၁၂၂၁ ခုနှစ်က ဘဝရှင်မင်းတုန်းမင်းတရားကြီးတည်ခဲ့သော မြို့ဖြစ်ပြီး ကုန်းဘောင်မင်းတို့ နောက်ဆုံးစိုးစံခဲ့ရာ ဖြစ်သည်။ ပဒေသရာဇ် မြန်မာမင်းတို့ နောက်ဆုံး စိုးစံရာဖြစ်၍ မြနန်းစံကျော် ရွှေနန်းတော်၊ ကျုံး၊ ပြအိုး၊ မြို့ရိုး၊ ပစ္စင်ရင်တားတို့ မျက်ဝါးထင်ထင် တွေ့ရှိနိုင်သည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ အလယ်ဗဟို အချက်အချာတွင် တည်ရှိပြီး ယဉ်ကျေးမှု အနုပညာ အမွေအနှစ်များ စုဝေးရာဖြစ်သည်။ ၁၉၀၂ ခုနှစ်က ရုဒ်ယဒ်ကစ်ပလင် ရေးသားခဲ့သော Road to Mandalay (မန္တလေးလမ်း) ကဗျာကြောင့် ကမ္ဘာက မြန်မာနိုင်ငံဟု ဆိုလျှင် မန္တလေးကို လူသိများခဲ့သည်။ ထို့ကြောင့်လည်း ကမ္ဘာလှည့်ခရီးသည်များ မန္တလေးမြို့ကို စိတ်ဝင်တစား ရှိကြပြီး လာရောက်လည်ပတ်ကြသည်။

ပုဂံသည် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ထေရဝါဒ ဗုဒ္ဓဘာသာစတင်ထွန်းကားရာဒေသ၊ အေဒီ ၁၀၄၄ ခုနှစ်က ပထမဆုံး မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အနော်ရထာဘုရင်မင်းမြတ် အုပ်ချုပ်ခဲ့သည့် နေပြည်တော်၊ တိုင်းပြည်စည်ပင်ဖွံ့ဖြိုး၍ ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့သဖြင့် စေတီပုထိုး၊ ကျောင်းကန်ဘုရားများ ပေါများသော မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သည်။

ထို့ကြောင့် စာဆို ဆရာဇော်ဂျီက ရှေးခေတ်ပုဂံပြည်ကို **မောင်တို့ကြားကုန်လော့၊ မယ်တို့ ကြားကုန်လော့၊ ရှေးဖျားပုဂံပြည်မှာဖြင့်၊ မြန်မာတစ်တွေမှာ ရတနာရွှေငွေအပေါင်းငွဲပြင်၊ မင်းကောင်းအနော်ရထာတဲ့၊ မော်စရာ ဟိုတစ်ခေတ်ကိုဖြင့်၊ ဉာဏ်သစ်ကာ တရှင်ရှင်နဲ့၊ ဘဝင်မှာ အမြင်မှန်းကာပေါ့၊ တမ်းတ၍ ကြည်ညိုပါ** ဟု သံချိုကဗျာ စပ်ဆိုခဲ့သည်။

သမိုင်းသုတေသီ

မြန်မာတို့၏ နှလုံးသားဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသည် စေတီပုထိုးဘုရားများ ပေါများကြွယ်ဝခြင်း၊ ယဉ်ကျေးမှုအနုပညာ လက်ရာများ ထူးကဲပြောင်မြောက်ခြင်းတို့ကြောင့် ကမ္ဘာတွင် ကျော်ကြားထင်ရှားသည်။ ထို့ကြောင့်လည်း ကမ္ဘာလှည့်ခရီးသည် အများအပြား စိတ်ဝင်စားကြပြီး သမိုင်းသုတေသီတို့ တကူးတကလာရောက်ကြသည့် နေရာဒေသဖြစ်သည်။

ကမ္ဘာကစိတ်ဝင်စားသည့် မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးနှင့် မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံပြည်ကို လွယ်ကူစွာ လာရောက်နိုင်ရေးအတွက် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး (တံတားဦး) ကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး (တံတားဦး)သည် ၂၅၀၁၅ ဧက ကျယ်ဝန်းပြီး ကွန်ကရစ်လေယာဉ်ပြေးလမ်း အလျားပေ ၁၄၀၀၀၊ အနံပေ ၂၀၀ ရှိသည့် အရှေ့တောင်အာရှတွင် အရှည်ဆုံး လေယာဉ်ပြေးလမ်းဖြစ်သည်။ ခေတ်မီ ဘိုးရင်း ၇၄၇–၄၀၀ လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်။ အမေရိကန်ဒေါ်လာသန်း ၁၅၀ကျော်၊ မြန်မာကျပ်ငွေ ၆၅၄၃ သန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့သည်။

သက်သောင့်သက်သာ

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီး(တံတားဦး) မပြီးမီကပင် မန္တလေးရွှေမြို့တော်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သွားလာဆက်သွယ်မှု လွယ်ကူစေရေး၊ သက်သောင့်သက်သာဖြင့် သွားလာနိုင်ရေးအတွက် တံတားဦး–မြို့သာ–နွားထိုးကြီး–မြင်းခြံ အရှည် ၆၂ ဒသမ ၅၇ မိုင်ရှိ ရထားလမ်းကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်က ဖွင့်လှစ်ခဲ့သည်။

မြင်းခြံ – မာလာ – ကျောဇီ – ဖက်တန်း–လက်ပံခြေပေါ်–ပုဂံ အရှည် ၃၄ ဒသမ ၈၉ မိုင် ရထားလမ်းကို ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ရက်က ဖွင့်လှစ်ခဲ့သည်။ စုစုပေါင်း ၉၇ ဒသမ ၄၆ မိုင် ရှည်လျားသော ရထားလမ်းဖြင့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေကို သက်သောင့်သက်သာ လွယ်ကူစွာ အချိန်တိုစွာဖြင့် သွားရောက်နိုင်ကြသည်။

နိုင်ငံတော်အစိုးရသည် သွားလာမှု အဆင်ပြေချောမွေ့အောင် မော်တော်ကားလမ်းများ၊ ရထားလမ်းများ၊ ရေလမ်း၊ လေယာဉ်လမ်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ မန္တလေးရတနာပုံ ရွှေမြို့တော်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့ သွားလာမှု အချိန်တိုတိုဖြင့်ရောက်ရှိရေး၊ ဧရာဝတီမြစ်ကြောင်းမှ ရွှေကိန္နရီရေကြောင်းလမ်းအပါအဝင် ဘက်စုံထောင့်စုံက ဆောင်ရွက်ထားသည်။

ကျေးရွာချင်းဆက်လမ်းများ

မန္တလေး ရတနာပုံရွှေမြို့တော်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတို့ ဆက်သွယ်ပေးထားသည့် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းကြောင်းများထဲတွင် မန္တလေး–တံတားဦး–မြို့သာ–မြင်းခြံ–ပုဂံ–ညောင်ဦး မော်တော်ကားလမ်းအသစ်သည် ကမ္ဘာလှည့်ခရီးသည်များအတွက် သွားရေးသာ၍ လာရေးဖြောင့်တန်းသည်သာမက ညောင်ဦးအရှေ့မြောက်ခြမ်း၊ မြင်းခြံမြောက်ဘက်ခြမ်း၊ ငါန်းဇွန် မြောက်ဘက်ခြမ်း၊ တံတားဦးအနောက်ဘက်ခြမ်း ကျေးလက်များ ကျေးရွာချင်းဆက်လမ်းများ ပေါ်ထွန်းလာပြီး ကျေးလက်ဒေသများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စည်ပင်လာလျက်ရှိပေသည်။ ။



သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်
ရန်ကုန်ကန်တော်ကြီး ပတ်ဝန်းကျင်အဆင့်မြှင့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်ကန်တော်ကြီးပတ်ဝန်းကျင် အဆင့်မြှင့်လုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိသည့် မြေယာရှုခင်း အလှပြုပြင်ခြင်းလုပ်ငန်းနှင့် Water Palace လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းစံချိန်စံညွှန်းနှင့် ကိုက်ညီ၍ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းမှာကြား

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းရုံးချုပ်၌ သစ်ထုတ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ သစ်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကျိုးကို ရှေးရှု၍ မှန်မှန်ကန်ကန် သိက္ခာရှိရှိ ဆောင်ရွက်စေလိုကြောင်း၊ အခက်အခဲရှိပါက တင်ပြနိုင်ကြောင်း၊ မိမိအနေဖြင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်းရုံးချုပ်နှင့် လုပ်ငန်းဌာနများကို လည်းကောင်း၊ ရန်မျိုးအောင်သစ်ဆိပ်၊ ဘုရင့်နောင်သစ်နှင့် ပရိဘောဂစက်ရုံ ၁၊၂၊၃ တို့ကိုလည်းကောင်း လှည့်လည်စစ်ဆေးပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ခုနှစ်၊ ဩဂုတ်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၃၁–၈–၂၀၀၃ရက်

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလအတွက်

(၁၄–၉–၂၀၀၃)ရက်နေ့

နှင့်

(၂၈–၉–၂၀၀၃)ရက်နေ့

မြန်မာနိုင်ငံတစ်ဝန်း ဩဂုတ်လအထိ
လျှို့ဝှက်ဘိန်းခင်း ၁၅၄၀ဒသမ၈၅၄ဧက ဖျက်ဆီးခဲ့

ရန်ကုန် ဩဂုတ် ၂၉

နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံ ရှမ်းတိုင်းရင်းသား ပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၀ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအနီးရှိ ခန့်မှန်းမြေပုံညွှန်း အာရ်–၉၇၄၅၈၃၊ အာရ်–၉၈၈၅၈၄နှင့် အက်စ်–၀၁၃၆၆၇ တစ်ဝိုက်ရှိ ဘိန်းစိုက်ခင်း ၁၀ ဒသမ ၂၅ဧကကို ဖျက်ဆီးခဲ့သည်။

၂၀၀၂–၂၀၀၃ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဩဂုတ်လအထိ လျှို့ဝှက်စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၄၅၃ဒသမ ၃၈၂ဧက ဖျက်ဆီးခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းအနေဖြင့် ဖျက်ဆီးခဲ့သော လျှို့ဝှက်စိုက်ပျိုးထားသည့် ဘိန်းခင်းပမာဏမှာ စုစုပေါင်း ၁၅၄၀ ဒသမ ၈၅၄ဧက (၆၂၃ ဒသမ ၅၇၆) ဟက်တာဖြစ်သည်။ (သတင်းစဉ်)

အင်္ဂလိပ်ဘာသာ
စကားပြောသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၉

အင်္ဂလိပ်စကားပြော နိုင်ငံများတွင် နေ့စဉ်အသုံးပြုသည့် Idioms, Slang, Phrasal Verbs များကို ဆရာဦးကံညွှန့်မောင်ကိုယ်တိုင် အထူးကြပ်မတ်၍ သတင်းစာ၊ မဂ္ဂဇင်း၊ ဝတ္ထုများဖတ်နိုင်ရန်၊ အကြောင်းအရာတစ်ခုကို အမျိုးမျိုးပြောနိုင်၊ ရေးနိုင်ရန် သင်ကြားပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ သင်တန်းတည်ရာ အမှတ်–၁၈၀ (ပ–ထပ်) ၃၈လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

ကွန်ပျူတာ တေးဂီတဖန်တီးမှု အနုပညာသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၉

Shalom Computer Centreနှင့် Eternity Studio (W. Aung Li) တို့ ဦးစီး၍ လက်တွေ့အသုံးချ အခြေခံ အသံဖမ်းနည်းပညာ၊ Computer ဖြင့် တေးဂီတဖန်တီးခြင်း နည်းပညာ သင်တန်း တန်းခွဲ(၁)တွင် တက်ရောက်ခွင့် မရရှိသူများအတွက် တန်းခွဲ(၂)ကို ဩဂုတ် ၃၀ရက်တွင် ထပ်မံ၍ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းတွင် အသံအခြေခံ၊Mic & Instrument,How to Use Mixer,How to use Amplifier, How to Use Recorder, Cake Walk Pro Audio Version 9.0, Logic Audioနှင့် Wave Lab Version 4.0 Software တို့နှင့် တွဲဖက် သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းချိန်မှာ စနေနေ့နှင့် တနင်္ဂနွေနေ့ ညနေ ၅နာရီမှ ၇နာရီထိ ဖြစ်ပြီး သင်တန်းကာလမှာ လေးလ ဖြစ်သည်။ စိတ်ဝင်စားသူများသည် အမှတ်(၄၆၈) ဒုတိယထပ်(ယာ) အောက်ကြည့်မြင်တိုင် လမ်းမကြီး သီတာရုပ်ရှင်ရုံအနီး ကြည့်မြင်တိုင်မြို့နယ် ဖုန်း-၂၁၂၂၀၈ နှင့် Eternity Studio ဖုန်း-၂၂၀၄၃၃ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဩဂုတ် ၂၅ ရက်က ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံဈေးကြီး သိန်းသန်း စက်မှုလက်မှု (၇၇၇) ခြေတုလက်တုလုပ်ငန်းမှ ဦးကျော်ထွန်း-ဒေါ်ညွန့်တို့အား အမှူးထား၍ မင်္ဂလာဒုံ ဈေးသူ၊ ဈေးသားများ ဝါတွင်းကာလ တနင်္လာနေ့တိုင်း ပင့်သံဃာ ၁၀၈ပါးတို့အား အရုဏ်ဆွမ်း လောင်းလှူကြစဉ်။ (က-ပ)

နှစ်ကို အနုပညာခံစားမှု ပန်းချီပြပွဲ(၁) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ဟိုတယ်နစ်ကိုနှင့် Summit ပန်းချီပြခန်းတို့ ပူးပေါင်းစီစဉ်သော နစ်ကို အနုပညာ ခံစားမှုပန်းချီပြပွဲ(၁) ဖွင့်ပွဲအခမ်းအနားကို တာမွေမြို့နယ် နတ်မောက်လမ်းနှင့် ဦးဖိုးစိန် လမ်းထောင့်ရှိ ဟိုတယ်နစ်ကို ခန်းမတွင် ယနေ့ညနေ ၃နာရီက ကျင်းပရာ ဟိုတယ်နစ်ကိုမှ တာဝန်ရှိသူများ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့မှ အယ်ဒီတာများ၊ ပန်းချီဆရာများ၊ ပန်းချီဝါသနာရှင်များနှင့် ဖိတ်ကြားထားသော ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဟိုတယ်နစ်ကို အနုပညာခံစားမှု ပန်းချီပြပွဲသို့ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ ပန်းချီဆရာ ၁၆ဦးတို့က ပန်းချီကားပေါင်း ၆၄ကားကို တင်သွင်းပြသထားကြသည်။ ယင်းပန်းချီကားများမှာ ဆီဆေး ၄၉ကား၊ ရေဆေးရစ်ကားနှင့် ခရိုင်းလစ် ခုနစ်ကား ပါဝင်ကြသည်။

ဟိုတယ်နစ်ကို အနုပညာခံစားမှု ပန်းချီပြပွဲကို ဩဂုတ်၂၉ရက်မှ စက်တင်ဘာ ၁ရက်ထိ နံနက် ၈နာရီမှ ညနေ ၆နာရီထိ နေ့စဉ် ပြသသွားမည်ဖြစ်သည်။

နစ်ကို အနုပညာခံစားမှု ပန်းချီပြပွဲတွင် ပြသထားသော မြင့်စိုး၏ အင်းလေးရေပေါ်ရွာ ဆီဆေးကား။
(ဓာတ်ပုံ-အောင်မိုး)

ယခုပြပွဲ ရက်အပြီးတွင် တင်သွင်းပြသထားသော ပန်းချီကားများကို ဟိုတယ်နစ်ကိုအတွင်းရှိ ပန်းချီပြခန်းသို့ ပြောင်းရွှေ့ကာ တစ်လကြာ ဆက်လက်ပြသွားမည်ဟု သိရသည်။ (ကြေးမုံ)

စုပေါင်းသွေးလှူဒါန်း

ဩဂုတ် ၂၀ ရက်က မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီး သွေးလှူဘဏ်တွင် မြို့နယ် သွေးလှူရှင်အသင်းနှင့် (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့က ဦးဆောင်၍ သွေးလှူရှင် ၇၀ဦးတို့ စုပေါင်း သွေးလှူဒါန်းကြစဉ်။ (က-ပ)

နိုင်ငံတကာအသိအမှတ်ပြု စာရင်းကိုင်သင်တန်းများ မကြာမီဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ ရွှေဘုံသာလမ်း အမှတ်(၁၆၃) တတိယထပ်ရှိ Management & Accountancy Training College တွင် နိုင်ငံတကာ အသိအမှတ်ပြု စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ရာ CAT (Certified Accounting Technician) နှင့် ACCA (Association of Chartered Certified Accountants) သင်တန်းများကို စက်တင်ဘာ ၁၀ရက်မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆရာ Dr. Tin Latt (B. Com, CPA, ACCA, ACMA, MBA, DBA)နှင့် အခြားဝါရင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော ဆရာများ ဦးစီးသင်ကြားမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၄၂၄၃၁ နှင့် ၂၄၁၇၁၃ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သိမြင်သော တောတွင်းလက်နက်ကိုင် အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

ရန်ကုန် ဩဂုတ် ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၃ခုနှစ် ဇွန်နှင့် ဇူလိုင်လအတွင်း အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၁)၊ ဒီအိုရင်း(၂)၊ ခွဲ(၄)မှ တပ်ခွဲမှူးအဆင့်ရှိ တာပေါ၊ တပ်သားဆပ်သီး၊ ကျော်သန်းနှင့် အောင်အောင်တို့သည် ပွိုင့်-၃၀ကာဘိုင် တစ်လက်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ကျည်အိမ်မျိုးစုံငါးခု၊ ကျည်မျိုးစုံ ၁၁၀တောင့်တို့ဖြင့် လည်းကောင်း၊ တပ်သား ကပေါ်မူးသည် လက်ပစ်ဗုံးနှစ်လုံးဖြင့်လည်းကောင်း၊ တပ်မဟာ(၁) သထုံခရိုင် အုပ်ချုပ်ရေးအဖွဲ့ ကျေးနယ်ဥက္ကဋ္ဌအဆင့်ရှိ ဖာညှပ်နှင့် တပ်သား ထိပ်ပြုန်းတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်၊ လက်ပစ်ဗုံးနှစ်လုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၆)လုံခြုံရေးတပ်ခွဲမှ ဒုအရာခံဗိုလ်အဆင့်ရှိ ဟန်သိမ်းသည်လည်းကောင်း၊ တပ်မဟာ(၆)၊ ရင်း(၁၆)၊ ခွဲ(၄)မှ တပ်သား အောင်ခန်းသည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ တပ်မဟာ(၆)၊ ရင်း(၁၇)မှ တပ်ကြပ်ကြီးအဆင့်ရှိ ဒါးကေး၊ တပ်ကြပ်အဆင့်ရှိ စောဒဲဝါးနှင့် တပ်သားစောဖိုးတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်မျိုးစုံခြောက်ခု၊ ကျည်မျိုးစုံ ၁၄၃တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့် လည်းကောင်း၊ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့၊ တပ်မဟာ(၇) ဘားအံခရိုင် အုပ်ချုပ်ရေးအဖွဲ့မှ တပ်သား ဖိုးစူး(ခ)တင်လှသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ကိုးတောင့်တို့ဖြင့် လည်းကောင်း၊ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်ကြီး စောအလစ်သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၅၀)ဖြင့်လည်းကောင်း၊ အေအယ်လ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ စာရေးရန်ပိုင်စိုး(ခ)ရန်ပိုင်သည်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့၊ လွယ်ကော်ဝမ်စခန်းမှ တပ်သားအိုက်နော်နှင့် အိုက်ရွက်တို့သည်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၃)၊ ရင်း(၈)မှ ဖဒိုစောကြားထူးနှင့် တပ်သားစောကညာသည်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား မလျှောန်တီလ်၊ တပ်သား ဖုန်ထန်လှီးရဲတို့သည် လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၁၁)၊ ခွဲ(၃)မှ ဒုတပ်စိတ်မှူးအဆင့်ရှိ စောအိုသည် ပွိုင့်-၃၀ ကာဘိုင်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၀ တောင့်တို့ဖြင့် လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသူ ၂၂ဦးအား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးသည်။ (သတင်းစဉ်)



စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်း၊ တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်း နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည်ဝင်ခွင့် စာမေးပွဲကို အောက်ပါ အတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	ဇီဝဗေဒ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည် အချင်းစစ် စာမေးပွဲကို ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ(၇)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	သင်္ချာ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ(၈)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆို ရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	သင်္ချာ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်-

(က) မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ။
(ခ) လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဂ) ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) တောင်ကြီးမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(င) မော်လမြိုင်မြို့ ရွှေနတ်တောင် တပ်မတော် အထက။
(စ) မြိတ်မြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဆ) စစ်တွေမြို့ ဓမ္မလခန်းမ။
(ဇ) မုံရွာမြို့ အထက(၂) အလုံ၊ တပ်မတော်ကျောင်း။
(ဈ) တောင်ငူမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ည) ရန်ကုန်မြို့
 (၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
  (ကက) ခုံအမှတ်(၁)မှ (၁၄၀၀)အထိ၊ အထက(၂)၊ မင်္ဂလာဒုံ။
  (ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း- ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။
 (၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၂)၊ မင်္ဂလာဒုံ။
 (၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက (၂)မင်္ဂလာဒုံ။
(ဋ) ပုသိမ်မြို့
 (၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
  (ကက) ခုံအမှတ်(၁)မှ (၂၅၀)အထိ- တိုင်းစစ်ဌာနချုပ်ခန်းမ။
  (ခခ) ခုံအမှတ်(၂၅၁)မှ နောက်ပိုင်း- တပ်နယ်အားကစားရုံ။
 (၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။
 (၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဌ) မန္တလေးမြို့
 (၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
  (ကက) ခုံအမှတ်(၁)မှ (၁၄၀၀)အထိ- အထက(၁၈)၊ နန်းတွင်း။
  (ခခ) ခုံအမှတ်(၁၄၀၁)မှ (၁၉၀၀)အထိ- အမက(၆)၊ နန်းတွင်း။
  (ဂဂ) ခုံအမှတ်(၁၉၀၁)မှ နောက်ပိုင်း- အမက(၅)၊ နန်းတွင်း။
 (၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် -အထက(၁၈)၊ နန်းတွင်း။
 (၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၁၈)၊ နန်းတွင်း။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာ ထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှု နိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်မှတ်ကိုတစ်ပါတည်းယူဆောင်လာ ရမည်။ နိုင်ငံသားစိစစ်ရေးကတ်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅၀၇)၊ ပြည်ရိပ်သာလမ်းနေ
ဦးကျော်ထွန်းဦး–ဒေါ်မြင့်မြင့်ဝေတို့၏သားလတ်
မောင်ဇေယျကျော် **Second Year (Myanmar)**
AL KHALLANI SHIPPING &
TRADING CO;DUBAI, U.A.E **နှင့်**
ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ အမှတ်(၂၀၀)၊ ဘုတာလမ်းနေ
ဦးစိန်ဝင်း–ဒေါ်သန်းရင် (မိဘမေတ္တာစတိုး)တို့၏သမီးငယ်
မမြသက်ချယ် **B.A (Hist)**

တို့သည် ၁၁–၈–၂၀၀၃နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျကျော်–မမြသက်ချယ်။

မိတ်ကပ် ပွင့်

အမှတ်(၅၉)၊ ၄၄လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၇၀၄၁၀၅၊ ၀၉–၅၀–၁၁၁၀၉

မွေးနေ့ဆုမွန်

ငွေကြယ်အသဲလေး **မင်းခန့်ဇော်(ခ)မိုဟာမ္မဒ်ဂါစစ်မာရှာအလ္လာ**၏ ၂၈–၈–၂၀၀၃ရက်နေ့တွင် ကျရောက်သော (၁)နှစ်ပြည့်မွေးနေ့တွင် ပါပါဟာဂျီကျော်သူ–မာမာမင်းမင်းခိုင်(မြိတ်မိသားစု)နှင့်အတူ ပျော်ရွှင်နိုင်ပါစေ–––။

အင်ရှာအလ္လာသားဝါစစ်ရဲ့ ဘဝသက်တမ်းတစ်လျှောက်လုံး ကျန်းမာကြံ့ခိုင်၍ သုခချမ်းသာ ပြည့်စုံမှုအဖြာဖြာနှင့် လိုတရာဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေ. . .။ အာမီးနို

ချစ်သောနာနား – **ဦးခင်မောင်စိုး**
ချစ်သောနာနီး – **ဒေါ်မူမူခင်**
ချစ်သောတီတီလေး – **မေမြတ်နိုးခင်[ငွေကြယ်စတိုးမိသားစု(ဥက္ကံ)]**

ရွှေပွား မှမွေးချင်းများကြိုဆိုပါတယ်။
(September 10,2003)
ဖုန်း ၇၁၀၀၅၁



ဆာနူးကြီး

[illegible]

ဦးကျော်စိန်၏
မူးယစ်ဆေးဝါး
နှင့်
စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ
အသုံးချကျမ်း

ဂရင်းမြန်မာ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ကုန်သည်လမ်း၊ ရန်ကုန်မြို့နှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည် ဦးကျားချန်(ခ)ဦးကျော်နိုင် နိုင်ငံသားစိစစ်ရေးကတ် အမှတ်[၁၃/ကခန(နိုင်)၀၄၆၆၆၁]ကိုင်ဆောင်သူ အမှတ်–၁၇၁/၁၈၁ (အခန်း၂+၃) ၂၈လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ချက်အရ သိစေအပ်ပါသည်။ ဦးကျော်နိုင်သည် ၄–၇–၂၀၀၁ နေ့မှစ၍ အထက်ပါအသင်း၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်။ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ၂၀–၂–၂၀၀၂ စာအမှတ် ဂရင်း၃၂/၂၀၀၁–၂၀၀၂၏ ဆုံးဖြတ်ချက်များအရ အသင်း၏ အကျိုးအမြတ်ခံစားခွင့်များကို ရယူခြင်းမရှိသကဲ့သို့ ပေးလျော်ရန် တာဝန်လုံးဝမရှိကြောင်း သိစေအပ်ပါသည်။ ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာထိခိုက်စေသော ပြုမူပြောဆိုမှုများအား ထိရောက်စွာအရေးယူမည်ဖြစ်သည်။

လွှဲအပ်ချက်အရ–
ဒေါ်လှလှမြင့်
(ဗဟိုတရားရုံးရှေ့နေ)စဉ်–၅၀၂၉
B. Com (A.A) H.G.P, R.L

အများသိစေရန်

တောင်ကြီးမြို့ ပန်းတင်ကျေးရွာ ပါမိုးနဲ့ဘုန်းကြီးကျောင်းလမ်းပေါ်ရှိ အလျားပေ ၄၅၀၊အနံပေ၄၇၀၊အရှေ့လားသော်မောင်ရီခြံ၊ အနောက်လားသော် ဒေါ်ခင်မေမြေကွက်၊ တောင်ဘက်လားသော်ပါမိုးနဲ့ဘုန်းကြီးကျောင်းသွားလမ်း၊ မြောက်ဘက်လားသော် ဦးထွန်းမောင်ရီ မြေကွက်တည်ရှိပြီး (ကွယ်လွန်သူ) ဦးသူရိန္ဒီ(NYHE–၀၆၁၃၅၆) နှင့် ဦးတင်မောင်(NYHE–၁၄၅၆၃၂)ထံ ၁၁–၇–၁၉၉၄ခုနှစ်တွင် တောင်ကြီးမြို့၊ သီရိမင်္ဂလာလမ်း၊အိမ်အမှတ်(၁၅၇)၊ မင်္ဂလာဦးရပ်ကွက်နေဦးရန်အိမ်လျှံ(AX–၀၀၀၀၆၅)၊ ဒေါ်ခင်မေနှင်း [၁၃/တကန(နိုင်) ၁၃၂၀၀၆]၊ ဒေါ်အေးနု [၁၃/တကန(နိုင်) ၁၃၂၆၄၃]၊အမှတ်(၂၂၇)၊ ရေအေးကွင်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ဒေါ်အဲလီ[၁၃/တကန(နိုင်)၀၄၆၉၄၃]၊ ဒေါ်ရီဖိုင်း[၁၃/တကန(နိုင်)၁၂၉၁၁၉]၊အမှတ်(၄၂၉)၊ သီတာလမ်းကြား၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့၊ ဒေါ်လီစောစီး[၁၃/တကန(နိုင်)၀၄၁၅၄၇၊ အမှတ်–၁၁၉(ခ)၊ဝန်ကြီးလမ်းခွဲ(၂)၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးတို့သည် ဒေသခံ နယ်မြေလူကြီးများရှေ့ လက်ငင်းငွေချေစနစ်ဖြင့် ဝန်ခံရေးထိုးပြီး စာချုပ်စာတမ်း ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။ ဝယ်ယူသူများသည် ကျမ်းကျိန်လွှာကို တောင်ကြီးမြို့နယ် တရားရုံးတော်ရှေ့ပြုလုပ်ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံး(မြို့နယ်မြေစာရင်းရုံး)၌ ရေစစ္စတြီမှတ်ပုံတင်အက်ဥပဒေနှင့်အညီ ၁–၈–၂၀၀၃ရက်တွင် ပြုလုပ်ပြီးစီးပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကြေညာသူများ
ဦးရန်အိမ်လျှံ၊ဒေါ်ခင်မေနှင်း၊ ဒေါ်အေးနု၊ ဒေါ်အဲလီ၊ ဒေါ်လီစောစီး၊ ဒေါ်ရီဖိုင်း။
(ဝယ်ယူထားကြသူများ)

ပန်းလှိုင်မှ အထူးသတင်းကောင်း

ယခင်မရရှိခဲ့ဖူးသော အခွင့်အရေးသစ်
မြေကွက်အသေးများစတင်ဖော်ထုတ်ရောင်းချပေးနေပြီ။

နှင်းဆီဥယျာဉ် အိမ်ရာများ

Pun Hlaing Golf Estate
Life Style. Investment.

– စတုရန်းပေ(8000 sq.ft) မှ (10000 sq ft) ပတ်ဝန်းကျင်ရှိမြေကွက်များ။
– အဆောက်အအုံအားတစ်နှစ်အတွင်းစတင်ဆောက်လုပ်နိုင်သည်။
– ၅၀% လက်ငင်းပေးချေပြီး ကျန်ငွေကို လစဉ်အရစ်ကျပေးချေနိုင်သည်။
– ဝယ်ယူပြီးချိန်မှစတင်၍ ဂေါက်သီးရိုက်ကစားနိုင်သည်။
– သတ်မှတ်ကာလအတွင်းအထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပြီ။

(၂၈–၈–၂၀၀၃) မှ (၃–၉–၂၀၀၃) ရက်နေ့အထိအထူးဈေးနှုန်း

ဦးရာလူစနစ်ဖြစ်သည့်အတွက် နေရာကောင်းများရွေးချယ်နိုင်ရန်
အမြန်လာကြည့်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

၅၀% ရှိ အရစ်ကျ ပေးချေနိုင်သည်။

ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–(၀၁)–၆၈၄၀၂၀–၄

Orchid Gardens

"FMI CITY"

သစ်ခွဥယျာဉ်မြေကွက်များနှင့် ကန်ရိပ်သာမြေကွက်များရောင်းချပွဲ

(၂၀-၈-၂၀၀၃) မှ (၃-၉-၂၀၀၃) ရက်နေ့အထိ အထူးဈေးနှုန်း

'ကုမ္ပဏီမှတိုက်ရိုက်ဝယ်ယူခြင်းဖြင့်'

(၁) အမည်ပေါက် နှစ် (၆၀) ဂရန်၊ ရေ/မီးအပြည့်အစုံ။

(၂) ဝယ်ယူသူမှအခွန်ပေးဆောင်ရန်မလိုပါ။

(၃) အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်သည်။

- ပေ (၈၀ × ၁၀၀) ကန်ရိပ်သာမြေကွက်များ မိမိစိတ်ကြိုက်အိမ်ပုံစံဆောက်လုပ်နိုင်ပြီး အေးချမ်းစွာအနားယူနိုင်မည့်နေရာ။
- ပေ (၈၀ × ၈၀) ကန်သာယာရိပ်သာမြေကွက်များ။ သတ်မှတ်ပေးထားသော တစ်ထပ်တိုက်အိမ်ပုံစံဆောက်လုပ်နိုင်သည်။ (၅၀%)ကို လစဉ်အရစ်ကျငွေပေးချေနိုင်သည့်စနစ်။
- ပေ (၈၀ × ၈၀) ရှိ သစ်ခွဥယျာဉ်မြေကွက်များ၊ သစ်ခွဥယျာဉ်အိမ်ပုံစံများဆောက်လုပ်နိုင်သည်။
- ပေ (၈၀ × ၈၀) ရှိ သစ်ခွဥယျာဉ်မှ ပြင်ဆင်ပြီးလုံးချင်းနှစ်ထပ်တိုက်အိမ်များ။ (၅၀%)ကို လစဉ်အရစ်ကျငွေပေးချေနိုင်သည့်စနစ်။

စိတ်ချမ်းသာစွာနေချင်လျှင်စိတ်ချမ်းသာဖို့ကောင်းတဲ့ဝန်ဆောင်မှုတွေအများကြီးရှိတဲ့နေရာမှာနေမှဖြစ်မယ်။

FMI City ဘုရင့်နောင်တံတားအနီး ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၂၄၄၅ လိုင်းခွဲအမှတ် (၀၀၃၊၀၀၅၊၀၀၆)၊ Fax:681955, Email: fmi-city@spa.com.mm

အခွင့်အရေးထူးများကိုရရှိရန် တစ်ခေါက်လောက်လာကြည့်ရှုဖို့ဖိတ်ခေါ်အပ်ပါသည်။

GOLDEN LION WIRE CO., LTD.

Golden Lion

SHOW ROOM & SALES CENTRE

221 - 223, ANAWRAHTA STREET,
CORNER OF 11 STREET, LANMADAW TSP,
YANGON, MYANMAR.
PH : 224351

NOW OPEND!

ခင်လုံ ရတနာရွှေဆိုင်

အမှတ်(၅၀၀)၊ မဟာဗန္ဓုလလမ်း(၂၅လမ်းနှင့် ရွှေဘုံသာလမ်းကြား) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ရွှေချိတ်သူများအတွက်

* ဒီဇိုင်းလှပသေသပ်ရမည်။
* ၁၅ပဲရည်ပြည့်ကြောင်းအာမခံသည်။
* အလျော့တွက်အထူးသက်သာစေရမည်။
* အလေးချိန်တိကျမှန်ကန်စေရမည်။

"အထိမ်းမှတ်ရှင်လက်ဆောင် ရွှေဘယ်မှာဝယ်ကြမလဲ ခင်လုံသို့ ကြွခဲ့ကြပါ"

ဝယ်ယူအားပေးကြသော မိတ်ဆွေများအား ကျေးဇူးတင်ရှိပါသည်

ထိုက်ဦးမင်း+မဆန်းဆင့်ဆင့်ရီ ☎ 09-80-23279

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူမောင်ဇင်ကို [၆/ပလန(နိုင်)၀၅၃၈၂၂]သည် ဖခင်၏ဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုလုပ်သွားပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဖခင်-ဦးစိုးလွင်(ပုလော)

အယ်ဖေးရှင်းရောင်းမည်

မြို့တော်ဝန် (CHAMPION) (တံခွန်စိုက်) နှစ်ဆုရ (Austrilia Imported) LORD ၏သားပေါက်များနှင့် အမွေးရှည် ရှီးစူးသားပေါက်ရောင်းမည်။

သာကေတ၊ မြင်တော်သာလမ်းမကြီး၊ ရပ်ရှင်ရုံနှင့်နယ်မြေရုံးမှတ်တိုင်ကြား၊ ပင်လယ်ပြာအလှမွေးငါးဆိုင်။



အထူးထုတ်ပေါင်းချုပ် ယနေ့ (၃၀-၈-၂၀၀၃) စနေနေ့ ထွက်ပြီ

လေးရောင် ဘုရားပုံနှင့် ယတြာပုံများ၊ တစ်ရောင် ဘုရားပုံတော်များ၊ ဆရာတော်ကြီးများ၏ ပုံတော်များ၊ စီးပွားရေးယတြာများ၊ လောကီရေးရာ ကြီးပွားတိုးတက်စေရေးများ၊ ကျန်းမာရေး ယတြာများ၊ အလုပ်အကိုင်အတွက် အဆောင်ယတြာများပါဝင်သည်။

စာအုပ်ဝယ်ယူရန် ---- (မြန်မာ့ရိုးရာ) ---- လသာမိုးစွေစာပေ - အမှတ် (၁၁၁)၊ ပထမထပ် (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁- ၂၅၃၅၁၉။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်
နဝမအကြိမ်နှင့်ဒသမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ်မှ ၂၀၀၃ခုနှစ် မတ်လနှင့်ဇူလိုင်လတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ အင်္ဂလိပ်စာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၅) (စနစ်ဟောင်း)၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၆) (စနစ်သစ်)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၀၃ခုနှစ်၊ စက်တင်ဘာလ(၄)ရက်မှ ၂၀၀၃ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့အထိ တင်သွင်းလျှောက်ထားနိုင်ကြပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ကြပါသည်။

၂။ ၂၀၀၃ခုနှစ်၊ မတ်လ၌ ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ အင်္ဂလိပ်စာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(၁၉၉၅) (စနစ်ဟောင်း)ဘွဲ့များကို နဝမအကြိမ်တွင်လည်းကောင်း၊ ဇူလိုင်လတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့နှင့် ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၆) (စနစ်သစ်) ဘွဲ့များကို ဒသမအကြိမ်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာန စိတ်တွင်ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော ၂"X၁ ½"လက်မအရွယ် ဓာတ်ပုံ(၂)ပုံစီ ပူးတွဲလျှောက်ထားရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ယူဆောင်လာရန်)

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

၅။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/–(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ) ပေးသွင်းကြရပါမည်။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်၊ အချိန်နှင့် အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပါမည်။

ခင်မာနွယ်(မော်ကွန်းထိန်း)
ဒဂုံတက္ကသိုလ်။

ရောင်းမည်

၁။ ဗဟန်း ရွှေဂုံတိုင်လမ်းအနီး (1560 sqft) MBR1, BR2, 3/F, အဆင့်မြင့်ပြင်ဆင်ပြီး(ရေ+မီး)ရှိ၊ Lift။
၂။ တာမွေ ... VIP ... (40 x 80) ...
၃။ ... (50x70) RC1 ထပ်၊ (ဂရန်)၊ ရေ+မီး(ရှိ)
☎ - 0999 - 29280, 09501 - 2951

ပြန်လည်ဖြေရှင်းအကြောင်းကြားခြင်း

ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၅၇)တွင်နေ ဒေါ်နန်းမိမိုး[၃/ဘအန(နိုင်)၀၀၀၄၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ဖြေရှင်း အကြောင်းကြားခြင်း ပြုအပ်သည်မှာ–

၂၆–၇–၂၀၀၃ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဖော်ပြပါရှိသည့် သတိပေးတားမြစ်ခြင်း ခေါင်းစဉ်ဖြင့် ဒေါ်တင်တင်အုန်းမြင့် [၇/ဖမန(နိုင်)၀၉၇၅၅၈]၏ ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေနှင့်နိုတြီပဗ္ဗလစ် ဦးသန်းအောင်၏ ဖော်ပြချက်များကို အောက်ပါအတိုင်း ပြန်လည်ဖြေရှင်း အကြောင်းကြားအပ်ပါသည်။

၁။ မြန်မာဗုဒ္ဓဘာသာဝင်ဦးခင်မောင်မင်း [၆/ကသန(နိုင်)၀၁၅၈၁၁]နှင့် ဒေါ်နန်းမိမိုး [၃/ဘအန(နိုင်)၀၀၀၄၆၆]တို့သည် ၇–၁–၉၅ရက်နေ့တွင် အကြင်လင်မယားအဖြစ် ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၅၇)နေရပ်တွင် ပေါင်းသင်းနေထိုင်ခဲ့ရာ သမီး(၂)ဦးဖြစ်သော နန်းခင်မိုးဦး(၆)နှစ်နှင့် မခင်မိုးစမ်း (၂)နှစ်တို့ ထွန်းကားခဲ့ပြီး ဦးခင်မောင်မင်းကွယ်လွန်သည့် ၂၈–၄–၂၀၀၃ရက်နေ့အထိ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။

၂။ ဒေါ်တင်တင်အုန်းမြင့်[၇/ဖမန(နိုင်)၀၉၇၅၅၈]၏ သတိပေးတားမြစ်ခြင်း၌ ဖော်ပြပါရှိသည့် ပစ္စည်းများဖြစ်သော–

(က) ကော့သောင်းမြို့၊ အကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၂၂၉)မြေနှင့် ယင်းမြေပေါ်ရှိ ကော့သောင်းမြို့၊ အဏ္ဏဝါရပ်တိုက်တန်းအမှတ်(၄၈၁)နှင့် အခွင့်အရပ်ရပ်။

(ခ) ကော့သောင်းမြို့၊ အကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၇၆)မြေနှင့် ယင်းမြေပေါ်ရှိ ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၅၇)ကိုဒေါင်နှင့် အခွင့်အရပ်ရပ်။

(ဂ) မှတ်ပုံတင် ကေတီ–၀၁၇၊ ကေတီ–၀၃၉၊ ကေတီ–၀၇၄၊ ကေတီ–၀၅၄၊ ကေတီ–၀၉၅၊ ကေတီ–၁၁၂ ခေါ် ကဲ့လှေ(၆)စင်းနှင့် အခွင့်အရေးအရပ်ရပ်တို့သည် ကွယ်လွန်သူ ဦးခင်မောင်မင်းနှင့် ဒေါ်နန်းမိမိုးတို့၏ လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။

၃။ ဦးခင်မောင်မင်းနှင့်ဒေါ်နန်းမိမိုးတို့ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်စဉ် ဒေါ်နန်းမိမိုးထံ အကြောင်းကြား သဘောတူညီချက် တစ်စုံတစ်ရာရယူခြင်း မပြုဘဲ သက္ကရာဇ်(၂၀၀၁–၂၀၀၂)အတွင်း၌ ဒေါ်တင်တင်အုန်းမြင့်[၇/ဖမန(နိုင်)၀၉၇၅၅၈]နှင့် ဒုတိယအိမ်ထောင်ပြု၍ ဦးခင်မောင်မင်းနှင့်ဒေါ်နန်းမိမိုးတို့၏ လက်ထက်ပွားပစ္စည်းဖြစ်သော ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်တိုက်တန်း အမှတ်(၅၅၀)တွင် နေထိုင်ခဲ့ကြပါသည်။

ထို့ကြောင့် ဒေါ်တင်တင်အုန်းမြင့်၏ ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်ဦးသန်းအောင်၏ သတိပေးတားမြစ်ခြင်းကို လိုက်နာဆောင်ရွက်ရန် အကြောင်းမပေါ်ပေါက်ကြောင်း ပြန်လည်ဖြေရှင်း အကြောင်းကြားအပ်ပါသည်။

ဒေါ်နန်းမိမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသာလင်း [LL.B.,(Advocate)]
တရားရုံးချုပ်ရှေ့နေ(၅၃၈၈)။

ဖခင်အမည်မှန်

ငပုတောမြို့နယ်၊ သက်နှင်းကုန်းရွာအထက ဒသမတန်းမှ မောင်အောင်ကျော်မျိုး၏ ဖခင်အမည်မှန်မှာ ဦးစိန်သောင်းဖြစ်ပါကြောင်း။

ဦးစိန်သောင်း။

အမည်ပြောင်းခြင်း

နန်းခမ်းမြို့၊ ကုန်းကုလားရပ်ကွက်၊ အမှတ်(၂၂)နေ ဦးစောအောင်၏ သမီး [၁၃/နခန(နိုင်)၀၃၇၁၃၆] မနန်းခင်ထွေးအား မလွေးဝင်းနုနုနွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မလွေးဝင်းနုနုနွယ်။**

အမည်ပြောင်းခြင်း

ဦးဝင်းညွှန့်၏ သားဖြစ်သူ အလက(၁)ဒဂုံ ပထမတန်း(ဂ)မှ မောင်ပြည့်စုံဖြိုးအား မောင်ပြည့်စုံဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

ကြိုင် ကြိုင်
CAR - RENTAL
☎ ...

M4 ...
(၁–၉–၂၀၀၃) ...
M4 GROUP, 706696

အမြန်ဆက်သွယ်ပါ
☎ ...

အမြန်ရောင်းမည်

မ/ဒဂုံ၊ (၅)ရပ်ကွက်၊ ဒဂုံတက္ကသိုလ်အနီး ပေ၁၀၀လမ်းမကြီး ကျောကပ် 40'x60' မြေကွက်ပေါ်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ ရေ၊ မီးစုံ။ **၄၉၊ ၇၄၊ ၁၀၂ ကားမှတ်တိုင်နှင့် တည့်တည့်။ ဖုန်း–၅၃၈၈၆၈၊ ၅၈၀၃၇၃၊ ၅၉၀၂၅၇(ရုံးချိန်)။**

Yan Aung

တာ ... (၂၄–နာရီ)
☎ ၂၅၆၇၉၁၊ ၂၅၆၇၉၀

ရောင်းမည်

ရွှေမာလာရိပ်မွန်၊ ပထမထပ်၊ ပါကေးခင်း အဆင့်မြင့်ပြင်ဆင်ပြီး၊ 2BR, 1MBR, 1080Sqft၊ ညှိနှိုင်းဈေး။

ဖုန်း–၅၃၆၉၁၉။

လျှော့ဈေးဖြင့်ရောင်းမည်

–တိုက်(၂၂၈)၊ အခန်း(၁၅)၊ ၄လုံးတန်း၊ တ/ထပ်၊ အိပ်ခန်းနှစ်ခန်း၊ ရန်ကင်း။
–တိုက်(၄၉၂)၊ အခန်း(၄၀၂)၊ စ/ထပ်၊ ခေမာသီရိလမ်း၊ မေတ္တာညွန့်၊ တာမွေ။

ဖုန်း–၆၆၃၀၉၀။

ခုံအားကျဆင်းရောဂါ

...

အများသိစေရန်

ဒေါ်နန်းမြသန်း[၁၃/လရန(နိုင်)၀၃၈၁၀၆]ကိုင်ဆောင်သူ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

လားရှိုးမြို့၊ (၂)ရပ်ကွက်၊ သန္တိလမ်း (ယခင်) ပတ်ဝေးတည်းခိုရိပ်သာဟုခေါ်တွင်သော မြေနှင့် အဆောက်အအုံသည် ကျွန်ုပ်အမှုသည်အပါအဝင် မောင်နှမ(၉)ဦးပိုင်ဆိုင်သော အမွေဆိုင်မြေနှင့် အဆောက်အအုံဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေနှင့် အဆောက်အအုံနှင့် စပ်လျဉ်း၍ ကျွန်ုပ်အမှုသည်၏ သဘောတူညီချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ သက်ဆိုင်ရာရုံးတို့တွင် ဂရန်အမည်ပြောင်းလျှောက်ထားခြင်း အစရှိသည်တို့ကိုပါ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်စမ်းစမ်းဝင်း(LL.B)၊ အထက်တန်းရှေ့နေ(စဉ်–၂၁၃၁၇) အခန်း(အေ/၂၀)၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း–၂၇၃၆၆၁။

ကြော်ငြာစာ
အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၁၉၉၉ခုနှစ် တရားမအထွေထွေမှုအမှတ်–၉၇

ဦးသန်းထွန်း(ခ)ဦးနာသန်း နှင့် လျှောက်ထားသူ

အမှတ်(၇၄၉)၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

(ကွယ်လွန်သူ ဒေါ်အီးအယ်လီဇဘတ် ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၇၄၉)နေ ဦးသန်းထွန်း(ခ)ဦးနာသန်က ကွယ်လွန်သူ အစ်မဖြစ်သူ ဒေါ်အီးအယ်လီဇဘတ်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာ လျှောက်ထားခဲ့ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်တရားအရုံး၏ တရားမအထွေထွေမှုအမှတ် ၉၇/၉၉ဖြင့် လက်ခံကြားနာစစ်ဆေးပြီး လျှောက်ထားသူအား ၇–၂–၂၀၀၃ရက်နေ့တွင် အမွေထိန်းလက်မှတ်စာထုတ်ပေးခဲ့ပါသည်။ လျှောက်ထားသူ ဦးသန်းထွန်း(ခ)ဦးနာသန်အနေဖြင့် အမွေထိန်းစာပါ ပစ္စည်းရပ်အား အရပ်ရပ်စီမံခန့်ခွဲခွင့်ပြုရန် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၀၃ခုနှစ်၊ စက်တင်ဘာလ ၁၅ရက် (၁၃၆၅ခုနှစ် တော်သလင်းလပြည့်ကျော် ၅ရက်)နေ့ နံနက်(၁၀)နာရီအချိန်တွင် ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။

၂၀၀၃ခုနှစ်၊ ဩဂုတ်လ ၂၆ရက်နေ့တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်စန္ဒာသွယ်
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

KMD Computer Centre

IDEC

- Information Technology ခေတ်တွင် Internet နှင့် e-Commerce ဆိုင်ရာလုပ်ငန်းများတွင် ... သင်တန်း ဖြစ်ပါသည်။
- သင်တန်းပြီးဆုံးပါက ... IAD (International Advanced Diploma) သင်တန်းသို့ တက်ရောက်နိုင်ပါသည်။

------ Commencing Date ------
15 September, 2003
(9:00 to 1:00) Mon to Fri

Further Studies
IDEC ⇨ NCC ⇨ BCS

550-552, Merchants Road., Kyauktada Tsp., Ygn. Tel: 249155 / 381035

SEVEN-O-TWO Mart

ကျပ် ၃၀၀၀ နှင့်အထက် ဝယ်ယူသူတိုင်းအတွက် ၅% Discount
ကျပ် ၅၀၀၀ နှင့်အထက် ဝယ်ယူသူတိုင်းအတွက် ၁၀% Discount
[စားသောက်ကုန်ပစ္စည်းများ မပါဝင်ပါ]
၃၀–၈–၂၀၀၃ မှ ၇–၉–၂၀၀၃ အထိသာ



အများသိစေရန်

ဦးကျော်မင်းဦး[၁၂/စခန(နိုင်)၀၀၈၀၃၃]က ဒေါ်နီလာရွှေ[၁၂/အလန(နိုင်)၀၂၉၄၉၆]အား အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ ၇–၆–၂၀၀၁ရက်စွဲပါ မြန်မာသံရုံး၏ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၉/၂၀၀၁ ဖြင့် အထွေထွေကိုယ်စားလှယ် လွှဲအပ်ခဲ့ပါသည်။ ယင်းလွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၁၅–၈–၂၀၀၃ရက်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မင်းဦး[၁၂/စခန(နိုင်)၀၀၈၀၃၃]။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့်တိုက် နှင့် အခန်းအမှတ်
	ဦးဇော်ဝင်း [အက်စ်အာရ်အမ်–၀၀၄၂၉၈]	ဒေါ်ခင်ခင်ထွေး [၁၂/ကထန(နိုင်) ၀၆၃၃၄၃]	တိုက် – ၆ အခန်း–၁၂ မြကန်သာအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

THREE STAR

Air-Con၊ ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး အိမ်အရောက် ဆောင်ရွက်ပေးသည်။ **ဖုန်း–၇၀၅၇၈၄။**

ဖခင်အမည်မှန်

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ မင်းရွာကျေးရွာ အထက၊ ဒသမတန်းမှ မောင်ရဲဇော်ထိုက်နှင့် အဋ္ဌမတန်းမှ မအေးသီတာတို့၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း [၇/သနပ(နိုင်)၀၀၆၂၅၅] ဖြစ်ပါကြောင်း။

ဦးတင်မောင်ဝင်း။

အမည်ပြောင်းခြင်း

ဦးခင်မြ–ဒေါ်သိန်းလှတို့၏ သမီး ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပထမနှစ် (အိမ်တွင်းစီးပွား) မမိုးသူ [၁၂/သခန(နိုင်)၀၈၉၁၃၆]အား မခိုင်ခိုင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်ခိုင်ကျော်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ်အမှတ် ၃၃၀၈၀၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။

ဦးခေါင်ခေါင် ဖုန်း–၂၄၉၉၂၄။

အမည်မှန်

အဘဦးသန်းငွေ၏သမီး [၁၂/ဗတထ(နိုင်)၀၀၁၅၃၆] ကိုင်ဆောင်သူ၏အမည်မှန်မှာ လင်းတင်သန်း(ခ) လင်းလင်းသန်းဖြစ်ပါကြောင်း။

လင်းတင်သန်း(ခ)လင်းလင်းသန်း။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မစန်းစန်းမြင့် [၁၂/ကခက(နိုင်)၀၆၅၂၁၅]၏ ပတ်စပို့ နံပါတ် (၃၅၈၇၈၆)မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။

ဖုန်း-၂၈၁၄၁၉။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်နံ/၅၄၁၇ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍(၁၅) ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

သင်၏

စလောင်းအတွက် လိုင်းအသစ်ထည့်ခြင်း၊ ပြုပြင်တပ်ဆင်ခြင်း၊ လိုအပ်သမျှ ကျွမ်းကျင်သောပညာရှင်များမှ ဆောင်ရွက်ပေးနေပါပြီ။ (လိုင်းအသစ်စာအုပ်ရပြီ) (နှစ်ပေစလောင်း အဟောင်းဝယ်သည်။)

ZN-Satellite Group
Tel-727548"

ဒေါ်ညွန့်ရင်(၉၅)နှစ်

(မြိတ်)

မြိတ်မြို့၊တလိုင်းစုရပ်၊ဗိုလ်ချုပ်လမ်း၊ အမှတ်(၅၈)နေ (ဦးရီဖတ်)၏ ဇနီး၊ (ဦးထင်မီ-ဒေါ်အင်ကျီ)၊ (ဦးဂွမ်ဟို)-ဒေါ်လုရီ၊ (ဦးထင်ဟိုင်)-ဒေါ်လိုင်ရင်၊ ဦးပီယာ-ဒေါ်စန်ရင်၊ဦးမျိုးလွင်၊ဒေါ်ခင်ရီ၊ ဦးအင်စိုက်-ဒေါ်ကြည်ဝင်း၊ (ဦးမြတ်မြင့်)-ဒေါ်ချိုချိုလွင်၊ ဒေါ်ကြူရင်တို့၏ မိခင်၊ မြေး ၃၄ယောက်၊ မြစ်၁၄ယောက်တို့၏ အဘွားသည် ၂၈-၈-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မြိတ် သပြေပင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်ခင်သီ(မော်လမြိုင်)
အသက်(၈၄)နှစ်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ ဗဟိုလမ်း၊ အမှတ်(၁၀၃/အေ)နေ (ဦးသောင်းစိန်)၏ဇနီး၊ ဦးသာစန်း၊ ဒေါ်တင်သန့်ဇင်၊ ဒေါ်တင်အေးရီ၊ Dr. ငွေငွေဝင်း (ကော့သောင်းခရိုင်၊ ကလေးအထူးကု)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ Dr.သက်ဝေဇင် (အလုပ်သင်ဆရာဝန်၊ မော်လမြိုင်)၊ မောင်မျိုးခိုင်စန်း၊ မောင်အေးကျော်ဟန်၊ မောင်ဝင်းသူရ၊ မဖြူသဲဇင်၊ မောင်ညီမျိုးဇင်၊ မခိုင်သက်ပိုင်စိုးတို့၏ချစ်လှစွာသောအဘွား ဒေါ်ခင်သီသည် ကော့သောင်းမြို့၊ ပြည်သူ့ဆေးရုံဝင်း၊ အဏ္ဏဝါရပ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၃ ရက်တွင် ကော့သောင်းမြို့၊ ရွှေပြည်သာ သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

မိခင်ကြီး ဒေါ်ခင်သီ အသက်(၈၄)နှစ်၏ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးကြသော ကော့သောင်းခရိုင်ဆေးရုံအုပ်ကြီးနှင့် ဆေးရုံဝန်ထမ်းမိသားစုများ၊ ဗျူဟာမှူးနှင့်တကွ တပ်မိသားစုများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်ရုံးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကလေးလူနာရှင်များ၊ ရပ်နီးရပ်ဝေးမှ သတင်းမေးမြန်းအားပေးခဲ့ကြသော မိတ်သင်္ဂဟအပေါင်းနှင့် ကော့သောင်း မြို့သူ၊ မြို့သားများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဆုတောင်းပြည့်ကျောင်းတိုက် ပစ္စည်းလေးပါး၊ဒါယိကာမကြီး

ဒေါ်လှသီ(၇၅)နှစ်

(တောင်လုံးပြန်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သော်တာလမ်း၊ အမှတ်(၁၂)နေ (ဦးသာရင်-ဒေါ်ငွေရှင်) တို့၏သမီး၊ ဦးသောင်းထွန်း-(ဒေါ်ခင်မြင့်)၊ ဦးမြင့်စိုး-ဒေါ်မြင့်မြင့်သန်း၊ ဦးအေးကျော်-ဒေါ်မြမြမူ၊ ဦးစန်းမောင်၊ ကိုမျိုးမင်းသိန်း၊ မနီနီဝင်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားဒေါ်လှသီသည် ၂၉-၈-၂၀၀၃(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ဝါဝါ(ခ)
Emma Hameed
အသက်(၆၁)နှစ်

ငှက်ရွှေဝါမှုကြိုပြင်ဦးလွင်မြို့

ပြင်ဦးလွင်မြို့၊ အမှတ်(၂)၊ ဗိုလ်ချုပ်လမ်းနေ (ဦးအမ်ဟာမစ်)-ဒေါ်အမာဇီတို့၏သမီး၊ (ဦးမောင်ညွန့်၊ ညွန်ကြားရေးမှူး၊စီမံ၊ငြိမ်း၊မြန်မာ့ရေနံ)-ဒေါ်ယဉ်မြသွယ်(Froza)၊ ဦးမြိုင်(ကထိက၊ ငြိမ်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)-ဒေါ်ခင်စိုးလှ (Freda)တို့၏ အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၂၄-၈-၂၀၀၃ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ မဂရာဗ်ဗ်နမာဇ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဘသန်း
အသက်(၈၆)နှစ်

အထက(၂)တာမွေ (ငြိမ်း)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၁၄၇)နေ (ဦးသက်ဖေ-ဒေါ်မယ်ပြန့်) တို့၏သား၊ ဒေါ်တင်ဥ၏ ခင်ပွန်း၊ ဦးလွင်နောင်-ဒေါ်သိန်းသိန်းအေး၊ ဒေါ်ညိုညိုဝင်း(အလက-၄၊ ရန်ကင်း)၊ (ဦးလွင်အောင်)-ဒေါ်လှလှအေး၊ ဦးလွင်မောင်(PHIH)- ဒေါ်လှလှမေ၊ ဦးထင်အောင်-ဒေါ်ညိုညိုစန်း၊ Dr. မင်းထွန်းသန့် - ဒေါ်ချိုချိုဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၉-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချေးမ(ခ)ဒေါ်ခင်ကြည်
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၈၆)၊ သရက်တော(၄)လမ်းနေ (ဦးပေါက်တူး-ဒေါ်လုံမ)တို့၏ သမီး၊ (ဦးရန်နား-ဒေါ်ကျင်စွိ)တို့၏ ချွေးမ၊ (ဦးခေတ်လှ)၏ဇနီး၊ မခင်စန်းရီ၊ (ကိုညွန့်မြိုင်)၊ ကိုမြဆွေ-မမြမြသန်း၊ မငွေငွေဦး၊ မငွေငွေရီ၊ မငွေငွေအေး၊ မောင်ကျော်ယုဆွေတို့၏ မွေးသမိခင်သည် ၂၉-၈-၂၀၀၃ရက်တွင် အာရုတော်ဝင် အထူးကုဆေးခန်းကြီး၌ ကွယ်လွန်သွားပါ၍၃၁-၈-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်အောင်
အသက်(၆၃)နှစ်

(ကုလားထိပ်ကျေးရွာ)

ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ ကုလားထိပ်ကျေးရွာနေ (ဦးသောင်းကြည်-ဒေါ်မြသိန်း)တို့၏ သား၊ ဖျာပုံမြို့နယ် ကုလားထိပ်ကျေးရွာနေ ဒေါ်မြဆန်း၏ ခင်ပွန်း၊ အမှတ်(၁၀၁)၊ (၁၈)လမ်း၊ လသာမြို့နယ်၊ရန်ကုန်မြို့နေ ကိုဇော်ကြီး-မမြင့်မြင့်သန်း၊ ဖျာပုံမြို့နယ်၊ ကုလားထိပ်ရွာနေ ကိုငွေးဝင်း-မတင်တင်အောင်၊ ကိုအေးနိုင်-မမြင့်မြင့်ဆန်း၊ ကိုငွေးမင်း၊ မောင်ထွန်းဇေယျ - မစန်းစန်းထွေး၊ မသန္တာအောင်-မောင်ငွေးအောင်တို့၏ ဖခင်၊မောင်သူရအောင်၊မောင်ရန်နိုင်ကို၊ မမြတ်ဆုအောင်၊မယမင်းသူ၊မမေဇွန်ကို၊ မဆုပိုပိုအောင်၊ မသော်ဇင်နိုင်၊မောင်ရွှေခဲတို့၏ အဘိုးသည် ၂၉-၈-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၀၃ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၁၈ လမ်း နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုထွန်းသန့်ဇင်(ခ)ထွန်းထွန်း
အသက်(၂၉)နှစ်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နေ (ဦးဟန်စိန်)-ဒေါ်မြင့်ခင်တို့၏ သားငယ်၊ သုဝဏ္ဏမြို့နေ ဦးလှမြင့်-(ဒေါ်တင်မြင့်)တို့၏ သားသမက်၊ ဦးတင်ထွေး-မအေးအေးမွန်၊ မသီသီခိုင်၊ ဦးကျော်နိုင်မိုး-မဥမ္မာ၊ မကြူကြူမာ၊ ကိုခင်ဇော်-မသူဇာတို့၏ မောင်၊ အမှတ်(၅၈၆)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နေ မခင်မာလာမြင့်၏ ခင်ပွန်း၊ မထွန်းပပဦး၏ ချစ်လှစွာသောဖခင် ကိုထွန်းသန့်ဇင်(ခ)ထွန်းထွန်းသည် ၂၈-၈-၂၀၀၃ရက်တွင် သီရိစန္ဒာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၃(စနေနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၅၈၆၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဆရာဦးစံငွေ(၆၃)နှစ်

(ပညာရေးမှူး-ငြိမ်း၊မြောက်ဥက္ကလာပ)

အထက(၃)သဃ်န်းကျွန်း ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် နှစ်ပေါင်းများစွာပညာအမွေပေးခဲ့သည့် ဆရာကြီးဦးစံငွေ(၆၃)နှစ်သည် ၂၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူကြေကွဲမိပါသည်။

ကျောင်းသား၊ကျောင်းသူဟောင်းများ(၁၉၆၄-၁၉၈၂)
အထက(၃)သဃ်န်းကျွန်း။

ဝမ်းနည်းကြေကွဲခြင်း
သီဟသုဓမ္မသိင်္ဂီ ဒေါ်မော်လီတင်(ခ)ဒေါ်ဆွေဆွေလတ်
အသက်(၅၇)နှစ်

ပြည်ပနှင့်ပြည်တွင်း မြို့ကြီး၊ မြို့ငယ်၊ ကျေးလက်မကျန် ဗုဒ္ဓသာသနာတော်အတွက် လိုအပ်သလို ဆောင်ရွက်ခဲ့သော သာသနာ့မိခင်ကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်မော်လီတင် (ခ)ဒေါ်ဆွေဆွေလတ်သည် ၁၄-၈-၂၀၀၃နေ့တွင် ကွယ်လွန်ကြောင်းသိရပါ၍ ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းရပါကြောင်း။

ဘဒ္ဒန္တ ရေဝတနှင့် ရပ်သူရွာသားများ
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ ဓမ္မိကာရုံကျောင်း
ညောင်ပင်ရွာကျေးရွာ
အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းဝင်း(၄၉)နှစ်

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း နာယကဦးတင်ဝင်းအောင်၏ညီ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းအမှုဆောင် အဖွဲ့ဝင် ဒေါ်ချောခင်ခင်၏ ဦးလေးဖြစ်သူဦးသိန်းဝင်း (G.M၊မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်)သည် ၂၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲခံစားရပါကြောင်း၊ကွယ်လွန်သူဦးသိန်းဝင်း ကောင်းရာသုဂတိရောက်စေရန် ဆုတောင်းမေတ္တာများပေးပို့အပ်ပါသည်။

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)။

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းဝင်း(၄၉)နှစ်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၏ ညီဖြစ်သူ ဦးသိန်းဝင်း(GM၊ မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်)သည် ၂၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားရပါကြောင်း၊ ကွယ်လွန်သူဦးသိန်းဝင်းကောင်းရာသုဂတိရောက်စေရန် ဆုတောင်းမေတ္တာများပေးပို့အပ်ပါသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)။

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းအောင်

ဦးထွန်းဝင်းအောင်-ဒေါက်တာဒေါ်လှလှရီတို့၏ ဖခင် ဦးသိန်းအောင် (စွန်ညီနောင် စွန်မင်းခေါက်ဆွဲ မြူစွမ်)သည် ၁၈-၈-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပုလဲဒေါ်မြတင် ကားပစ္စည်းဆိုင်မိသားစု(မန္တလေး)။

ဦးကောက်စစ်(ခ)ဦးလှကြိုင်
အသက် (၇၇)နှစ်

(မြောင်းမြ)

မြောင်းမြမြို့နယ်၊ ကွယ်လွယ်ရွာနေ (ဦးဆုံအင်-ဒေါ်ပု)တို့၏ သား၊ (ဦးဝိုးယား-ဒေါ်မယ်ဝ)တို့၏ သားသမက်၊ ဦးဟုတ်ဟို-ဒေါ်နီတို့၏ မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊အင်းဝလမ်း၊ အမှတ်(၂၈)၊ (၇)လွှာနေ ဒေါ်ညွန့်မေ၏ ခင်ပွန်း၊ဒေါ်တင်တင်လှိုင်၊ ဦးသန်းလွင်-ဒေါ်ရှုအိန်၊ ဒေါ်ရီရီတင်၊ ဦးစိန်သန်း၊ ဒေါ်မိုးမိုးခင်၊ ဒေါ်ကြည်ကြည်ခင်(လ/ထ ကထိက၊ ရက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးအောင်ပို-ဒေါ်စိုးစိုး၊ ဦးထိန်လင်း-ဒေါ်မြတ်မြတ်ကြိုင်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၈-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၃၀-၈-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဆရာမနော်ဖဲထူး(၅၉)နှစ်

အထက(၅)(ငြိမ်း)တောင်ငူမြို့

မြစ်ကြီးနားမြို့နေ (သိက္ခာတော်ရ ဆရာတော် ဦးသာထူး-ဒေါ်နော်စိန်ခ)တို့၏ သမီး၊ (သိက္ခာတော်ရ ဆရာဦးစောအောလေ - ဒေါ်နော်အဲလစ်စဘက်)တို့၏ သမီးချွေးမ၊ တောင်ငူမြို့ မင်းကြီးညိုရပ်ကွက်၊ နန္ဒသီဟလမ်း၊ အိမ်အမှတ်(၆၂၅)နေ ဦးစောထူးဝါး သံတောင်မြို့နယ်၊စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း)၏ ဇနီး၊ နော်ဘွေဝါး(မြန်မာနှစ်ခြင်းအဖွဲ့ချုပ်၊ ပဲခူးသာသနာနယ်)၊ စောဘလုထူး-နော်အယ်နီထာ(သူနာပြု ဆရာမ၊ ပျဉ်းမနားပြည်သူ့ဆေးရုံ)၊ စောစေးဝါး၊ စောရှုမိုးအေးလ-နော်ရီစီမောင်တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွား ဆရာမနော်ဖဲထူးသည် ၂၉-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် တောင်ငူနှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ဗောဓိသာရ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးသန်းညွန့်
အသက်(၇၈)နှစ်

ပ-အရာခံဗိုလ်(ငြိမ်း)
မြို့နယ်စစ်မှုထမ်းဟောင်း(ဒု-ဥက္ကဋ္ဌ)
မြို့သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
(ပျော်ဘွယ်မြို့)

ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်၊ နတ်မောက်ရန်အောင်လမ်း၊ အမှတ်(၁၀၅)နေ ဒေါ်စန်းငွေ၏ ခင်ပွန်း၊ ဦးဘုန်းမြင့်ဦး (MPE)-ဒေါ်သီတာ(ရန်ကုန်)၊ ဦးကျော်ကျော်-ဒေါ်ယုယု(ကုန်သည်၊တာချီလိတ်)၊ တပ်ခွဲတပ်ကြပ်ကြီးအောင်ငွေး-ဒေါ်ခင်သန့်ဇင်(ပုသိမ်)၊ ဦးအောင်ဇော်မိုး-ဒေါ်ခင်သန့်မော်(ကုန်သည်) တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး ဦးသန်းညွန့်သည် ၂၀-၈-၂၀၀၃ရက်တွင် ကွယ်လွန်၍ ၂၂-၈-၂၀၀၃ရက်တွင် ပျော်ဘွယ်မြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးကြောင်းနှင့် ဈာပနကိစ္စအဝဝ ဆွမ်းကျွေးတရားနာယူရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဝင်းမြင့်(ဗဟိုစည်)
အသက်(၇၁)နှစ်

တကက(ငြိမ်း)(သတင်းတပ်ဖွဲ့)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အကျဉ်းဦးစီးဌာန၊ ရွှေဝါထွန်းလိုင်း၊ လိုင်း(၁)၊ အခန်း(၃)နေ (ဦးထွန်းတင်-ဒေါ်လှရှင်)တို့၏ သား၊ (ဒေါ်ရင်နု)၏ ခင်ပွန်း၊ (ဦးပေါ်စု)၏ ညီ၊ (ဒေါ်စိန်မှတ်)၊ ဦးမြင့်ဆွေ၊ ဒေါ်တင်ဝင်းတို့၏ အစ်ကို၊ ရဲအုပ်ဝင်းမောင်(သတင်းတပ်ဖွဲ့)-မရီရီထွေး၊ ကိုစန်းအေး၊ မခင်သန်းမြင့်၊ တပ်ကြပ်ကိုကိုအောင်(အကျဉ်းဦးစီး)-မခင်သန်းဆင့်၊ ကိုအောင်မင်း-မသီတာတို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၉-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အကျဉ်းဦးစီးနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးပုညစာရ(ခ)
ဦးမောင်မောင်ကြည်
သိက္ခာတော်(၅၀)ဝါ၊
သက်တော်(၇၄)နှစ်

(ထန်းတပင်မြို့နယ်၊ လှည်းဆိပ်ကျေးရွာ)
(အောင်မိမာန်ကျောင်းတိုက်၊ ကျိုက်ဝိုင်း)

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ်ကျေးရွာနေ(ဦးအုန်းဖေ-ဒေါ်ငွေလှ)တို့၏ သား၊ (ဦးဖိုးရှန်း-ဒေါ်သေးတင်)တို့၏ သားသမက်၊ (ဦးမောင်ပု-ဒေါ်စိန်မြ)၊ (ဦးစောလှိုင်)-ဒေါ်နုနုရီ၊ (ဦးစောရွှေ)-ဒေါ်ကျင်လှ၊ ဦးမောင်မောင်အေး-ဒေါ်တင်အေး၊ (ဦးတင်လှိုင်)၊ ဒေါ်ရှောင်၊ ဦးစိုးမောင်-ဒေါ်ရွှေ၊ ကိုဘော်စန်း-(ဒေါ်မနုန်း)တို့၏ ညီ/မောင်၊ [ဒေါ်ကြည်(ခ)ဒေါ်တော]၏ ခင်ပွန်း၊ ဦးကျော်ကျော်လှိုင် - ဒေါ်စန်းစန်းအေး (တပ်မတော်အထည်ချုပ်စက်ရုံ)၊ မတင်ငွေး (ရွှေဇင်အေး)၊ ဦးဖုန်းမြင့်(တကၠ၊ ယာဉ်ထိန်းကြိုးမဲ့) - ဒေါ်ခင်ဝင်းမာ၊ ဦးအောင်သူ - ဒေါ်ခင်သက်မူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးပုညစာရ(ခ) ဦးမောင်မောင်ကြည်သည် (၁၃၆၅ခုနှစ်၊ တော်သလင်းလဆန်း ၁ရက်) ၂၇-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စော (၇၅)နှစ်

(ခရမ်း)

ရန်ကုန်တိုင်း၊ခရမ်းမြို့နေ (ဦးစိုးဝင်း-ဒေါ်သဲညွန့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၃)လမ်း၊ အမှတ်(၁၂၈)နေ (ဦးသိန်းရွှေ)၏ ဇနီး၊ ဦးကျင်ထွန်း-(ဒေါ်ခင်ဆွေဦး)၊ ဦးမြင့်ကို-ဒေါ်မြကြည်၊ ဦးသန်းအောင်-ဒေါ်ခင်သန်းဦး၊ ဦးအေးကို-ဒေါ်စန်းစန်းတင့်၊ မမူမူအေး၊ ကိုစောသိန်းဝင်း-မမြင့်မြင့်ကြူ၊ မောင်သက်နိုင်၊ မောင်မင်းဆွေတို့၏ မွေးသမိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၆-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်သိန်းမေ(၇၂)နှစ်

(ရမ်းဗြဲ)

ရမ်းဗြဲမြို့၊ပုလုပ်တောင်ရပ်နေ (ဦးပေါ်ထွန်းဦး-ဒေါ်နှင်းခိုင်)တို့၏သမီး၊ အမှတ်(၅၂)၊ လမ်း(၁၃၀)နေ ဦးကျော်သင်း (အငြိမ်းစား၊ အထက-၂၊အလုံ) ၏ ချစ်လှစွာသောဇနီး၊ ဦးကျော်လွင်သိန်း၊ (ဦးကျော်မြင့်သိန်း)၊ ဒေါ်မိမိ၊ ဒေါ်ခင်မေသင်း(အလက-၂၊ဒဂုံ)၊ ဦးကျော်ခိုင် (ရေနံ/ဓာတု)၊ ဒေါ်မေသင်းကြူ(အထက-၆၊မင်္ဂလာတောင်ညွန့်)၊ ဦးကျော်ယဉ်သိန်း၊ ဒေါ်နီလာစိုးတို့၏ ချစ်လှစွာသောမိခင်၊ မသဇင်သင်း၊ မသန္တာကျော်၊ မောင်ဟိန်းပြည့်စုံကျော်၊ မသင်းအိန္ဒြာကျော်တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်သိန်းမေသည် ၂၈-၈-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၉-၈-၂၀၀၃ရက်တွင် ရေဝေးမွတ်စလင်ဥယျာဉ်၌ သင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်လှရီ(၇၂)နှစ်

(မအူပင်မြို့နယ်၊ ကျွဲဒုံးရွာ)

ကွယ်လွန်သူဦးကြီးမြင့်၏ ဇနီး ဒေါ်လှရီသည်၂၉-၈-၂၀၀၃(သောကြာနေ့) မွန်းလွဲ၁၂:၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျွဲဒုံးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဆရာမမေစန်း(ခ)
ဒေါ်ခင်စန်းစန်းရီ(၄၅)နှစ်

(Star Kids၊ မူကြို)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၈)လမ်း၊ အမှတ်(၄၂)နေ (ဦးသိန်းမောင်-ဒေါ်အုန်းပွင့်)တို့၏ သမီး၊ ဦးအောင်မြင့်(သိပ္ပံအောင်မြင့်)-ဒေါ်အေးမြင့်၊ ဒေါ်ခင်နွဲ့-ဦးစိန်လင်း၊ ဦးလှအောင်-ဒေါ်အေးမြင့်၊ ဦးတင်အောင်-ဒေါ်စန်းစန်းမြင့်၊ ဦးအေးကို-ဒေါ်မကြီး၊ ဦးမြင့်ဆွေ-ဒေါ်စန်း၊ဦးတင့်ရွှေ-ဒေါ်ဥမ္မာမြင့်၊ (ဒေါ်တင်တင်မူ)-ဦးကျော်သန်း၊ ဒေါ်ခင်မာမာကြည်၊ ဒေါ်ခင်မာမာရီ-ဦးသိန်းထွန်းအောင်တို့၏ ချစ်လှစွာသောညီမ၊ ဒေါ်ခင်အေးအေးရီ-ဦးသိန်းဝင်း၊ ဒေါ်ခင်မြမြရီ - ဦးခင်မောင်ဦးတို့၏ ချစ်လှစွာသောအစ်မသည် ၂၉-၈-၂၀၀၃ ရက်တွင် မဟာမြိုင်အထူးကု ဆေးခန်း၌ ကွယ်လွန်ပါ၍၃၁-၈-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းကြည် (၇၅)နှစ်

(ဘိုကလေး)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၀၈)၊ မြေညီထပ်နေ(ဦးသန်းရွှေ-ဒေါ်မမလေး)တို့၏ သမီးကြီး၊ ဒေါ်တင်ကြည်၊ ဒေါ်စန်း၊ ဦးဝင်းမောင်(ဆလရ-ငြိမ်း)တို့၏ အစ်မကြီး၊ (ဦးသောင်းညွန့်-လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်၊ဘိုကလေး) ၏ဇနီး၊ ဒေါ်ညွန့်ညွန့်ကြည်(မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၊ ဦးတင်ဝင်းအောင်-ဒေါ်နီနီမြင့်(တရားရုံးချုပ်ရှေ့နေများ)၊ ဦးရွှေလေးအောင် (First Mate၊ FG)-ဒေါက်တာချိုမာထွေး၊ ဒုတိယဗိုလ်မှူးကြီးကြည်သိန်း-ဒေါ်ဖြူဖြူဝင်း(လယ်ပြ-ငြိမ်း)၊ ဒေါ်ကြူကြူသင်း၊ ဦးကိုင်ထွန်းအောင်-ဒေါ်ခင်သန်းဦး၊ (ဦးကျော်ကျော်-စစစ)-ဒေါ်နီနီဝင်း(စုံစမ်းစစ်ဆေးရေးမှူး-စစစ)၊ ဗိုလ်မှူးဇော်ထွန်းအောင်(ဒုတပ်ရင်းမှူး)-ဒေါ်ကလျာစိုး၊ ဦးမိုးဇော်အောင်၊ ဦးစိုးဇော်အောင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး၁၀ယောက်တို့၏ အဘွားသည်၂၇-၈-၂၀၀၃ရက် ည ၇:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ငွေ (၅၆)နှစ်
(B.A)

လက်ထောက်စာတွဲခန်းမှူး၊ ငြိမ်း၊ အစိုးရအဖွဲ့ရုံး
(ပျဉ်းမကန်၊ ကျိုက္ကဆံ/ဗဟန်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်နေ (ဦးအောင်သိန်း-ဒေါ်သိန်းမေ)တို့၏ သား၊ (ဦးဘလှိုင်-ဒေါ်အုံးရင်)တို့၏ သားသမက်၊ (ဦးမောင်မောင်ရွှေ)-ဒေါ်မြမြငွေး(ဟသ်္သာတဆေးတိုက်)၊ ဦးမြင့်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ စစစ)-ဒေါ်ရီရီလှိုင်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၈၉)နေ ဒေါ်တင်အေး(အလက-၁၊ပုဇွန်တောင်၊ငြိမ်း)၏ ခင်ပွန်း၊ ဗိုလ်မှူးဇော်ဝင်းအောင်(တဆရ-၃/၃၀၀)-ဒေါ်မိုးမိုးလွင်တို့၏ ဖခင်၊ ဦးမောင်ညွန့်-ဒေါ်ခင်ဖုန်းဆင့်၊ ဦးကောင်းစံ(Alcon Co.,Ltd)-ဒေါက်တာဒေါ်ခင်နီလာ၊မဝင်းဝင်းရွှေတို့၏ ဦးလေး၊မဆုမြတ်ဖြူ(Xအထက-၂၊ဗိုလ်တထောင်)၊ မဖြိုးအိအိအောင်(IV၊အထက-၂၊ဗိုလ်တထောင်)၊ မမေသူမြတ်နိုးတို့၏ အဘိုး ဦးတင်ငွေသည် ၂၈-၈-၂၀၀၃ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၃(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီနှင့် အထက်ပါဆေးရုံကြီးမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကျော်စွာဝင်း(ခ) တရုတ်ကြီး
အသက် (၂၉)နှစ်
B.A (Phillo)

ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာနေ ဦးဇော်ဝင်း-ဒေါ်ခင်မာဝေတို့၏သား၊ ရန်ကုန်မြို့နေ ဦးဉာဏ်ထွန်း-ဒေါ်ညွန့်ညွန့်ဝင်း၊ မြစ်ကြီးနားမြို့နေ ဦးစိုးနိုင်-ဒေါ်ခင်မာဆွေတို့၏တူ၊ ကိုအောင်စိမ်းလင်း-မနွယ်နီဝင်း(ဘူမိဗေဒ၊ မုံရွာတက္ကသိုလ်)၊ ဗိုလ်ကြီးအောင်အောင်-ဗိုလ်ရွှယ်ရွှယ်ထွန်းတို့၏မောင်၊ ကိုသန့်ဇင်-မချယ်ရီဝင်း(ပရိဘောဂ၊ မုံရွာ)၊ ဗိုလ်လောင်းဝေယံဟိန်း(ပြင်ဦးလွင်)၊ မစန္ဒီဇော်ဝင်းတို့၏ အစ်ကို မောင်ကျော်စွာဝင်း(ခ) တရုတ်ကြီးသည် ၁-၈-၂၀၀၃ရက်တွင် မြစ်ကြီးနားမြို့၌ ရုတ်တရက်ကွယ်လွန်သွားပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမကြီး

ဒေါ်ငွေသိုက်(၉၃)နှစ်

(ဖျာပုံ)

ဖျာပုံမြို့နေ (ဦးစံလူ-ဒေါ်မယ်တောင်)တို့၏သမီး၊ အမှတ်(၄၉) B-ပထမထပ်၊ မြေနီကုန်းဈေးလမ်းနေ ကျောင်းအုပ်ဆရာကြီး(ငြိမ်း)ဦးမောင်မောင်၏ ဇနီး၊ ဦးမျိုးသန့်-ဒေါ်အေးသန်း၊ ဦးကျော်တင်(ဒု-ထွေ/ကျာ(ငြိမ်း)MAS) -ဒေါ်လှလှရီ၊ ဦးထွန်းအောင်(ခေတ္တ-USA)၊ ဦးစိန်ဝင်း-ဒေါ်နန်းမိုခမ်း၊ ဒေါ်နီနီမာတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးမိခင်၊မြေးရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၈-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ၂:၁၅နာရီတွင် ကွယ်လွန်ပါ၍ ၃၀-၈-၂၀၀၃(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းထွန်း(၅၄)နှစ်

(တောင်ကုတ်မြို့၊ပန်းထော်ကျွန်း)

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်(၉၄)နေ (ဦးမောင်မောင်ကြီး)-ဒေါ်ပုဇွန်တို့၏သား၊ (မသန်းရီ)၏မောင် ဦးသန်းထွန်းသည် ၂၅-၈-၂၀၀၃ရက် ညနေ ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၃ရက်တွင် ထားဝယ်ချောင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ဒါယိကာမကြီး

ဒေါ်ခင်ကြည်(၈၅)နှစ်

(၁၃၁-ဘီရုံ)သိမ်ကြီးဈေး
(ရွှေတောင်မော်)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် အမှတ်(၇၂/၁၁)လမ်း၊ (ပ)ထပ်နေ (ဦးမောင်တင်-ဒေါ်ငွေစု)တို့၏ သမီးကြီး၊ (ဦးငယ်)-ဒေါ်လှမြိုင်၊ (ဒေါ်အေးရင်)၊ (ဒေါ်သန်းမြင့်)၊ ဦးအောင်ကြည်-(ဒေါ်ခင်ခင်လတ်)တို့၏ အစ်မကြီး၊ တူ၊ တူမခုနစ်ယောက်တို့၏ ချစ်လှစွာသော ကြီးကြီးဒေါ်ခင်ကြည်သည် ၂၉-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးချစ်ဝင်း(၅၆)နှစ်

အသင်းဝင်အမှတ်(၄၆၄)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊မိဂသီ(၂၁)လမ်း၊ အမှတ်(၁၈၃/ခ)နေ ဒေါ်တင်တင်ငွေး၏ ခင်ပွန်း ဦးချစ်ဝင်းသည် ၂၉-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၃၁-၈-၂၀၀၃ ရက်မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက်၁၀:၃၀နာရီထွက်မည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးနေဝင်းမောင်(ခ)ကိုတာ
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၆၈)၊သမ္မာဓိဋ္ဌိလမ်း၊မလွှကုန်း၊ ငွေကြယ်(က)ရပ်ကွက်နေ (ဦးထွန်းမြ)-ဒေါ်ရီရီဝင်းတို့၏သား၊ ထားဝယ်မြို့၊ နီဗ္ဗာန်လမ်း၊ အိုးလုပ်ရပ်နေ ဦးကြီးရွှေ-ဒေါ်လှညွန့်တို့၏ သားသမက်၊ ဦးစိုးမြတ်ထွဋ်-ဒေါ်မိမိအောင်မြင့်၊ ဦးဝဏ္ဏ-ဒေါ်ညိုမိမြင့်တို့၏ ညီ၊ ဦးစိုးသိန်းအောင်-ဒေါ်ဖြူဖြူဝင်း၊ဒေါ်ညိုညိုဝင်းတို့၏အစ်ကို၊ဒေါ်ဝင်းဝင်းသန်း၏ခင်ပွန်း၊ မောင်နေလင်းမောင်၊ မပြည့်ဖြိုးမွန် (VIII-L၊ အထက-၁၊ ဒဂုံ)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ တူ၊တူမ လေးယောက်တို့၏ ဦးလေးသည် Green Crossဆေးခန်းတွင် ၂၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ ပုဂ္ဂလိကများ ပါဝင်ကူညီမှု အလွန်ထိရောက်
ကျန်းမာရေး၊ ပညာရေးဒါနများသည် ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းသော မွန်မြတ်သည့်ဒါနများဖြစ်
ပြည်သူများ ပူးပေါင်းပါဝင်မှုကြောင့် နိုင်ငံတော်၌ ပိုလီယိုနှင့်အနာကြီးရောဂါများ ကင်းရှင်းပပျောက်
ပညာရေးကဏ္ဍ၌ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး၊ စာမတတ်သူပပျောက်ရေး တိုးချဲ့နိုင်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုနယ်မြေရှိ ဖက်စပ်စက်ရုံများမှ စုပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့သို့ SARS ရောဂါရှာဖွေရေး အဖျားတိုင်းတာစစ်ဆေးသည့်ကင်မရာ (Infrared Fever Screening System)နှင့် ဆက်စပ်ပစ္စည်းများ၊ အလှူငွေများနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ညီ့ဂေဟာ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ꩜

လွှဲပြောင်းပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အမေရိကန်ဒေါ်လာ တစ်သောင်းကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပွဲ ဘဏ္ဍာ/အခွန်က ဂိုးပြတ်ဖြင့် နိုင်

သတင်းဆောင်းပါး - ညီညီစိုးညွန့်၊ ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲအဖြစ် (ဃ)အုပ်စုမှ သတ္တုတွင်းအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း လေးဂိုး။
(ကျော်သူရ နှစ်ဂိုး၊ စိုးမြတ်မင်းနှင့် မျိုးလှိုင်ဝင်း တစ်ဂိုးစီ)
သတ္တုတွင်းအသင်း ဂိုးမရှိ။
အကောင်းဆုံးဆု ကျော်သူရ (ဘဏ္ဍာ/အခွန်)။
ဒိုင်လူကြီး ဦးသိန်းမြိုင်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းမှာ ပထမတန်းမှ တက်လာသည့် သတ္တုတွင်းအသင်းကို ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ခြေစွမ်းမှာ အကောင်းကြီးမဟုတ်ခဲ့ပေ။ ယခုထက် ဂိုးပြတ်နိုင်စွမ်းရှိသော်လည်း တိုက်စစ်၌ အပေးအယူလုပ်ရာတွင် မတိကျခြင်း၊ ဖန်တီးပေးမှု၌ အနည်းငယ်လိုနေခြင်း၊ သတ္တုတွင်းက ခံစစ်ကို ဦးစားပေးကစားခဲ့သောကြောင့် နာမည်ကြီး ဘဏ္ဍာ/အခွန် ဂိုးများ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

သတင်းဆောင်းပါး အညွန်း

အင်္ဂါဂြိုဟ်သည် နှစ်ပေါင်းခြောက်သောင်းအတွင်း ကမ္ဘာနှင့်အနီးဆုံးအနေအထားမှ ဖြတ်သန်းသွားသည်။
(နိုင်ငံတကာသတင်းများ၊ စာ-၃၊ ၄၊ ၅)

WTO ရဲ့ နိုင်ငံတကာ လွတ်လပ်စွာ ကုန်သွယ်ရေးကို ချိုးဖောက်၊ နိုင်ငံတကာကျင့်ဝတ်စည်းကမ်းတွေ၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမှုတွေကို ကျော်လွန်ပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့တယ်ဆိုတာ တရားလက်လွတ် ဆောင်ရွက်တာပဲလို့ သုံးသပ်ရမှာဖြစ်။ [ခြင်ကျား(မအူပင်)၏ ဆောင်းပါး၊ စာ-၆]

လည်ဆစ်ရိုး ကျီးပေါင်းတက်ရောဂါနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ သိကောင်းစရာများ။
[တင်ထွဋ်(အစိုးရ တိုင်းရင်းဆေး)၏ ဆောင်းပါး၊ စာ-၇]

မန္တလေးရွှေမြို့တော်နှင့် ယဉ်ကျေးမှုအမွေပုဂံမြေ ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေသည့်

မန္တလေး-တံတားဦး-မြို့သာ- မြင်းခြံ-ပုဂံညောင်ဦးလမ်း

သတင်းဆောင်းပါး - စိန်ရွှေလှိုင်

ရန်ကုန် ဩဂုတ် ၂၉

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ဖောင်းကတော ရေလှောင်တမံဖွင့်ပွဲနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ညောင်ဦး-မြင်းခြံ-မြို့သာ-တံတားဦးလမ်း ကြည့်ရှုစစ်ဆေးသည့် သတင်းဖတ်ရှုမိရာ အခေါက်ခေါက်အခါခါ သွားခဲ့သော မွေးရပ်ချက်ကြွေ နဘူးအိုင်မြေလမ်းကို ပြန်လည်မြင်ယောင်လာမိသည်။

ပုဂံ-ညောင်ဦးနယ်မြေတွင် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်နေသည့် ရေရရှိရေးလုပ်ငန်း သွားရောက်လေ့လာခဲ့သော ခရီးစဉ်ကိုလည်း သတိရမိသည်။

ဇာတိမြေ

မွေးရပ်ချက်ကြွေဇာတိမြေ နဘူးအိုင်ကျေးရွာသည် မြင်းခြံမြို့နယ်တွင် တည်ရှိသည်။ မြင်းခြံမြို့နှင့် ၁၉ မိုင် ခြောက်ဖာလုံကွာဝေးပြီး ငါန်းဇွန်မြို့နယ် မြို့သာနှင့် ၁၃ မိုင် ကွာဝေးသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❀

ဘဏ္ဍာ/အခွန်အသင်းမှ စိုးမြတ်မင်း သတ္တုတွင်းဂိုးသမား ထွန်းဇော်ဝင်းကို ကျော်ဖြတ် ဂိုးသွင်းနေစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)